
www.burmeseclassic.com



# မယ်မင်းဘုံ

အမုန်းကမ်းရိုးတန်းတစ်လျှောက်၌...

ရင်ခုန်သံလှိုင်းကြီးနေသည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


# မယ်မြင်းဘုံ

အမုန်းကမ်းရိုးတန်းတစ်လျှောက်၌
ရင်ခုန်သံလှိုင်းကြီးနေသည်

BURMESE CLASSIC .com

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



# ၁

သူ့ရဲ့ပခုံးတစ်ဖက်ကို ခပ်ဖွဖွ ကိုင်ဆုပ်လာသော လက်တစ်ဖက်ကို သတိထားမိသွားသောအခါ သူက သက်ပြင်း တစ်ချက်ချ၍ မျက်နှာကို တစ်ဖက်သို့ လွှဲသွားသည်။ သူ့ရဲ့မျက်နှာ လွှဲသွားခြင်းကို အကြီးအကျယ် မခံစားနိုင်စွာဖြင့် သူ့ပခုံးကို ခပ် ဖွဖွ လှုပ်ယမ်းကာ သူ့မျက်နှာကို ယစ်မူးစွာ ငေးစိုက်ကြည့်ကာ ခပ်တိုးတိုးလေး မေးလေသည်။

"မောင် ... မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ"

အဲဒီစကားဟာ သူ့နားထဲမှာ ပျားရည်မြစ်တစ်စင်း ဖြတ်ဆင်းသွားသလိုကို ခံစားလိုက်ရပေသည်။ သူသည် အဲဒီမေး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခွန်းကို မဖြေသေးဘဲ မျက်နှာကိုသာ တစ်ဖက်သို့လွှဲနေလျှင် သူ့ရဲ့မေးဖျားကို ကြင်နာစွာ ဖျစ်ညှစ်၍ ...

"ဒီကိုကြည့်ပါဦး မောင်ရဲ့၊ မောင် ဘာဖြစ်လာတာလဲဟင်၊ အခုလို ဘာစကားမှ မပြောဘဲ မျက်နှာလွှဲပြီးတော့ မနေပါနဲ့ မောင်ရယ် ... နော်"

ချွဲနွဲ့ချော့မြူသော စကားတစ်ခုကို ကြားရပြီးနောက်မှာတော့ သူက သူမရဲ့မျက်လုံးတွေကို စူးစိုက်နက်ရှိုင်းစွာကြည့်လိုက်လျှင် သူမက မနေတတ်စွာ မျက်လွှာချသွားလျှင် သူက အဲဒီအပြုအမူလေးကို တစိမ့်စိမ့် ခံစားကြည့်ကာ အသာပြုံးလိုက်ရင်း သူမရဲ့လက်တွေကို နွေးထွေးစွာ ဆုပ်ကိုင်လိုက်ရင်း စကားစပြောလိုက်သည်။

"မ,ကို ချစ်တဲ့အကြောင်းတွေပြောဖို့ စကားလုံးတွေအပြည့် ကိုယ့်မှာ ရှိနေပေမယ့် ရင်ခံစရာကိစ္စတစ်ခု ဖြစ်နေလို့ ကိုယ်မပြောတာပါကွာ၊ ကိုယ့်ကို အထင်မလွဲပါနဲ့နော်"

"မောင့်မှာ ဘာပြဿနာတွေ ရှိနေလို့လဲဟင်၊ မောင်ရယ် ကျေးဇူးပြုပြီး မ,အပေါ်ကို ပွင့်လင်းစမ်းပါ၊ မောင်က မ,ကိုဆို သိပ်စိမ်းတာပဲ"





သူက သူမရဲ့လက်တွေကို ဆုပ်ကိုင်ထားရာက လွှတ်ပေးလိုက်ကာ မှတ်တတ်ထရပ်လိုက်ပြီး သူမကို ကျောခိုင်းကာ ပြောလိုက်သည်။

"ကိုယ့်ကို စိမ်းတယ်လို့ သတ်မှတ်ချင်လည်း ရပါတယ်၊ ကိုယ့်ရဲ့မပွင့်လင်းမှုက မ,ကိုပိုပျော်ရွှင်စေမယ်လို့ ကိုယ်က အကြွင်းမရှိ သတ်မှတ်တဲ့အတွက် ကိုယ့်ကို စိမ်းတယ်လို့ မ,က သတ်မှတ်ရင်လည်း ကိုယ် ကျေနပ်ပါတယ်"

သူ့စကားကြောင့် သူမက ချက်ချင်းထ,ရပ်ကာ သူနှင့် မျက်နှာချင်းဆိုင်မှာရပ်ကာ သူ့မျက်လုံးတွေကို ရီဝေစွာကြည့်၍ သူ့လက်တွေကို ဆုပ်ကိုင်ကာ ...

"မောင့်ရဲ့ပွင့်လင်းမှုကသာ မ,တို့နှစ်ယောက်ကို ပိုနီးကပ်သွားစေမှာပါ မောင်၊ အေးအတူ ပူအမျှဆိုတဲ့ စကားကို မောင် ဘယ်ချောင်မှာ ထိုးထားတာလဲ၊ မ,ကို မောင့်ခံစားချက်တွေ ပြောပြသင့်တာပေါ့"

"မ,ရယ် ... ကိုယ့်ကြောင့် ခံစားသွားရမယ့် အဖြစ်မျိုးကို ကိုယ် မလိုလားဘူး၊ မ,ကို ကိုယ့်အချစ်တွေနဲ့ ခမ်းနားတင့်တယ်စေချင်တယ်၊ ဒါ့ပေမဲ့ အခုတော့ မ,ဟာ ကိုယ့်အချစ်ကြောင့် ဂုဏ်ငယ်နေရတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်တွေ ကွဲတော့မယ် မ,ရဲ့၊ ကိုယ့်ကြောင့် သိက္ခာတွေကျနေရှာတဲ့ မ,ကို ကိုယ်က ကိုယ့်ရဲ့ဒုက္ခတွေသာ ထပ်တင်ပြရမယ်ဆိုရင် ကိုယ် ဘာကောင်ဖြစ်သွားမလဲ မ, စဉ်းစားကြည့်စမ်း၊ ကိုယ့်ကြောင့်တော့ ကိုယ့်ချစ်သူ မ,ဟာ ဂုဏ်မငယ်စေရဘူး”

သူက ခံစားချက်အပြည့်ဖြင့် နင့်သီးစွာ ပြောလိုက်လျှင် သူမက မျက်ရည်တွေ ကျလာကာ သူ့ပခုံး၌ ဦးခေါင်းလေး ကိုမှီနွဲ့ကာ သူ့ရှပ်အင်္ကျီ ကော်လာစကို တို့ထိဆော့ကစားရင်း ...

“မောင်ရယ် ... ပတ်ဝန်းကျင်ကို မောင် ဘာလို့ ဂရုစိုက်နေရတာလဲကွယ်၊ မ,ဘာကိုမှ ဂရုမစိုက်ဘူး မောင်၊ မ,ကတော့ မောင့်တစ်မျက်နှာကိုပဲ ကြည့်တယ်၊ မောင့်စကားတွေပဲ ကြားတယ် ...

မောင် အခု ဘာဖြစ်လာတာလဲဟင်၊ မ,ကို ချစ်တယ် ဆိုရင် ပြောပါ မောင်ရယ်၊ မောင် မပြောဘူး ဆိုရင်တော့ မ,ကို မချစ်ဘူးလို့ သတ်မှတ်လိုက်မယ်”

သူမက အပြတ်သားဆုံး ဆိုလိုက်လျှင် သူက အံရမ်းကို ထိတ်လန့်သွားကာ မ,ရဲ့ပခုံးသားကို ခပ်ကြမ်းကြမ်း လှုပ်ယမ်းကာ ...





“ကိုယ် မ,ကို အရမ်းချစ်တာပါ မ,ရယ်၊ မ, သိချင်တယ် ဆိုမှတော့ ကိုယ် ပြောရတာပေါ့၊ ကိုယ်က မ,သိချင်တယ် ဆိုလို့ ပြောပြရုံသက်သက်နော်၊ တခြား ဘာ colour မှ မပါဘူး”

“အင်းပါ မောင်ရဲ့ ပြောပါ”

သူမက လိုချင်တာ ရသွားသော ကလေးတစ်ယောက် သဖွယ် ကြည်နူးစွာပြုံးကာ သူ့အပြောကို စောင့်နေသည်။ သူက လည်း ပြောမထွက်ရက်စွာ သူမမျက်နှာကိုပဲ ငေးကြည့်နေလျှင် သူမက စိတ်မရှည်ဟန်ဖြင့် ပြောလေကွာဟု ဆူသလိုလေးပြောမှ သူက ခေါင်းတစ်ချက်ဆတ်ကာ အဖြစ်အပျက်တို့ကို ပြောပြလိုက်သည်။

“ဒီလိုပါ မ, ... ပြီးခဲ့တဲ့ နှစ်ရက်က ကိုယ် မ,နဲ့တွေ့ပြီး အပြန်မှာ accident တစ်ခု ဖြစ်ခဲ့တယ်”

“ဟင် ... accident (အက်စီးဒင့်) ဟုတ်လား ... မောင်၊ မောင် ဘာဖြစ်သွားသေးလဲ”

အရမ်းကို စိုးရိမ်ပူပန်သွားသော သူမရဲ့ပုံစံကိုကြည့်ပြီး သူက သက်ပြင်း မသိမသာချကာ သူမရဲ့ပခုံးကို ခပ်ဖွဖွဆုပ်ကိုင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဘာမှမဖြစ်ပါဘူး မ, ... ဒါပေမဲ့ တစ်ဖက်ကားကတော့ တော်တော်ဖြစ်သွားတယ်၊ ကိုယ့်အမှားပါ၊ ကိုယ်က မ,အကြောင်းကို ကားမောင်းရင်း စဉ်းစားသွားတော့ ရှေ့ကားကို မမြင်ဘဲ တိုက်မိသွားတာ၊ တစ်ဖက်ကားလည်း တော်တော်ထိတယ်၊ ကိုယ့်ကား မီးခွက်တွေလည်း ကွဲသွားတယ်၊ ရှေ့ဘန်ပါလည်း လုံးဝချိုင့်သွားတယ် ...

ကားကားချင်း တိုက်မိတာက ဘာအရေးလဲ မ,ရယ်၊ ကိုယ်အဆင်ပြေအောင် ညှိလုပ်လို့ ရတာပေါ့၊ ခုဟာက ဟိုဘက်က လူပါထိတာ၊ သူတို့က အမှုမဖွင့်ပေမယ့် ကိုယ့်ကို အကြပ်ကိုင်တယ် ...

ဒီကိစ္စမှာ ကိုယ်မှားတယ် ဆိုတာ အသိသာကြီးဖြစ်တဲ့အတွက် ကိုယ့်ကို အမှုဖွင့်တာနဲ့ ကိုယ် ဝင်ရမှာစဲ့၊ လူလည်းထိထားတယ်၊ ကားလည်း ပျက်စီးသွားတဲ့အတွက် သူတို့ကတော့ လုံးဝမကျေနပ်ဘူးတဲ့၊ ဒါပေမဲ့ ဒီကိစ္စကို ချော်ပေးစေချင်ရင်တော့ လျော်ကြေးအနေနဲ့ သိန်း(၈၀)ပေးရင် ကျေအေးပေးမယ်တဲ့ မ,ရယ်၊ ဒါ သက်သက်မဲ့ ငွေညှစ်တာကွ၊ အဲဒါကြောင့် ကိုယ် ခံပြင်းနေတာ"





သူ့စကားဆုံးသောအခါ သူမက တော်ပါသေးရဲ့ဆိုပြီး ရင်ဘတ်အသာဖိကာ သူ့ကို ကြည်လင်စွာ ပြုံးကြည့်၍ ...

"မောင်ရယ် ... ဒီကိစ္စကို ဒီငွေလောက်နဲ့ ကျေအေးပေးမယ်ဆိုတာ ကံကောင်းတာပေါ့"

"ဘာ ... ဘယ်လို မ,၊ ဒါ ကံကောင်းတယ် ဟုတ်လား၊ ပြီးတော့ ဒီငွေလောက်နဲ့ ...၊ အေးလေ ... မ,တို့အတွက်ကတော့ ဒီငွေပမာဏက အသေးအဖွဲ့ပေမယ့် ကိုယ့်အတွက်ကျတော့ ကြီးသွားပြီကွ၊ ကိုယ် ရှာဖွေထားတဲ့ ငွေတွေကို လျော်ကြေးဆိုပြီး အောပေးလိုက်ရမှာလား ...

အလျော်အစားက သိပ်ကြီးတယ် မ,ရဲ့"

သူက တန့်နှံ့ဖြင့် ဒေါသတွေကြီးကာ ပြောနေလျှင် သူမကတော့ သူ့ကို အသာပြုံးကြည့်နေကာ တစိမ့်စိမ့်ငေးနေလိုက်သည်။ ကြည့်စမ်း ... ဘယ်လောက်များ ချစ်စရာကောင်းလိုက်သလဲလို့။

သူမရဲ့ဘဝမှာ မောင်ဟာ ဒီလောက်ထိ လွှမ်းမိုးနိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ သူမထင်မိခဲ့ပေ။ ကြွပ်ဆတ်ဆတ်နှင့် မာရေကျောရေရှိသော ထိမထင် ပေစောင်းစောင်း ပုံစံရှိသော



www.burmeseclassic.com

www.burmeseclassic.com



သူမထက် ငါးနှစ်လောက်ငယ်သည့် မောင့်ကို သူမက ဘဝလက်တွဲဖော်အဖြစ်ရွေးချယ်ခဲ့လို့ သူမနောက်ကွယ်က တချို့က မောင့်ကို ဝေဖန်ကြသည်။

ကြိုက်သလောက် ဝေဖန်စမ်း။ သူမကတော့ မောင့်ကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ တစ်လောကလုံးကို ရင်ဆိုင်ရဲပေပြီ။

အဲဒီလောက်ထိ မောင့်ကို ချစ်တဲ့ မိန်းမတစ်ယောက်ဖြစ်သည့် သူမက ဒီလိုပိစိကွေးကိစ္စလေးအတွက်နဲ့ သောကရောက်နေသည့် မောင့်ကို ဒီအတိုင်း လက်ပိုက်ကြည့်နေမှာတဲ့လား။ သူမသည် မောင့်ရဲ့ဖြူနုနေသည့် ပါးပြင်လေးကို အသာအယာပွတ်သပ်ပေးကာ ...

"မောင်ရယ် ... ဒီကိစ္စကို မ,ဖြေရှင်းပေးပါရစေနော်၊ အဲဒီလို ပြောလိုက်လို့ မောင် စိတ်မဆိုးပါနဲ့၊ မောင့်ကို ကူညီတယ်လို့လည်း မမှတ်ယူပါနဲ့၊ မ,ကိစ္စကို မ,ဘာသာ ဖြေရှင်းတယ်လို့ သဘောထားပေးပါ မောင်"

သူမရဲ့အပြောကြောင့် မောင်က သူမကို ဖျတ်ခနဲကြည့်ကာ ကျွတ်ခနဲ စုပ်သပ်လိုက်ပြီး သူမရဲ့လက်တွေကိုဖယ်ထုတ်လိုက်ကာ တစ်ဖက်သို့ လှည့်သွားပြီး ...





"အဲဒီပိုက်ဆံတွေကို မ,က ရှင်းပေးလိုက်လို့ ကိစ္စက ပြီးသွားပါပြီတဲ့၊ ကိုယ့်ကို ပတ်ဝန်းကျင်က ဘာထပ်ပြောဦးမလဲ၊ မ,စဉ်းစားကြည့်စမ်း၊ ကိုယ် ဘာကောင်ဖြစ်သွားမလဲ၊ ပိုင်းလုံးဆိုပြီး ကိုယ့်ကိုယ်ကိုယ် အဖြစ်ခံလိုက်ရတော့မှာလား"

"မောင်ရယ် ... အဲဒီလောက် အတွေးမခေါင်ပါနဲ့၊ မောင့်စကားတွေက အရမ်းရင့်သီးလွန်းပါတယ်၊ ကဲ ... ဒီလိုလုပ်မောင်၊ ဒီပိုက်ဆံတွေကို မ,က ချေးတယ်ဆိုရင်ကော ဘယ်လိုလဲ"

သူမ အမေးကြောင့် မောင်က နားမလည်သလို သူမကို တစ်ချက်ကြည့်သည်။ ပြီးတော့ သူမဘေးနားမှာ ဝင်ထိုင်ကာ ...

"မ, ... ကိုယ့်ကို နောက်နေတာလား၊ ကိုယ့်မှာ အပေါင်ပေးစရာဆိုလို့ ကြီးကြီးမားမား ဘာမှမရှိဘူးနော်"

"ရှိပါတယ်မောင်ရဲ့၊ မောင့်အသည်းနှလုံးကို အပေါင်ထားပေါ့၊ မ,ပိုက်ဆံတွေ ပြန်မဆပ်မချင်း မောင့်အသည်းနှလုံးကို မ,ပိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်က စိတ်ဝင်စားဟန် မပြပါ။ သူမရဲ့မောင်ဟာ အဲဒီလိုလူစားမျိုးဖြစ်သည်။ ဂုဏ်သိက္ခာနဲ့ ပတ်သက်လာရင် အသက်တောင် ပေးဝံ့သည့် သတ္တိခဲလေးဖြစ်သည်။

အခုကိစ္စမှာလည်း သူမရဲ့ကူညီမှုကို မောင် လုံးဝလက်မခံမှန်းသိနေ၍ အခုလိုကြံရတာဖြစ်သည်။ မောင်က ဘာမှပြန်မပြောသေးလျှင် သူမသည် မောင့်ပခုံးစွန်းမှာ ခေါင်းကိုအသာမှေးမှီကာ ...

"မောင်ရယ် ... မ,ကိုချစ်တယ်ဆို လက်ခံပါနော် မောင်"

သူမရဲ့တိုးသက်ညင်သာသော အပြောကို မောင်က နားလည်သွားဟန်ဖြင့် သူမ မျက်နှာကို ငုံ့မိုးကြည့်ကာ ...

"မ, ... ကိုယ့်ကို သိပ်ချစ်တယ်ဆိုတာ ကိုယ် သိပါတယ်၊ ကိုယ်လည်း မ,လိုပါပဲ၊ အဲဒီတော့ ကိုယ့်အချစ်ကို မ,ယုံကြည်စေဖို့အတွက် ကိုယ့်အသည်းနှလုံးကို အပေါင်ထားပြီးတော့ မ,ဆီက အဲဒီပိုက်ဆံ ခဏချေးမယ်၊ ဒါပေမဲ့ ကိုယ့်သေချာပေါက် ပြန်ဆပ်မှာနော်"

"ပြန်မဆပ်လေ ကြိုက်လေပဲ၊ ဒါမှ မောင့်အသည်းနှလုံးကို မ, အပိုင်သိမ်းလို့ရမှာ"





"မ,ကတော့ဗျာ၊ သိပ်ကဗျာဆန်တာပဲ၊ ကိုယ် သိပ်ချစ်တာပဲကွာ"

မောင့်ရဲ့အဲဒီအပြောကို သူမက ရှုံးသွပ်အောင်ကို ခံစားသွားရပါသည်။ မောင့်ရဲ့ဒုက္ခဟာ သူမအတွက်လည်း ဒုက္ခပဲမို့ ဒီကိစ္စကို အပြတ်ဖြတ်နိုင်ဖို့အတွက် ပိုက်ဆံအိတ်ထဲက ချက်ခ်စာအုပ်ကိုထုတ်ကာ ချက်ချင်းဖြတ်လိုက်ပြီး မောင့်လက်ထဲသို့ထည့်လိုက်ပြီး ...

"မောင် ဒီနေ့ပဲ အဲဒီကိစ္စကို ဖြတ်ခဲ့တော့ကွာ၊ မောင့်ရဲ့ပျော်ရွှင်နေတဲ့ မျက်နှာလေးပဲ မြင်ချင်တယ်"

မောင်က သူမရဲ့ချက်ခ်လက်မှတ်ကို ကြည့်ကာ ခေါင်းတစ်ချက် ဆတ်ပြပြီး ...

"အိုခေလေ ... ကိုယ် အခုပဲ ဒီရှော့ခ်ကို ရှင်းလိုက်မယ်၊ မ,ဒီကပဲစောင့်နေ၊ ကိုယ် ပြီးတာနဲ့ ပြန်လာမယ်"

"ဟင် ... မ,ပါ လိုက်မယ်လေ"

"နေပါစေ၊ မ, ကိုယ့်ကွိုင်တွေထဲကို မ,ကို မခေါ်သွားချင်ဘူး၊ ကိုယ်က မြန်ပါတယ်၊ အကြာဆုံး တစ်နာရီပဲ၊ မ, စောင့်နိုင်တယ်မှလား"



www.burmeseclassic.com

www.burmeseclassic.com



မောင့်ရဲ့ရွှင်လန်းလာသည့် မျက်နှာလေးကို မြင်ရသောအခါ နှလုံးပီတိ ဂွမ်းဆီထိသကဲ့သို့ဖြစ်သည်။ မောင့်အချစ်သည် သူမအတွက်တော့ စည်းစိမ်ရတနာတွေထက် ပိုတန်ဖိုးရှိလှပါသည်။

"မောင့်အတွက်ဆို အမြဲတမ်း စိတ်ရှည်ရှည်နဲ့ စောင့်နိုင်ပါတယ် မောင်"

မောင်က သဘောကျစွာပြုံးပြီး သူမကို နှုတ်ဆက်ကာ ထွက်သွားလေသည်။ သူသည် သူမကို နှုတ်ဆက်ကာ ပါကင်ဆီသို့ လျှောက်လာခဲ့တော့သည်။ သူ့ဘေးသို့ ရောက်လာသည့် ကောင်လေးကို သူက ဘောင်းဘီအိတ်ကပ်ထဲက စာတစ်စောင် ထုတ်ပေးကာ ခပ်ပြတ်ပြတ် ညွှန်ကြားလိုက်သည်။

"နောက်နာရီဝက်ကြာရင် ဒီစာသွားပေးလိုက်"

သူ့ကို ကောင်လေးက ခေါင်းတစ်ချက်ဆတ်ပြကာ စာယူပြီး ထွက်သွားလေသည်။ သူသည် နှုတ်ခမ်းကို တွန့်တယ်ဆိုရုံလေး အသာကွေးကာ မျက်မှန်ကိုတပ်၍ ကားမောင်းထွက်လာခဲ့တော့သည်။





နာရီဝက်အတွင်းမှာ သူက ဘဏ်သွားပြီး ငွေသွားထုတ်မည်။ နာရီဝက်တိတိကြာရင်တော့ သူမဆီသို့ သူပေးခိုင်းသည့်စာ ရောက်သွားမှာဖြစ်သည်။ စာပါအကြောင်းအရာကတော့ သိပ်ရှည်ရှည်ဝေးဝေးတော့မဟုတ်။ သူ့ရဲ့ထုံးစံအတိုင်း ဖြေသိမ့်စရာအတွက် တစ်သက်စာ အမှတ်တရ စာသားမျိုးဖြင့် ရေးပေးလိုက်တာဖြစ်သည်။

"မ, ...

ကိုယ့်နှလုံးသားက မိတ္တူတွေ တစ်ပုံကြီးဆွဲထားပြီးသား၊ မ,တစ်သက်လုံး သိမ်းထားချင်သပဆိုလည်း ကိုယ့်နှလုံးသားကို အပြီးအပိုင်သာ သိမ်းထားလိုက်ပါတော့။ ဒီရက်ပိုင်းတွေမှာ ကိုယ် အရမ်းဂရုစိုက်ပေးခဲ့တဲ့အတွက် မ,ဆီက ကိုယ်ရသင့်တဲ့ ရပိုင်ခွင့်တစ်ခုလို့ ကိုယ် သဘောထားပါတယ် ...

ကိုယ့်ကို စိတ်ပူပြီးပေးတဲ့ ပိုက်ဆံတွေအတွက် ကိုယ် မ,ကို ကျေးဇူးတင်ပါတယ်။

နောက်ကြုံတော့လည်း ဆုံကြတာပေါ့ဗျာ။

ကိုယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစာကို သူမဖတ်ပြီးသွားတဲ့အခါမှာ သူမ ကောင်းကောင်းကြီး သဘောပေါက်ကာ ဓာတ်ရည်လည်သွားလိမ့်မည်ဟု သူ ထင်သည်။ ဒီစာတွေအတွက် သူက တခမ်းတနားနှင့်ကို နာမည်ပေးထားပါသည်။ "ဖြတ်စာ"ဟု ပေးထားသည်။

အဲဒီစာလုံးဟာ အရိုးရှင်းဆုံးနဲ့ နက်နဲသောစကားပင်ဖြစ်သည်။ ဖြတ်စာနှင့် သူဟာ သိပ်ပြီးစိမ်းမနေပါ။ ဒီလိုဖြတ်စာပေါင်းများစွာကို သူ ရေးခဲ့ပါသည်။ အဲဒီအတွက် သူ့ရဲ့ခံစားချက်ဟာ အထူးတလည်တော့ စာဖွဲ့ပြမနေချင်တော့ပါ။

သူ့အတွက်တော့ အချစ်တစ်ခု ဖြစ်ပြီဆို အဲဒီအချစ်အဆုံးသတ်မှာ ကျန်ခဲ့မယ့် အကျိုးအမြတ်ကိုကြည့်ပြီး အချစ်ဆိုတာကို ပုံဖော်ခဲ့သည်။ ဒီအလုပ်မှာ သူ မွေ့လျော်ခဲ့တာ ကြာခဲ့ပြီ။ အဲဒါကြောင့်မို့ သူ့အကြောင်းသိတွေတော့ များလာခဲ့သည်။ ဒါပေမဲ့လည်း သူက လုံးဝဂရုမစိုက်ခဲ့ပါ။

သူ နားလည်ထားသည်မှာ ပိုက်ဆံရှိရင် အချစ်ရှိတယ်ဆိုတာပဲဖြစ်သည်။





ကျော်သည် laptop ကိုပိတ်ကာ အညောင်းဆန့်လိုက်ပြီး ထိုင်ရာကထ,ကာ ရေခဲသေတ္တာထဲမှ coke တစ်ဘူးကိုထုတ်ကာ ဖွင့်သောက်ပြီး ဝရန်တာဘက် ထွက်လာခဲ့သည်။ ဝရန်တာလက်ရန်းကို လက်ထောက်ကာ တိုက်အောက်မှာ ဖြတ်သန်းသွားလာနေကြသော လူတို့ကို ငေးကြည့်နေရတာကိုက အရသာပင်ဖြစ်သည်။

ညနေစောင်းမို့ အလုပ်ကပြန် ကျောင်းကပြန် စသဖြင့် လူမျိုးစုံကို သူက ဝရန်တာကနေ ငေးကြည့်ကာ ပြုံးလိုက်မိသည်။

အဲဒီအခိုက်အတန့်ကို ကြည်နူးချိန်မှာ ကြာကြာမရလိုက်။ အိမ်ထဲက ဖုန်းမြည်သံကြား၍ သွားကိုင်လိုက်ရသည်။ ဖုန်းဆက်သူမှာ သူ့ရဲ့ပါတနာ ငပေါက် ဖြစ်ပါသည်။

"ပြော ... ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဆရာ ငြိမ်နေလို့ လှမ်းမေးတာ၊ ဘယ်လိုလဲ ဒီနေ့ ဘယ်မှမသွားဘူးလား"

"မသွားဘူး ... ကိုယ် အိမ်မှာပဲ"

"ဟား ... ဒါဆိုရင်တော့ ကိုယ့်ဆရာအတွက် အပျင်းပြေ အကွက်ရွှေ့လို့ရအောင် ကျွန်တော် လာခဲ့မယ်၊ ရောက်မှပဲ ဆက်ပြောတာပေါ့"

"လာခဲ့လေ ... အိုကေ စောင့်နေမယ်"

ကျော်က ဖုန်းချပြီးနောက်မှာ နာရီတစ်ချက်ကြည့်လိုက်ပြီး ရေချိုးရန် စဉ်းစားလိုက်သည်။ ဟိုကောင် ငပေါက်က နာရီဝက်လောက်မှ ရောက်မှာဆိုတော့ သူရေချိုးဖို့ အချိန်ရသေးသည်။

ကျော်သည် အဲဒီအတွေးနှင့်အတူ ရေအမြန်ဝင်ချိုးကာ ရေချိုးပြီးနောက်မှာတော့ ပေါ့ပေါ့ပါးပါး စွပ်ကျယ်တစ်ထည်ကို ကွာတားဘောင်းဘီဖြင့် ဝတ်ဆင်လိုက်သည်။ ခဏနေ ကိုပေါက် ရောက်လာသောအခါ သူက ဧည့်ခန်းမှာ ထိုင်စေပြီးမှ မေးတစ်ချက်ဆတ်ကာ ...

"ဆိုစမ်းပါဦး၊ ဘာဇယားလဲ"





"အဟဲ ... ပြောချင်လွန်းလို့ကို ဒီထိလိုက်လာတာ၊ ဒီလို ကိုယ့်ဆရာရ၊ အခုကိစ္စက အရင်ကလိုတော့ မဟုတ်ဘူး၊ နည်းနည်းတော့ ဆန်းတယ်"

ဆန်းတဲ့အကွက်တစ်ကွက်တော့ သူက အပျင်းပြေ ကစားကြည့်ရသေးတာပေါ့။ ကျော်သည် အအေးတစ်ငုံကို ထပ်မော့လိုက်ပြီး ငပေါက်ကို မေးဆတ်ပြကာ ...

"ဘာလဲ ... သံပရာသီးဆိုရင်တော့ စိတ်မဝင်စားဘူးကွာ၊ မင်းနဲ့ပဲ ကိစ္စဖြတ်လိုက်တော့"

"ဩော် ... ဆရာကျော်ရယ်၊ ကျွန်တော်နဲ့တင် ပွဲပြတ်တယ်ဆို၊ ဒီအထိ အပင်ပန်းခံပြီး လာမညှိပါဘူးဗျာ၊ အခုကိစ္စက ဆရာကျော် ဝင်မှရမှာမို့လို့"

ငပေါက်ရဲ့စကားကြောင့် ကျော်သည် မျက်ခုံးတစ်ချက်ပင့်တက်သွားတော့သည်။ သူ့ရဲ့အားအထားရဆုံး လက်ရုံးပါတနာ ငပေါက်က ဒီလောက် ညွှန်းနေမှတော့ သူ နည်းနည်းတော့ မြည်းကြည့်သင့်သည်ထင်၏။ ကျော်သည် နားထင်နားကို လက်ဖြင့်ပွတ်သပ်ရင်းက ...

"ကဲ ... ဆိုပါဦး၊ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမယ်လေ၊ ဒီ stick ထဲမှာ data တွေ အကုန်ပါတယ်၊ ဆရာသမား laptop ပဲ လိုတော့တယ်"

"ခဏစောင့်"

ကျော်သည် အခန်းထဲမှ laptop ကို သွားယူပြီး နောက် ငပေါက် ယူလာပေးသည့် data တွေကို ဖွင့်ကြည့်လိုက်သည်။ ပထမဆုံး သူ စဖွင့်လိုက်တာဟာ ဓာတ်ပုံပဲဖြစ်သည်။ screen ပေါ်တွင် ပေါ်နေသော မိန်းကလေးရဲ့ဓာတ်ပုံကို ကျော်သည် မမိုတ်မသုန် ငေးစိုက်ကြည့်နေမိသည်။

"သူ့နာမည်က မေလင်းမာန်တဲ့၊ EPP တက်နေတယ်၊ အစ်ကိုတစ်ယောက် အစ်မတစ်ယောက် ရှိတယ်၊ သူ့အစ်ကိုက ဒေါက်တာနေလင်းမာန်၊ အလားအလာရှိတဲ့ ဆရာဝန်ပေါက်စပေါ့၊ သူ့အစ်မက ဝေလင်းမာန်၊ အခု UK မှာ ကျောင်းတက်နေတယ်၊ မေလင်းမာန်မှာ အမေမရှိတော့ဘူး၊ သူ့အဖေက ဦးလင်းမာန်လေ၊ ကိုကျော် သိတယ်မှလား၊ မာန်ထရိတ်ဒင်းရဲ့ဥက္ကဋ္ဌ၊ အချမ်းသာဆုံး စာရင်းဝင် ပုဂ္ဂိုလ်တစ်ဦးရဲ့ အငယ်ဆုံးသမီးလေး မေလင်းမာန်ဟာ ကျွန်တော်တို့အတွက် အချောဆုံး အဆင်ပေါ့"





မေလင်းမာန်။ ကျော်သည် သူမရဲ့ပုံစံလေးကို ကြည့်ကာ မှန်းဆအကဲခတ်ကြည့်လိုက်သည်။ သူမဟာ မောက်မာပုံတော့ မရဘူး။ ကြင်နာတတ်တဲ့ မျက်နှာပိုင်ရှင်မျိုး ဖြစ်နိုင်သည်။ ဒါက အပေါ်ယံရုပ်ရည်ကို မှန်းဆကြည့်တာဖြစ်သည်။

ဒါပေမဲ့ ဒီလို အပေါ်ယံလွှာလေးကပဲ သူမရဲ့သရုပ်မှန်ဆိုရင်တော့ ငပေါက်ဟာ ဒီခွင်ကို သူပဲဖန်မှာဖြစ်သည်။ အခု သူ့လက်ထဲ ထည့်ပေးတယ် ဆိုကတည်းက ဒီကောင်မလေးမှာ point တစ်ခုတော့ ရှိနေနိုင်သည်။

ကျော်သည် နောက်ထပ် ဓာတ်ပုံတစ်ပုံကို ပြောင်းကြည့်လိုက်ရင်တော့ မေလင်းမာန်နှင့် နောက်ထပ်ကောင်မလေးတစ်ယောက်ကို တွေ့ရသည်။ ကျော်သည် ဒါ သူမသူငယ်ချင်းပဲနေမှာပါဟု တွေးကာ နောက်တစ်ပုံပြောင်းမည် အလုပ်မှာတော့ ငပေါက်က လှမ်းတားကာ ...

"ခဏလေး ကိုကျော်၊ ပြောစရာလေးတစ်ခု ရှိသေးလို့၊ အခု ဒီပုံမှာ မေလင်းမာန်နဲ့ တွဲရိုက်ထားတဲ့ ကောင်မလေးက မေလင်းမာန်တို့နဲ့ အတူတူနေတယ်၊ ဒါပေမဲ့ အဲဒီကောင်မလေးက ဘယ်သူ ဆိုတာကို အတိအကျ မသိရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီခွင်ထဲမှာ သူ့ကို ထည့်ပြောတယ် ဆိုတော့ သူက အဓိကကျနေလို့လား"

သူ့ရဲ့အမေးကို ငပေါက်က ခေါင်းတစ်ချက်ယမ်းလိုက်ပြီး ...

"အရေးပါတယ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူတို့နှစ်ယောက် အရမ်းတွဲတယ် ကိုကျော်၊ ဘယ်လိုပတ်သက်သလဲဆိုတာ မသိပေမယ့် အဲဒီတစ်ယောက်က နည်းနည်းထက်တယ်"

"အဲဒါနဲ့ပဲ ဒီခွင်က ဆန်းသွားကောလား ငပေါက်ရာ၊ မှတ်ထားကွာ၊ ဆရာဖြစ်ချင်ရင် အထာမတစ်ဖို့ လိုလိမ့်မယ်"

"ကျွန်တော်လည်း ကြိုးစားနေပါတယ် ကိုကျော်ရာ၊ ဒါပေမဲ့ ဘာမှန်းမသိတဲ့ ဝါးတားတားတွေ ဝင်လာရင် ကျွန်တော်က worry တွေ များသွားတတ်တော့ ဒီခွင်ကို ကျွန်တော်မဖန်နိုင်ဘူး၊ နောက်ပြီး မေလင်းမာန်လိုမျိုးက ကိုကျော့်ကိုပဲရင်ခုန်မှာပေါ့၊ လုပ်လိုက်ပါ ကိုကျော်ရယ် ...





ကျွန်တော် အချိန်ပေးပြီး ဒီခွင်ကို ရှာထားရတာ၊ လုပ်လိုက်ပါနော်"

ကျော်သည် ငပေါက်ကလည်း အတင်းတိုက်တွန်းနေသောကြောင့် ဒီအလုပ်ကို လုပ်သင့်မလုပ်သင့် ဆုံးဖြတ်နိုင်ရန် မေလင်းမာန် ဆိုသော ကောင်မလေးရဲ့မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

အင်း ... ဆိုးတော့ မဆိုးပါ။ အသားဖြူဖြူ၊ အရပ်ပုပုသေးသေးလေးနှင့် ချစ်စရာလေး ဖြစ်သည်။ သူမပုံစံလေးက ကြော်ငြာမင်းသမီးတစ်ယောက်နှင့်တောင် သွားတူနေသေးသည်။

"အင်းလေ ... လုပ်တာပေါ့၊ သူနဲ့ပတ်သက်တဲ့ data တွေကိုတော့ မင်းပဲ ရှာပေးရမှာနော်၊ မနက်ဖြန်ကစပြီး စစ်ဆင်ရေးစမှာပေါ့ကွာ၊ ဒီ plan က မင်းဆွဲမှာဆိုတော့ မင်းအတွက် 75% ယူလိုက်၊ ငါ့အတွက်က အဝတ်အစားဖိုးလောက်ပဲ"

"ဟား ... ကျေးဇူးကြီးလှပါတယ် ကိုကျော်ရာ၊ စိတ်ချ၊ ကျွန်တော် အကောင်းဆုံး data တွေ ရှာပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် ခေါင်းတစ်ချက်ဆတ်ပြီးနောက်မှာ မေလင်းမာန်ရဲ့ပုံကို save လုပ်ကာ သိမ်းထားလိုက်တော့သည်။ ကလေးဆန်မည်ဟု ထင်ရသော သူမဟာ ကျော့်အတွက်တော့ Child play အဆင့်ပဲ ရှိပါသည်။

မေလင်းမာန် ဆိုသူက ဘယ်လိုအသည်းနှလုံးမျိုး ရှိနေပါလိမ့်။

❦ ○ ❦





## ၂

ကျော်သည် ကားစတီယာရင်ပေါ် လက်တစ်ဖက်တင်ကာ သူမကို ထိုင်စောင့်နေခဲ့သည်။ ဒီနေ့မှာ မေလင်းမာန်က IBC မှာ seminor တစ်ခု လာတက်မည်ဆိုကာကို သတင်းအတိအကျ ရထားသောကြောင့် သူက intro ဝင်ရန် ဒီအချိန်က အကောင်းဆုံးဟု သတ်မှတ်ကာ သူမ ထွက်အလာကို စောင့်နေတာ ဖြစ်ပါသည်။

"ကိုကျော် ... ဟိုမှာ ထွက်လာပြီ"

ကျော်သည် ခန်းမအတွင်းက ထွက်လာသော သူမရဲ့လှုပ်ရှားဟန်တွေကို ကားထဲကနေ အကဲခတ် လေ့လာနေမိသည်။ အဖြူရောင် ခါးရှည်လက်ပြတ်အင်္ကျီကို မရမ်းစေ့ရောင် skinny ဘောင်းဘီ အောက်ရှူးအကျပ်ဖြင့် ဒီဘက်ခေတ် ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့စတိုင်လ်အတိုင်း ဝတ်ဆင်ထားတာဖြစ်သည်။ သူမရဲ့ဘေးမှာကတော့ ငပေါက် ပြောပြောနေသည့် ကောင်မလေးကို တွေ့ရလေသည်။

"ကိုကျော် ... မေလင်းမာန်ရဲ့ဘေးက တစ်ယောက်က ငွေယွန်းမိုလေ၊ ဘာမှန်းတော့မသိဘူး၊ သူ့ကိုတော့ သတိထားရမယ် ထင်တာပဲ"

ကျော်က တပ်ထားသော နေကာမျက်မှန်ကို တစ်ချက်ပင့်တင်လိုက်ပြီးနောက် ကားပေါ်ကဆင်းကာ သူမရှိရာသို့ လျှောက်လာခဲ့တော့သည်။ စတစ်ကော်လာ အညိုရောင်ရှပ်လက်ရှည်ကို ကွက်စိပ်ပုဆိုးဖြင့် အရိုးရှင်းဆုံး ဝတ်ဆင်ကာ ကတ္တီပါညှပ်ဖိနပ် စီးထားသော သူ့စတိုင်လ်ဟာ ထူးတော့ ထူးခြားပါသည်။ သူ ဘာလို့ ဒီလိုဒီဇိုင်း ပြောင်းရသလဲဆိုတာ အကြောင်းရှိသည်။

မေလင်းမာန် ဆိုသော ကောင်မလေးက ဟော့ရှော့ဖြစ်တဲ့ ကောင်လေးမျိုးကိုမှ စိတ်ဝင်စားတာတဲ့။ အဲဒါကြောင့်မို့ သူက တမင်တကာကို ဒီ,ဒီဇိုင်းထွင်လာတာဖြစ်သည်။ မေလင်းမာန်လို မနူးမနပ် ကောင်မလေးမျိုးကို လိုက်ရတာဟာ သူ့အတွက်တော့ ဘာမှအံပန်းကြီးစရာ မရှိပါ။





"ဒီက ဦးလေးကြီးက Seminor လာတက်တာလားဟင်"

အဲဒီစကားသံကြောင့် သူဟာ ခြေလှမ်းတုံ့ခနဲ ရပ်သွားလိုက်ပြီး အသံလာရာကို ကြည့်လိုက်လျှင်တော့ ခပ်ချောချော ကောင်မလေးတစ်ယောက် ဖြစ်လို့နေသည်။ သူက တစ်ချက်ကြည့်ရုံသာကြည့်ပြီးလျှင် မေလင်းမာန် ရှိရာသို့ သွားဖို့ခြေလှမ်းပြင်လိုက်သော အခါမှာတော့ ...

"အာ ... ဦးလေးကြီး၊ မေးတာ ဖြေဦးလေ"

အဲဒီစကားသံနှင့်အတူ သူ့ဘေးနားကို ရောက်လာတာက ခုနက ကောင်မလေးပဲ ဖြစ်သည်။ သူ့ကိုပြောတာသေချာနေပြီ ဖြစ်တာကြောင့် သူဟာ အဲဒီကောင်မလေးကို မှုန်ကုပ်ကုပ်ကြည့်၍ ...

"ကိုယ့်ကို ပြောတာလား"

"ဟုတ်တယ်"

သူဟာ အဲဒီကောင်မလေးနှင့် စကားမပြောနိုင်သေးဘဲ အသည်းအသန်ပင် မေလင်းမာန်ကို လှမ်းကြည့်လိုက်သည်။ သွားပြီ ... မေလင်းမာန်ဟာ သူမရဲ့အပေါင်းအသင်းတွေကို တာ့တာပြကာ ကားမောင်းထွက်သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဘဝမှာတော့ သေသေချာချာ ချိန်ဆတွက်ချက်ပြီးလုပ်တဲ့ အလုပ်မှာ လွဲသွားခဲ့တယ်ဆိုတာ ဒီတစ်ကြိမ်ပဲ ရှိခဲ့သေးသည်။ သူက ဒေါသထွက်သွားပေမယ့် ဒါဟာ တမင်ရည်ရွယ်ပြီး ဖြစ်သွားတာ မဟုတ်သည့်အတွက် သူဟာ စိတ်ကို တစ်ထစ်လျှော့ချကာ ဟိုကောင်မလေးကို မေးဆတ်ပြ၍ ...

"ဘာလဲ ... ပြော"

"ဟို ... ဒီက ဦးလေးကြီးက seminor လာတက်တာလားလို့ မေးနေတာ"

"ဘာ ... မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

ကျော်သည် နဂိုကမှ စိတ်မကြည်ပါဘူးဆိုတယ်၊ အခု အဲဒီလိုမျိုးကြီး အခေါ်ခံလိုက်ရတဲ့အခါမှာ ဒေါသတော့ထွက်သွားရသည်။ ဘယ်လို မိန်းကလေးမျိုးပါလိမ့်။ မျက်နှာလေးကတော့ ဆွဲဆောင်မှုရှိပါသည်။ အရပ်မြင့်မြင့်မားမားနှင့် ခပ်မိုက်မိုက် ဒီဇိုင်းရှိသည့် ဒီကောင်မလေးဟာ သူ့ကို ဘာကိစ္စ ဦးလေးကြီး ခေါ်ရတာတုန်း။

သူမဟာ ခပ်ပိန်းပိန်း ကောင်မလေး မဟုတ်မှန်း သူ အစောကတည်းက ရိပ်မိသိရှိနေပါသည်။ ပုံစံလေးက cute





ဖြစ်သော်ငြားလည်း မျက်လုံးတွေက အရောင်တဖျပ်ဖျပ်လက်ကာ ညှို့အားပြင်းလွန်းနေပါသည်။

"ဦးလေးကြီးဆိုတာ ရိုသေသမှုနဲ့ ခေါ်လိုက်တာပဲ၊ ကျွန်မတို့တောမှာတော့ ဒီလိုပဲ ခေါ်တယ်၊ ကဲပါ ... ဒါတွေထားပါတော့၊ မေးတာကိုပဲ ဖြေပါ"

သူ့ကို အငေါ့တူးကာ အရွဲ့တိုက်ပြောနေသည့် အဲဒီမိန်းကလေးကို မျက်မှောင်ကြုတ်ကာ ခါးထောက်ပြီး ကြည့်လိုက်လျှင်တော့ ကောင်မလေးက သူ့ကို ထီမထင်သလို ပြန်ကြည့်ပါသည်။

သူကလည်း အရှည်မဆက်ချင်တော့၍ စကားကို တိုတိုပြတ်ဖို့ပဲတွေးကာ ...

"မဟုတ်ဘူး၊ ကိုယ် seminor လာတက်တာ မဟုတ်ဘူး"

သူက အဲဒီစကားကို ခပ်ပြတ်ပြတ် ပြောပြီးနောက်မှာတော့ သူမရှေ့က ချာခနဲ လှည့်ထွက်လျှင် သူမက သူ့ကိုရှေ့ကနေကျော်ကာတား၍ ...

"ဒါဖြင့် seminor မတက်ဘူးဆိုတော့ ရှင်က ဘာကိစ္စနဲ့ ဒီကိုလာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက လာရစ်နေသော အဲဒီကောင်မလေးကို စိတ်ပျက်စွာ တစ်ချက်ကြည့်လိုက်ရင်းက ...

"ကိုယ်က စပ်စုတတ်တဲ့ မိန်းမမျိုးကို ကြည့်လို့မရဘူး"

"ဟယ် ... ဒါဆိုရင်တော့ ရှင်က ဒီကမ္ဘာမှာ ရှိရှိသမျှ မိန်းမတိုင်းကို ကြည့်မရတာပေါ့ ဟုတ်လား၊ ဘာလို့လဲဆိုရင် မိန်းမမှန်သမျှ စပ်စုတတ်ကြတာ သဘာဝပဲလေ"

အား ... ရှစ်(ထ်) သေတော့မှာပဲ။ ဒီမိန်းကလေးတော့ ခက်နေချေပြီ။ ကျော်သည် သူ့ ၄ စကားနိုင်လာလုချင်နေသော အဲဒီမိန်းကလေးရဲ့မျက်ဝန်းတွေကို စူးစူးစိုက်စိုက် ငေးကြည့်ပြီးနောက်မှာတော့ သူ့ရဲ့နေကာမျက်မှန်ကို ပြန်တပ်ကာ ချောင်းတစ်ချက်ဟန့်လိုက်ပြီး ...

"မင်းအတွက် ကိုယ် အချိန်မပေးနိုင်တာ ဆောရီးပဲ၊ မင်းသိချင်တာက ကိုယ် ဘာလို့ ဒီကိုလာပြီး မတက်သလဲဆိုတာမှလား၊ အိုခေ ... ကိုယ်ပြောပြမယ်၊ ကိုယ့်ကောင်မလေးကို ကိုယ်လာစောင့်နေတာ၊ မင်းကြောင့် လွဲသွားတယ်၊ အဲဒါပဲ"





သူက အင်မတန်မှ စပ်စုချင်လှသည့် အဲဒီကောင်မလေးကို အတွေးပွားစရာတွေ ကျန်ခဲ့အောင် တမင်ပြောခဲ့ကာ အနိုင်နဲ့ပိုင်း ထွက်လာခဲ့တော့သည်။ ဒီနေ့ကိစ္စဟာ သူ့အတွက်တော့ အမှတ်တရ တော့လွဲ,လွဲသည့် အဖြစ်ပင် ဖြစ်ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် မေလင်းမာန် ဆိုသော ကောင်မလေးနှင့် နောက်တစ်ကြိမ်ဆုံအောင် ဖန်တီးခဲ့တာကတော့ စီစဉ်ထားသည့်အတိုင်း အောင်မြင်ပါသည်။

သူ့အစီအစဉ်မှာ ရိုးရိုးလေးပဲဖြစ်သည်။ သူမ ကန်တင်းထိုင်လျှင် ထမင်းပေါင်းကိုသာ မရိုးတမ်းစားသူဖြစ်သည်ဆိုတာ သူက ကြိုသိထားသောကြောင့် သူမ ကန်တင်းမလာခင် ထမင်းပေါင်းကို ကြိုမှာထားကာ သူမ ရောက်လာသောအခါမှာတော့ သူမ စားပွဲထိုးကိုမှာပြီး ချက်ချင်းဆိုသလိုပင် သူက သူမ စားပွဲဝိုင်းဆီကို ကိုယ်တိုင်သွားပို့ပေးလိုက်တာဖြစ်သည်။ သူ့ရဲ့ အပြုအမူကြောင့် သူမက အံ့အားသင့်သွားကာ ...

"ဒီမှာ ... ရှင် ဝိုင်းမှားချတာ၊ ကျွန်မက အခုမှ မှာလိုက်တာ၊ ရှင့်ဆိုင်ရှင်သိရင် ရှင်တော့ မလွယ်ဘူးနော်"





မေလင်းမာန်ရဲ့ အဲဒီစကားတစ်ခွန်းတည်းနှင့်တင် သူဟာ မေလင်းမာန်ရဲ့စိတ်ကို ဟိုးအနက်ရှိုင်းဆုံးထိ ခန့်မှန်းလို့ရပါသည်။

သူမရဲ့ပျော့ကွက်က သနားတတ်ခြင်းပင်ဖြစ်သည်။ ကျော်သည် သူမကို အသာပြုံးပြကာ ...

"ဒီထမင်းပေါင်းက မေလင်းမာန်ရဲ့ favourite မို့ ကိုယ်ကြိုမှာထားတာပါ၊ စိတ်အေးချမ်းစွာ စားသုံးပါ မာန် ... bye bye"

သူက ထမင်းပေါင်းပန်းကန်ကို မေလင်းမာန်ရဲ့ရှေ့ချပေးပြီးနောက်မှာတော့ အဲဒီစကားပြောကာ သူမရှေ့က လှည့်ထွက်လာခဲ့သည်။ တစ်ချက်ကလေးတောင် သူ လှည့်မကြည့်ခဲ့ပါ။ အဲဒါကိုက သူ့ရဲ့ဗျူဟာဖြစ်ပါသည်။

အဲဒီလိုပုံစံမျိုးနှင့် အဲဒီစကားတစ်ခွန်းကိုပဲ နေ့စဉ်နေ့တိုင်း ပြုမူပြောဆိုနေသော သူ့ကို လေးရက်တိတိမြောက်သောနေ့မှာ ကျွန်မတို့ စကားပြောကြရအောင်ဆိုပြီး စတင်ကမ်းလှမ်းလာခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အဲဒီလိုပြောလာတဲ့အချိန်မှာ ကျော်သည် အင်မတန်ရိုးသားဖြူစင်သည့် မျက်နှာအသွင်ကို ဖမ်းထားကာ သူမရဲ့ရှေ့ စားပွဲခုံမှာ ဝင်ထိုင်လိုက်ကာ ...

“ကိုယ် အနူးအညွတ် တောင်းပန်ပါတယ် မာန်၊ တကယ်ဆို မာန့်လို မိန်းကလေးတစ်ယောက်ကို ကိုယ် ဒီလိုမျိုး အပြုအမူတွေနဲ့ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်သင့်ပါဘူး၊ ကိုယ် မှားသွားပါတယ် မာန်၊ ကိုယ်ဟာ မာန့်အတွက် အကြီးမားဆုံး အနှောင့်အယှက်ကြီး ဖြစ်စေခဲ့တဲ့အတွက်ပါ”

သူက ပြောပြီးလှည့်ထွက်မည် အပြုတွင် သူ့ကို လှမ်းတားသောအခါ သူက တိတ်တဆိတ် ပြုံးမိပါသည်။

“ဟယ် ... ရှင် အဲဒီလို ပြောပြီးတာနဲ့ လှည့်ထွက်မသွားနဲ့လေ”

“မာန် ... ကိုယ့်ကို ဘာပြောစရာ ရှိသေးလို့လဲ”

“ရှင့်နာမည် ဘယ်လိုခေါ်သလဲ”

ကျော်သည် နာမည်ကြီးလှသော မထိတရီ အပြုံးကို ပြုံးပြလိုက်ကာ ခပ်တိုးတိုးလေသံဖြင့် သူမကို ပြန်ဖြေလိုက်သည်။





“ကျော်စူးရှ”

သူ့ရဲ့ပြတ်သားတည်ငြိမ်သော ရုပ်ရည်ကို သူက အပြည့်အဝ ယုံကြည်မှု ရှိပါသည်။ မေလင်းမာန်နှင့် အခုလို စကားပြောနေသည် ဆိုတာလည်း သူမဆီက စိတ်ဝင်စားမှုအား များ မြင့်တက်လာစေရန်ဖြစ်သည်။ အဲဒါဟာ သူ့အတွက် အကျွမ်းကျင်ဆုံး ဖြစ်ပါသည်။

“ကျွန်မကို နေ့တိုင်း ထမင်းပေါင်းဝယ်ကျွေးနေတဲ့ ရှင့်ကို ကျွန်မဘက်ကလည်း တစ်ခုခု ပြန်ကျွေးခွင့် ရှိပါတယ်နော်”

ကျော်သည် မေးတစ်ချက်ဆတ်ကာ မေးလိုက်သော မေလင်းမာန်ရဲ့ပုံစံလေးကိုကြည့်ကာ တစ်ချက်ပြုံးလိုက်မိသည်။ လုံးဝကို အဖြူထည် ဗလာစာရွက်တစ်ရွက်နှင့် တူပါသည်။ အခုချိန်ထိ သူမရဲ့ဘေးနားက ငွေယွန်းမို ဆိုသည့် မိန်းမက ဘာတစ်ခွန်းမှကို ဝင်ရောက်စွက်ဖက်ခြင်း မရှိသေးပါ။ သူမဘာသာ အအေးသောက်ရင်း စာအုပ်ထိုင်ဖတ်နေကာ သူတို့ကို လုံးဝစိတ်ဝင်စားဟန်မပြ။ အဲဒါ ဘာအထာလဲ။ ထားပါတော့ ... ကျော်သည် ခုနက မေလင်းမာန် မေးထားသော မေးခွန်းအတွက် အပြုံးတစ်ခုစွက်ကာ ဖြေပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မာန်၊ ကိုယ့်ကို ဘာမှမကျွေးပါနဲ့၊ ကိုယ်က မာန့်အတွက်ဆို အပေးရှိသော နှလုံးသားမျိုးပဲ ရှိနေတဲ့သူပါ၊ မာန့်ဆီက မေတ္တာကလွဲပြီး ကျန်တာ ဘာတစ်ခုမှ အလိုရှိတဲ့သူ မဟုတ်ပါဘူး"

ကျော့်ရဲ့စကားအတွက် မေလင်းမာန်က သဘောကျသွားပေမယ့် ငွေယွန်းမို ဆိုသော မိန်းကလေးကတော့ စာအုပ်ဖတ်နေရင်းက သူ့ကို မျက်လုံးလှန်ကြည့်သည်။ အာပလာတွေပါဆိုသည့် အထာမျိုးနှင့် ကြည့်တာမျိုးဖြစ်သည်။ အဲဒီအတွက် ကျော်က သူ့ကို အပြုံးတစ်ခုဖြင့် ပြန်လည်တုံ့ပြန်လိုက်ပါသည်။

"အလို ... စာသားကတော့ ဖြူးနေတာပါပဲ၊ အိုခေလေ ... ဒါဆိုလည်း ကျွန်မ မေးစရာရှိတာကိုပဲ ဆက်မေးရမှာပဲ၊ ရှင် ဘာကြောင့် ကျွန်မကိုလိုက်ဖို့ စဉ်းစားတာလဲ၊ ကျွန်မ အကြောင်းကို မကြားမိလို့လား၊ ဒါမှမဟုတ်"

ကျော်က သူမ ဆက်ပြောလာမည့် စကားတို့ကို အပြောမခံဘဲ လက်ကာလိုက်ပြီး ...

"ကိုယ် ဂရုမစိုက်တာ မာန်၊ မာန့်ကို ကိုယ်က မေလင်း





မာန်ဆိုတဲ့ အမြင်နဲ့ပဲ လိုက်တယ်၊ မာန့်ရဲ့ shadow ကို ကိုယ် မကြည့်ဘူး၊ မာန်ဟာ နာမည်ဆိုးနဲ့ပဲ ကျော်ကြားနေပါစေ နာမည်ကောင်းနဲ့ပဲ ထင်ရှားနေပစေ၊ ကိုယ် လုံးဝစိတ်မဝင်စားဘူး၊ ကိုယ့်အတွက်တော့ မာန်ဟာ မေလင်းမာန် ဆိုတဲ့ အသိပဲရှိတယ်"

သူက ဒိုင်ပြင်းပြင်းတွေကျွေးလေလျှင် မာန်သည် ရင့် ခုန်လှုပ်ရှားစွာဖြင့် မျက်လွှာချသွားပါသည်။ သူသိရသလောက်တော့ မာန်ဟာ အခုမှ ဒီလိုမျိုး ရင်ခုန်တတ်တာဖြစ်သည်။ သေချာပေါက် မာန် သူ့ကို စိတ်ဝင်စားနေပြီဆိုတဲ့ စကားဟာ မိန်းကလေးတစ်ယောက်ကို လျှော့တွက်လွန်းသလို ဖြစ်နေပေမယ့် သူ့အတွက်ကတော့ ဒီလိုအဖြစ်အပျက်မျိုးဟာ မဆန်းကြယ်တော့ချေ။

"မာန့်ရဲ့ အနားတစ်ဝိုက်မှာ ကိုယ် အမြဲလိုလိုရှိနေတတ်ခြင်းအားဖြင့် ကိုယ့်ကို ကလေတစ်ယောက်လိုတော့ မထင်လိုက်ပါနဲ့နော်၊ ကိုယ့်အကြောင်းကို မာန့်ကိုနည်းနည်းပြောပြပါ့မယ် ...

www.burmeseclassic.com



ကိုယ့်နာမည်က ကျော်စူးရှပါ၊ ကိုယ်က ကွန်ပျူတာနဲ့ ဘွဲ့ရပြီးသွားပါပြီ၊ ကိုယ့်ရဲ့အလုပ်အကိုင်က ကိုယ့်သူငယ်ချင်းတစ်ယောက်ရဲ့ Export ကုမ္ပဏီတစ်ခုမှာ ရှယ်ယာဝင်ထားတယ်"

"ဟုတ်ပါပြီ၊ ဒါထက် ရှင်က ပြောတဲ့စကားလုံးတွေနဲ့ ဝတ်ထားတဲ့ fashion ကျတော့ လွဲနေတယ်နော်၊ ဘာလဲ စတိုင်လ်လား"

အဲဒီမေးခွန်းကို မေးလာလိမ့်မည်ဟု သူက ကြိုတွက်ထားပြီးဖြစ်သည်။ စကားလုံးအလန်းတွေနှင့် ခေတ်ရှေ့ပြေးလူငယ်တစ်ယောက်ဟာ အခုခေတ်ကောင်လေးတွေလို ဘောင်းဘောင်းတွေ၊ တီရှပ်တွေ မဝတ်ဆင်ဘဲ ရှပ်အင်္ကျီနှင့် ပုဆိုးဝတ်ထားတာကိုက သူမအတွက် ထူးခြားနေမှန်း သူ အစောကတည်းက သိသည်။ အဲဒါကြောင့်မို့လည်း သူက ဒီဖက်ရှင်ကို ထွင်ခဲ့တာဖြစ်သည်။

"အဟော် ... ဒါလား ဒါက ဒီလိုရှိပါတယ်၊ မာန် ခုနက ပြောသလို စတိုင်လ်ပဲ လွယ်လွယ်ပြောလို့ ရတာပေါ့ဗျာ၊ ကိုယ်က ဒီလိုမျိုး ဝတ်ရတာကိုပဲ နှစ်သက်လို့ပါ၊ မြန်မာအမျိုးသားတစ်ယောက်ရဲ့ ရိုးရာမပျက်တဲ့ ဒီဇိုင်းပေါ့ ... ဟဲ့ ဟဲ"





"အင်းပါ ... ရှင်က ကျွန်မ တွေ့ဖူးတဲ့ ယောကျ်ားလေးတွေထက် ထူးခြားတာတော့ အမှန်ပဲ၊ အဲဒီတော့ ရှင်နဲ့ကျွန်မ မိတ်ဆွေဖြစ်လို့ ရမှာပါ၊ နောက်နေ့တွေကစပြီး ကျွန်မဆီကို ထမင်းပေါင်း လာမပို့ပါနဲ့တော့၊ ကျွန်မတို့ ခင်ခင်မင်မင် စကားပြောလို့ ရပါတယ်၊ အဲဒါတွေ မလိုတော့ပါဘူး ကိုကျော်စူးရှ"

"အိုခေပါ မာန်၊ ဩော် ... ဒါနဲ့ပလိ(စ်)ကွာ၊ ကိုယ့်ကို အဲဒီလို နာမည်အပြည့်အစုံ မခေါ်ပါနဲ့လား၊ ရင်းနှီးမှုမရှိဘူးလို့ ခံစားမိလို့ပါ၊ မာန် အဆင်ပြေရာ ခေါ်ပေါ့"

"ကောင်းပါပြီ ... ကိုကျော်"

အိုကေ ... ဒါဆို ဒီနေ့အဖို့တော့ ဒီလောက်ပေါ့။ ကျော့်အတွက်တော့ မေလင်းမာန်လို ကောင်မလေးမျိုးကို စကားပြောရတာဟာ ပေါ့ပေါ့ပါးပါးလေးပဲဖြစ်သည်။

ဘာမှ ရှောင်ရန်၊ ဆောင်ရန်တွေလည်း လုပ်စရာမလိုပါ (အဝတ်အစား ဒီဇိုင်းကလွဲလို့ပေါ့)။ သူ့ရဲ့ပုံစံအတိုင်း အေးဆေးလိမ့်သွားလို့ရသည်။ မေလင်းမာန်နှင့် ချစ်သူတွေ ဖြစ်လာဖို့ဆိုတာ သိပ်မဝေးတော့သည့် အနေအထားမျိုး ဖြစ်ပါသည်။ အဲဒီလိုဖြစ်ဖို့အတွက်လည်း သူက အရမ်းကြီး try ဖို့ မလိုအပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဆို ကိုယ်သွားလိုက်ပါဦးမယ် မာန်"

"ကောင်းပါပြီ ကိုကျော်၊ see you"

ကျော်က မာန့်ရဲ့အဆုံးသတ် "see you"ဆိုသည့် စကားလေးကို သဘောကျစွာဖြင့် ပြုံးလိုက်ကာ ခေါင်းတစ်ချက်ဆတ်ပြပြီး "see you"ဟု ပြန်ပြောကာ ထွက်လာခဲ့သည်။ ဒီတိုင်းဆိုရင်တော့ ဘာရှော့ခ်လ်မှ မရှိပေ။ သူ့ရဲ့လေ့လာချက်များအရတော့ မာန့်ဘေးမှာ အမြဲရှိနေတတ်သည့် ငွေယွန်းမို ဆိုသူသည် မာန့်ရဲ့ဘော်ဒီဂတ်သဘောလောက်ပဲဖြစ်သည်။

သူမရဲ့အခန်းကဏ္ဍက ဘာမှမဟုတ်ချေ။ မေလင်းမာန် ... သူမဟာ ကျော့်ရဲ့နံပါတ်ဘယ်နခုမြောက် အသည်းနှလုံးလဲ ဆိုတာ သေချာမမှတ်မိပေမယ့် အဲဒီကောင်မလေးရဲ့တစ်ခုတည်းသော နှလုံးသားစစ်စစ်ကို သူက ချုပ်ကိုင်နိုင်ဖို့အတွက် ကြိုးတစ်ချောင်းပဲ လိုအပ်ပါသည်။





## ၃

ဒီနေ့က သူ့ရဲ့မွေးနေ့ဖြစ်တာကြောင့်မို့ သူက မနက်ငါးနာရီလောက်ကတည်းက အိပ်ရာမှထကာ ရေမိုးချိုးကိုယ်လက်သန့်စင်ပြီးသည်နှင့် အဝတ်အစားလဲကာ ဘုရားသွားဖို့ ပြင်ဆင်နေသည်။

သူ့ရဲ့(၂၇)နှစ်မြောက်မွေးနေ့မှာ သူဟာ သူများမိသားစုတွေထဲက သားသမီးတွေလိုမျိုး မိဘနှင့်အတူတူ ဘုရားတက်၊ breakfast စား စသဖြင့် အဲဒီလိုမျိုး ဖြတ်သန်းချင်တာဖြစ်သည်။

အဲဒီစိတ်ကူးဟာ သူ ကလေးဘဝကတည်းက မွေးနေ့ရောက်တိုင်းမှာ အလိုလိုပေါ်လာသော အတွေးဖြစ်သည်။ သို့ပေမဲ့ တစ်နှစ်မှ သူ့စိတ်ကူးဟာ အကောင်ထည် မပေါ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝမှာ ငွေကြေးပြည့်စုံပေမယ့် နွေးထွေးယုယမှုကတော့ အလွန်ကို တော်မွတ်ခေါင်းပါးခဲ့ရသည်။ ထားပါလေ ... အဲဒီအတွက်လည်း သူက မရနိုင်တော့မှန်း သိနေသဖြင့် သိပ်ပြီး စိတ်အားငယ်မနေခဲ့ပါ။

ကိုယ့်ရဲ့မွေးနေ့မနက်မှာ ဘုရားကို စောစောသွားသည်။ ကောင်းမှုကုသိုလ်လုပ်ပြီး ဘုရားပေါ်က အဆင်းမှာတော့ ဆိုင်တစ်ဆိုင်မှာ breakfast ဝင်စားသည်။ ပြီးရင်တော့ အိမ်ပြန်ကာ တစ်ယောက်တည်း အေးအေးလူလူ lunch အတွက် ပြင်ဆင်ချက်ပြုတ်သည်။

ညနေပိုင်းမှာတော့ birthday cake လှီးကာ တစ်ယောက်တည်းပဲ စားပစ်လိုက်သည်။ အဲဒါတွေဟာ သူ့ရဲ့နှစ်စဉ်နှစ်တိုင်း လုပ်နေကျ အပြုအမူတွေဖြစ်သည်။ ဒီနှစ်မှာလည်း သူဟာ ပုံမှန်နှုန်းဖြင့် ဘုရားသို့ ဦးတည်မောင်းလာခဲ့တော့သည်။

သူ ဘုရားသို့ရောက်လျှင်တော့ နံနက်အစောပိုင်းမို့ လူက ရှင်းနေပါသည်။ မွေးနံထောင့်ဖြစ်သည့် တနင်္လာထောင့်မှာ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် ကပ်လှူပူဇော်ကာ ဘုရားရှိခိုးပြီးနောက် ရင်ပြင်တော်ကို တစ်ပတ်ပတ်စဉ်မှာ မမျှော်လင့်





ထားပါသော လူတစ်ယောက်ကို သွားတွေ့လေသည်။ အစကတော့ သူလည်း အဲဒီတစ်ယောက်ကို မမှတ်မိပါ။ သူမက လှမ်းခေါ်တော့မှ သူ မှတ်မိတာဖြစ်သည်။

"ဟယ် ... ဦးလေးကြီး ဘုရားလာတာလား"

အဲဒီမိန်းကလေးဟာ ဟိုတစ်ခါ မေလင်းမာန်ကို လိုက်မည့်နေ့တုန်းက သူမကြောင့် လွဲသွားခဲ့ကာ သူ့ကိုလည်း "ဦးလေးကြီး"ဟု ထူးခြားစွာ ခေါ်တဲ့သူ ဖြစ်ပါသည်။

ရိုးရာချည်ထည် hand made ဝမ်းဆက်ကို လှပစွာ ဆင်ယင်ကာ ဖန်စီဆံထုံးပုံပုံလေး ထုံးထားသော သူမရဲ့ပုံစံဟာ နံနက်ခင်းနှင့် အတော်ပသာဒ ဖြစ်ပါသည်။ ကျော်သည် သူမရဲ့ အမေးကို ခေါင်းတစ်ချက် ဆတ်ပြကာ ...

"ဟုတ်တယ်၊ ဒီနေ့က ကိုယ့်မွေးနေ့လေ၊ ဒါကြောင့် စောစော ဘုရားတက်တာ၊ ဒါနဲ့ မင်းကကော"

"ကျွန်မက ယတြာလာချေတာလေ၊ ဒါနဲ့ ရှင့်မွေးနေ့ဆိုတော့ ရှင့်ကောင်မလေးနဲ့ ဘုရားအတူမတက်ဘူးလား၊ ဟိုတစ်ခါ ကျွန်မကြောင့် ရှင့်ကောင်မလေးနဲ့ လွဲသွားတာကို တောင်းပန်ပါတယ်နော် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တကယ်မရည်ရွယ်ပါဘူး၊ အဲဒီနေ့က"

သူမက တရှည်တလျား ပေရှည်နေတော့မှာစိုးတာကြောင့် ကျော်သည် သူမစကားမဆုံးခင်မှာ လက်ကာပြ၍ ...

"ရတယ် ... အေးဆေး၊ ကိုယ် နားလည်တယ်၊ ဒီလိုပဲ ဖြစ်တတ်တယ်၊ ကိုယ့်ကောင်မလေး ဆိုတာကလည်း ကိုယ်က လိုက်နေတုန်းပဲ ရှိပါသေးတယ်၊ ဘာမှမဟုတ်သေးပါဘူး၊ အဲဒီကိစ္စအတွက် worry များမနေပါနဲ့တော့"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ဦးလေးကြီးရယ်"

သူမရဲ့ အဲဒီအခေါ်အဝေါ်ကြောင့် သူက မျက်နှာရှုံ့မဲ့သွားသည်။ စကားပြောပုံ၊ ဝတ်ပုံ စားပုံတွေဟာ ခေတ်မီပါရက်နှင့် ဘာကိစ္စ ဒီအခေါ်အဝေါ်မှာမှ လာပိန်းနေရတာပါလိမ့်။

"အာ ... အဲဒီကျေးဇူးတင်တယ်ဆိုတာထက် ကိုယ့်ကို ဦးလေးကြီး မခေါ်စမ်းပါနဲ့ကွာ၊ ကိုယ်က အဲဒီလောက်တောင် အသက်ကြီးနေတဲ့ပုံစံ ပေါက်နေလို့လားကွ ဟင်"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ရှင့်ကို မြင်လိုက်တော့ သူ့အဲလိုလိုကို လွှတ်ခနဲ ခေါ်မိသွားတာ၊ ဆောရီးပဲ ... နောက် ဆင်ခြင်မယ်"





စကားပြောတာလေးက ချစ်စရာကောင်းသော အဲဒီကောင်မလေးရဲ့ပုံစံလေးကို သူက သဘောကျသွားကာ သူ့မွေးနေ့မှာ ဒါနပြုချင်စိတ်များ တဖွားဖွား ပေါ်လာသဖြင့် ...

"ဆင်ခြင်မယ်ဆိုလည်း ပြီးတာပါပဲ၊ ဒါနဲ့ ဒီနေ့က ကိုယ့်မွေးနေ့ဆိုတော့ မင်းကို ဆိုင်တစ်ဆိုင်ဆိုင်မှာ breakfast ဒါနပြုချင်တယ်၊ ကိုယ့်စေတနာပါ၊ မင်းဘက်က ဖြစ်နိုင်မယ်ဆိုရင်ပေါ့"

"အိုခေ ... ရပါတယ်၊ မိတ်ဖြစ်ဆွေဖြစ် ဒါနလေးမြောက်သွားအောင် လိုက်စားပေးတာပေါ့၊ ကျွန်မတို့ဆုံဖူးတာ နှစ်ခါရှိပြီဆိုတော့ သိနေပြီပဲဟာ၊ လူချင်းမရင်းနှီးရင် မစားရဘူးဆို စတုဒိသာကျွေးတယ်ဆိုတာ ပေါ်လာမှာတောင် မဟုတ်ဘူး ... နော်.

သွားတာပေါ့"

စကားပြောဆိုတဲ့ နေရာမှာ အရမ်းကို flexible ဖြစ်သော အဲဒီမိန်းကလေးကို သူက ဘော်ဒါတောင် ဖြစ်ချင်သေးပါသည်။ အဲဒီလိုနှင့် ကျော်သည် သူမကို Royal Garden မှာ ဒင်းဆမ်း တည်ခင်းဧည့်ခံကျွေးမွေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"thank you ... ဒါနဲ့ မွေးနေ့ရှင်ရဲ့နာမည်လေး သိခွင့်မရှိဘူးလား"

"ရှိပါတယ်ကွာ၊ ကိုယ့်နာမည်က ကျော်စူးရတဲ့"

ကျော်စူးရ ...။ အဲဒီလို သူ့နာမည်ကို ခပ်တိုးတိုး သူမဘာသာရွတ်ကာ သူ့ကို တစ်ချက်လှမ်းကြည့်ကာ ခေါင်းဆတ်ပြပြီး ...

"အင်း ... နာမည်နဲ့ လူနဲ့ လိုက်ပါတယ်"

"မြှောက်နေပါပြီကွာ၊ မင်းနာမည်ကော ကိုယ်သိခွင့်ရှိမလား"

သူမက ကော်ဖီသောက်လက်စကို အရင်မော့လိုက်ပြီးမှ သူ့ကို အပြုံးတစ်ချက်ဖြင့် ဖြေလေသည်။

"ပိုးကလေးပါ"

ပိုးကလေးတဲ့။ နာမည်လေးကတော့ ချစ်စရာလေးဖြစ်သည်။ ဒါဖြင့် လူကကော။ လူကလည်း နာမည်နှင့်လိုက်ဖက်ပါပေသည်။ သူမက ချောတယ်ဆိုတာထက် attraction ရှိတယ်ဟု ပြောရင် ပိုမှန်ပေသည်။ အသားအရေက ဖြူတယ်ဆိုပေမယ့် စိမ်းဖန့်ဖန့်လေး ဖြစ်နေ၍ တစ်မျိုးထူးခြားပေသည်။ သူမရဲ့မျက်နှာ





ဟာ သူ့အသိထဲက တစ်ယောက်ယောက်နှင့် ဆင်သလိုတောင် ခံစားရပေသည်။

ဘယ်သူနှင့် ဆင်တာပါလိမ့် ? ။

"ပိုးကလေး ... မင်းနဲ့ကိုယ် ဘော်ဒါလုပ်လို့ရလား"

"အိုး ... ရတာပေါ့၊ ကိုယ့်ကို ခင်တဲ့သူတစ်ယောက် တိုးတာပဲဟာ၊ warmly welcome ပေါ့"

သူမဟာ ထင်ထားတာထက်ပိုပြီး စကားပြောလို့ကောင်းပေသည်။ လူတစ်ဖက်သားအပေါ် စကားပြောပုံဆိုပုံဟာ ပေါ့ပေါ့ပါးပါးနဲ့ နွေးနွေးထွေးထွေး ရှိလှသည်။ ဟန်ဆောင်ပန်ဆောင်ကင်းကာ ပဲဝေးသော ပိုးကလေးကို သူက တစ်မျိုးလေးမို့ ခင်ချင်တာ ဖြစ်ပါသည်။

တခြားအကန့် လုံးဝမပါပါ။

"အိုခေ ... ဒါဆို ကိုယ်တို့က ဘော်ဒါတွေဖြစ်သွားပြီဆိုတော့ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်တာပေါ့ ...

ကိုယ့်နာမည်က ကျော်စူးရ၊ ကိုယ်က ကွန်ပျူတာနဲ့ ဘွဲ့ရပြီးပြီ၊ လက်ရှိမှာ သူငယ်ချင်းတစ်ယောက်ရဲ့ Export ကုမ္ပဏီမှာ ရှယ်ယာဝင်ထားတယ်၊ ကိုယ်က ကားအလှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်တာတို့၊ Audio ဒီဇိုင်းဆင်တာတို့ကို စိတ်ဝင်စားတယ်၊ အားရင်အားသလို internet သုံးတယ်၊ game ဆော့တယ်၊ music ကတော့ ကိုယ်နဲ့မခွဲအတူ ရှိနေတတ်တယ် ...

အဲဒါက ကိုယ့်အကြောင်းပဲ၊ မင်းကကော ...

ကျော်ရဲ့အမေးကို သူမက စားလက်စတန်းလန်းမှ မျိုချနေရင်း လက်ထဲမှ ကိုင်ထားသော တူနှစ်ချောင်းကို တယမ်းယမ်းဖြင့် ...

"ကျွန်မက Bussiness management နဲ့ ကျောင်းပြီးသွားပြီ၊ နိုင်ငံခြားမှာ ပညာသင်ဖို့အတွက် full scholarship ရအောင် ကြိုးစားနေတယ် ...

လက်ရှိမှာတော့ အဲဒီအတွက် လိုအပ်မယ်ထင်တဲ့ သင်တန်းတွေတက်တယ်၊ ကျွန်မ စိတ်ဝင်စားတာကတော့ တစ်ပုံကြီးပဲ၊ ကွန်ပျူတာ၊ internet, iphone, ipad စသဖြင့်ပေါ့ ...

music ကတော့ ဘာလာလာပဲ မြန်မာ၊ တရုတ်၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန် အားလုံးနားထောင်တယ်၊ ပြီးတော့ ဝတ္ထုဖတ်တယ် ...





အဲဒီလောက်ပဲ။ ကျွန်မရဲ့ဝါသနာတွေက light ဖြစ်ပါတယ်"

ကျော်သည် ပိုးကလေးရဲ့စိတ်နေစိတ်ထားကို ခန့်မှန်းကြည့်ရင်တော့ သူမက ပျော်ပျော်နေပြီး ပေါ့ပေါ့ပါးပါးပုံစံမျိုးရှိသည်။

"ဩော် ... ဒါနဲ့ ရှင့်ကောင်မလေးကကော အခြေအနေဘယ်လိုလဲ"

"သူက EPP တက်နေတာလေ၊ လုံးဝအမာဒီဇိုင်းလေးဆိုတော့ စိတ်ရှည်သည်းခံရတာပေါ့၊ မင်းကော boy friend မရှိဘူးလား"

သူ့အမေးကြောင့် ပိုးကလေးက ဖျတ်ခနဲ သူ့ကို ကြည့်လိုက်သည်။ ပြီးတော့ အဓိပ္ပာယ်ပါသည့် အပြုံးတစ်ခုပြုံးကာ ...

"ယောကျ်ားလေးသူငယ်ချင်းတော့ ရှိတာပေါ့၊ ရှင်ပြောတဲ့ အဓိပ္ပာယ်မျိုးကိုတော့ လုံးဝအုံးမစားလို့ မထားဘူး"

ပိုးကလေးရဲ့အဖြေကြောင့် သူက အသာပြုံးမိပါသည်။ အဲဒီလို ကြွပ်ဆတ်ဆတ် မာကျောကျော ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တွေမှာကော အချစ်ရှိလား။ သူ အဲဒါတော့ မသိပါ။ ဒါပေမဲ့ သူ့ ရင်ထဲမှာတော့ အချစ်ဆိုတာ ဗလာကြီးဖြစ်နေသည် ဆိုတာကို တော့ သူ့ဘာသာ သူသိပါသည်။

သူတွဲခဲ့သမျှ ကောင်မလေးတွေထဲမှာ ဘယ်သူ့ကိုများ ရင်ခုန်ခဲ့ဖူးသလဲ။ သူ့ဘော်ဒါတချို့က ပြောကြသည်။ အချစ်ဟာ ဘဝရဲ့အားဆေးတဲ့။

ဟုတ်လား။ အချစ်ဆိုတာ ဘဝရဲ့အားဆေးတဲ့လား။ အဲဒီလောက်ထိ ဘာကြောင့် အချစ်ကို ညွှန်းနေရတာလဲ။ သူက တော့ အချစ်ဆိုတာကို လုံးဝအယုံကြည်မရှိခဲ့ပါ။

"ကဲ ... ကျွန်မတို့ ပြန်ကြရအောင်၊ အခုလို မွေးနေ့မှာ ဒါနပြုတဲ့အတွက် ကျော်စူးရှကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ ကိုယ့်အတွက်က မင်းနဲ့ ခင်မင်ခွင့်ရတာ အမြတ်ပေါ့၊ ကိုယ် မင်းဆီ ဖုန်းဆက်လို့ ရမလား ပိုး ကလေး"

သူမက ဖုန်းနံပါတ်တစ်ခုကို ရွတ်ပြလိုက်သည်။ ကျော်သည် ဖုန်းထဲမှာ save လုပ်ပြီး နောက်မှာတော့ ခေါင်းတစ် ချက်ဆတ်ကာ ...





"ကိုယ် ဖုန်းဆက်မယ်နော်၊ မင်းနဲ့ စကားပြောရတာ မိုက် တယ် ...

ကိုယ်တို့ နောက်တစ်ကြိမ်တွေ့ဖို့ မျှော်လင့်တယ်"

"ရပါတယ် ဆက်ပါ၊ ဟုတ်လိမ့်မယ် ...

ရှင်ပြောသလိုပဲ ကျွန်မတို့ နောက်တစ်ကြိမ်ထပ်ပြီး တွေ့ရဦးမယ်"

ပိုးကလေးက အဲဒီလိုပြောပြီးနောက် သူ့ကို နှုတ်ဆက်ကာ ထွက်သွားတော့သည်။ ပိုးကလေးနှင့် သူ နောက်တစ် ကြိမ်တွေ့ဆုံဖို့ အကြောင်းဖန်လာတာကတော့ ကံကြမ္မာရဲ့ကျီစယ်မှု ကြောင့်လို့ပင် ပြောလို့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က သူဟာ တစ်နေကုန် ဘယ်မှမသွားဘဲ အိမ်မှာပဲ အေးအေးဆေးဆေး အခွေကြည့်ဖြစ်သည်။ သူက အေးရာအေးကြောင်း ရုပ်ရှင်ကြည့်နေစဉ်မှာပင် သူ့ထံသို့ ဖုန်းတစ်ကောက ဝင်လာလေသည်။ Display မှာ ပေါ်နေသော နံပါတ်ကိုကြည့်လိုက်လျှင် သူဟာ တော်တော်အံ့သြသွားမိသည်။ ဟင် ... ဒီဖုန်းဟာ တစ်မြန်နေ့က သူ ပိုးကလေးဆီက တောင်းထားသော ဖုန်းနံပါတ်ဖြစ်သည်။ ဒါဆို ဆက်တဲ့သူက ပိုကလေးပေါ့။

အဲ ... နေပါဦး။ အဲဒီနေ့က သူကသာ ပိုးကလေးဆီက ဖုန်းနံပါတ်တောင်းခဲ့တာပါ။ သူ့ရဲ့ဖုန်းနံပါတ်ကို ပိုးကလေးအား မပေးခဲ့ပါဘူး။ ဘယ်လိုဖြစ်တာပါလိမ့်။ သူက သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ဖုန်းကိုင်လိုက်သည်။ သူ့ဘက်





က ဟယ်လိုတောင် မလုပ်ရသေးခင်မှာပဲ သူမရဲ့တက်ကြွရွှင်လန်းသော အသံကို ကြားရသည်။

"နန္ဒာမ ... ဘာတွေ အရှုပ်တွေ လုပ်နေလဲ"

နန္ဒာမ ... တဲ့။ အင်း ... ဒါဆိုရင် သူမ ဖုန်းမှားတာပေါ့။ ဖုန်းမှားတာကတော့ သူ့ဆီ မှားဝင်လာတယ်ဆိုရင်တော့ တော်တော် အံ့သြဖို့ကောင်းလေသည်။ ကျော်သည် ပြုံးရုံသာပြုံးလိုက်ပြီး သူမကို နောက်လိုက်သည်။

"အရှုပ်တွေ မလုပ်ပေမယ့် အလုပ်တွေတော့ ရှုပ်နေတယ် ပိုးကလေးရဲ့၊ မင်း ဖုန်းမှားနေတယ်၊ ကိုယ်က ကျော်စူးရှပါ"

"အမ် ... ဒါ (513----9)မဟုတ်ဘူးလား၊ ပြီးတော့ ရှင်က ကျော်စူးရှ ... ဟုတ်လား၊ ဘာတွေတုံး"

အဲဒီ "ဘာတွေတုံး"ဆိုသော စကားဟာ ဘာမှမဟုတ်ပါဘဲနှင့်ကို နားထဲမှာ တော်တော်နားထောင်လို့ကောင်းပါသည်။ သူမက နားရှုပ်သွားဟန်ဖြင့် ပြောပုံဟာ သူ့အဖို့တော့ နားထဲမှာ sweet ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပြမယ်၊ မင်း အခုဆက်တဲ့ နံပါတ်က (513---6)ပါ၊ ကေန္ဒတော့ ဖုန်းနံပါတ် မှားနိပ်တယ်တူတယ်၊ ဒါပေမဲ့ အဲဒီမှားယွင်းမှုက တိုက်တိုက်ဆိုင်ဆိုင် ကိုယ့်ရဲ့ဖုန်းဖြစ်နေတယ်"

"ဟယ် ... ဟုတ်လား၊ တိုက်ဆိုင်လိုက်တာနော်၊ ကျွန်မဆက်တဲ့ဖုန်းက ကျော်စူးရှရဲ့ဖုန်း ဖြစ်နေတယ်"

သူမက ပြောလည်းပြော ရယ်လည်းရယ်နေသဖြင့် သူဟာ ဒီဘက်မှာ နှုတ်ခမ်းကိုက်ပြီး ပြုံးနေမိသည်။

"ပိုးကလေး ... ကိုယ်တို့ စကားဆက်ပြောကြရအောင်လား"

"အမယ် ... ဘာတွေများ ပြောစရာရှိလို့လဲ၊ ဖုန်းခတွေက ဈေးတက်သွားပြီ၊ တစ်မိနစ်ကို ငါးဆယ်ဖြစ်သွားပြီ၊ အရည်မရ အဖတ်မရတွေ လေကန်နေရင်း ကြာသွားရင် ဘေလ်တွေ ထိလာလိမ့်မယ်၊ ဖြစ်ပါဘူး"

ကျော့်ရှ အဲဒီတော်လ်ကီကို အခွင့်အရေးတစ်ခုလို ပိုင်နိုင်စွာနင်းကာ သူမကို လှမ်းကမ်းလှမ်းလိုက်သည်။





"ဖုန်းဘေလ်တက်မှာစိုးရင် အပြင်မှာတွေ့မယ်လေ၊ ပိုးကလေး အခု အားလား၊ ရာသီဥတုကလည်း ကိုယ့်ဘက်ပါနေတဲ့ မိုးဖွဲဖွဲလေး၊ ပြီးတော့ အချိန်ကလည်း ညနေစောင်းလေးဆိုတော့ အခုနေ ကြေးအိုးလေးသောက်ပြီး စကားပြောလိုက်ရရင် ..."

"Good ... Good အဲဒီအကြံ သိပ်ကောင်းတာပဲ၊ မဆိုးဘူးရှင်နဲ့ ကျွန်မက ရှင်ဘတ်ချင်းနီးတယ်၊ ကျွန်မလည်း ကြေးအိုးစားချင်နေတာ တစ်ယောက်တည်း စားရမှာပျင်းလို့ ကျွန်မသူငယ်ချင်းကို လှမ်းအဖော်ညှိတာ မမျှော်လင့်ဘဲ ရှင်နဲ့စားဖို့ ဖြစ်လာတယ်၊ အိုကေ ... သွားမယ်လေ"

သူက အရမ်းကို warmly ဖြစ်သော ပိုးကလေးကို တော်တော်ခင်လာပြီဖြစ်သည်။ တော်တန်ရုံမိန်းကလေးကို အထင်မကြီးတတ်ဘဲ ခပ်ပေါ့ပေါ့ဆက်ဆံတတ်သော သူ့အဖို့တော့ ပိုးကလေးဟာ ဘယ်သူနှင့်မှ မတူဘဲ တစ်မူထူးကာ သူနှင့် heart to heart ဖြစ်ပါသည်။

"ဒါဆို သွားမယ်လေ၊ ကိုယ် လာခေါ်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



“အိုး ... နိုး မလာနဲ့၊ ဘယ်ဆိုင်လဲသာပြော၊ ကျွန်မလာခဲ့မယ်”

သူ့ကို ဘောလုံးပုတ်လိုက်သောအခါ သူက လည်းတယ်ဟာဆိုပြီး ညစ်ကျယ်ကျယ် တစ်ချက်ပြုံးကာ ...

“ဘာလဲ ... ချစ်သူ သိသွားရင် ရှင်းရခက်မှာစိုးလို့လား”

“အယ် ... ဟုတ်ပါဘူးဟယ်၊ ချစ်သူက အေးဆေးပါ၊ ကျွန်မက do ဆို do ၊ die ဆို die ပဲ၊ ဟဲ ... ဟဲ ... သိတယ်မှလား ပိုးကလေးလေ”

“ဘာလဲ ... ပိုးကလေး၊ မင်းက လိုင်စင်ရှိပြီးသားပါလို့ ကြေညာလိုက်တာပေါ့လေ၊ ကြွားတာလား”

သူ့အပြောကို ပိုးကလေးက ဘာမှပြန်မဖြေသေးဘဲ တဟင်းဟင်းနှင့် ရယ်နေလေသည်။ သူမ ရယ်နေပုံလေးဟာ အရမ်းနားထောင်လို့ ကောင်းပါသည်။ ကလေးငယ်လေးတစ်ယောက်ရဲ့ ဖြူစင်ရှင်းသန့်စွာ ရယ်နေသံလေးဖြစ်သည်။

“မကြွားပါဘူး၊ ကဲ ... ထားပါ၊ ဘယ်ဆိုင်လာခဲ့ရမလဲသာပြော၊ လာခဲ့မယ်”





“မင်းပဲ ရွေးလိုက်ပါ၊ တော်ကြာ ကိုယ်ပြောတဲ့နေရာနဲ့ မင်း လာရမယ့်နေရာက ဝေးနေရင် မကောင်းဘူးလေ၊ ကိုယ်ကတော့ ဘယ်မှာဖြစ်ဖြစ် လာလို့ရတယ်”

“I see ... I see ဒါဆို ရှင်လည်း နေရာတွေရွေး လမ်းရွေး မဖြစ်ရအောင် YKKO ပဲ သွားမယ်လေ၊ ဆရာစံလမ်းကဆိုင် လာခဲ့လိုက်၊ r u ok ? ”

“အိုခေ ... လာခဲ့မယ်၊ အရင်ရောက်တဲ့လူ ဖုန်းဆက်ကြေး”

သူက ဖုန်းပိတ်ကာ ကြေးအိုးဆိုင်သွားဖို့ ပြင်ဆင်လေတော့သည်။ ကိုရီးယားမင်းသားလေးတွေဝတ်သော ကော်လာအထပ်ပုံစံဖြင့် ကော်လာအသားပေးတီရှပ် ခရမ်းပုပ်ရောင်ကို Evisu တံဆိပ် skinny ဘောင်းဘီအနက်ဖြင့် အမိုက်စားဝင်ဆင်ကာ ဆံပင်ကို နည်းနည်းရှိုင်းလိုက်သည်။ ပြီးရင်တော့ သူ့နားက စိန်နားကပ်တစ်ဖက်ကို ဖြုတ်ကာ မဟူရာကျောက်နားကပ်အပြားလေးကို လဲပန်လိုက်သည်။

အပြီးသတ်အနေဖြင့် သူဟာ adidas ရဲ့ Dynamic Pulse ရေမွှေးကို ဆွတ်ဖျန်းပြီးသောအခါ လန်းဆန်းသော စိတ်အဆင်ဖြင့် ဖုန်းကိုအိတ်ထဲထည့်ကာ ကားသော့ကိုယူ၍ YKKO ကို ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူရောက်ခါနီးမှာတော့ ပိုးကလေးဆီက message ဝင်လာသည်။ သူ ရောက်ပြီ ဆိုပြီး ပို့တာဖြစ်သည်။ ကျော်သည် သူမကို ဗလာ message တစ်စောင် ပြန်ပို့လိုက်သည်။ အိုခေဆိုသည့်သဘောဖြစ်သည်။

သူက ပါကင်ထိုးကာ ဆိုင်ထဲသို့ဝင်လာလျှင် ပိုးကလေးက သူ့ကိုမြင်ကာ လက်လှမ်းပြသည်။ ဟ ... ဝတ်တာတွေက လန်းလှချည်လား၊ အိမ်မိုဒီဇိုင်းကာတွန်းရုပ်လေးတွေပါဝင်သော ဖစ်တင်တီရှပ်ခဲရောင်ကို alter coat အစိမ်းကွက် လက်တိုကို ခပ်ပါးပါးလေးခေါက်ကာ ဂျင်းကျပ်ကျပ်ဖြင့် အမိုက်စားဝတ်ထားတာဖြစ်သည်။ လက်မှာလည်း ငွေရောင်ကွင်းတွေကို အထပ်ထပ်ဝတ်ကာ တော်တော်ကိုလန်းတာဖြစ်သည်။ ကြည့်ရတာ သူမက ပန့်(ခ်)မလေး ထင်သည်။

"အဟဲ ... မတွေ့ရတာ နှစ်ရက်ကြာတဲ့နောက်မှာ အရမ်းလန်းလာသလားလို့"

"ဒါက free style ပါ၊ ကျွန်မက ဒီလိုပဲ ဝတ်နေကျရှင့်၊ ရှင်သာ ထူးခြားနေတာ၊ ပြီးခဲ့တဲ့ရက်တွေက ရှင်က ပုဆိုးနဲ့ရှပ်ပဲ ဝတ်တာမှုလား၊ something is wrong"





"အဟဲ ... မင်း မှာပြီးပြီလား"

"မမှာရသေးဘူး၊ ရှင် ဘာစားမှာလဲ၊ ကျွန်မက ကြေးအိုးဝက်သားနဲ့"

"ကိုယ်က ကြေးအိုးချဉ်စပ် ဝက်နဲ့ပဲ"

ဝိတ်တာကို မှာပြီးနောက်မှာတော့ ခုနက သူ ဖြတ်လိုက်သည့် စကားကို သူ့ဘာသာပဲ ပြန်စလိုက်သည်။ ပြောရရင်တော့ မေလင်းမာန်ကို လိုက်တဲ့အချိန်မှာသာ သူက ရိုးသားတဲ့ ဖိုးသစ္စာဒီဇိုင်း ဖမ်းထားတာဖြစ်သည်။

ဟိုတစ်ခါတုန်းကတော့ မွေးနေ့မို့ ပုဆိုးနှင့်ရှပ်ဝတ်သွားတာဖြစ်သည်။ အင်းလေ ... သူမ မြင်ထားတာနှင့် အခု သူ့ဒီဇိုင်းက တော်တော်ကွာနေတာကိုး။ ဒါပေမဲ့လည်း ပိုးကလေးယုံအောင်တော့ သူ လိမ်ရပေဦးမည်။

ဖြူဖြူစင်စင်နဲ့ လွတ်လပ်စွာ ခင်မင်မှုမှာ သူ ဘာဆိုတာကို သူမကို တကယ်ပဲ မသိစေလိုပါ။ အဲဒီအတွက် သူဟာ ဇာတ်ကွက်ခင်းရတော့သည်။

"ခုနက ပြတ်သွားတဲ့စကား ဆက်လိုက်ဦးမယ်၊ ပိုးကလေးပြောသလို something is မ wrong ပါဘူး၊ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့် ခုမြင်နေကျ စတိုင်လ်ပဲ ဝတ်တယ်၊ but မာန့်ဆီသွားတွေ့ရင်တော့ ကိုယ်က ဟိုလိုပုံမျိုးဝတ်တယ်၊ ကိုယ် နှစ်သက်တာကတော့ ပုဆိုးနဲ့ရှပ်ပေါ့၊ အခုလိုဝတ်တာကတော့ sometime မှပါ၊ အဲဒီလို"

"ဩော် ... အိုက်သလိုကိုး"

P.S ..... အိုက်သလိုကိုး = အဲဒီလိုကိုး။

(သူမရဲ့ထူးခြားတဲ့ စတိုင်လ်တွေထဲက စတိုင်လ်တစ်ခုပဲ ဖြစ်ပါသည်။)

ဝိတ်တာက စားပွဲတွေ လာချလျှင် ပိုးကလေးသည် အပီဆွဲတော့မည့်ဒီဇိုင်းဖြင့် နှာခေါင်းကို လက်ဖြင့်တစ်ချက်ပွတ်ကာ တူကိုဖောက်လိုက်ပြီး သူ့ကို မေးတစ်ချက်ဆတ်ကာ ...

"ကဲ ... ဆွဲနော် ကျော်ရှူးရှ၊ ကျွန်မကတော့ ဗိုက်ဆာနေလို့ ဆွဲပြီ၊ I like best "

ပိုးကလေးရဲ့ ကြေးအိုးစားပုံကို သူက တစ်ချက်ငေးကာ သူပါ ဗိုက်ပိုဆာလာသလို ရှိလာကာ နှစ်ယောက်သားခေါင်းမဖော်တမ်း စားကြတော့သည်။ တော်တော်လေးစားပြီးနောက်မှာတော့ သူမက ရေတစ်ငုံသောက်လိုက်ကာ ...





"ကျော်ရှူးရှက ရန်ကုန်ဇာတိပဲလား"

"ဆိုပါတော့ ... ပိုးကလေးကကော"

"ကျွန်မက မန္တလေးမှာ ကြီးတာလေ၊ ရန်ကုန်ရောက်တာ မကြာသေးဘူး ဆိုပါတော့"

ကျော်သည် သူမရဲ့ပုံစံလေးကို ငေးကြည့်နေရတာဟာ ရင်ဘတ်ထဲမှာ သရီးသရီ ခံစားမှုတစ်ခုကို ခံစားရလေသည်။ ဟ ... အဲဒါ ဘာဖြစ်တာလဲဟ။ ထားပါ ... ဒါ့ထက် ပိုးကလေးရဲ့အချစ်အကြောင်းကို တစေ့တစောင်းတော့ မေးကြည့်ဦးမှ။

"ဒါ့ထက် ပိုးကလေးရဲ့ချစ်သူကကော မန္တလေးကပဲလား"

သူ့မေးခွန်းကြောင့် သူမက ညစ်ကျယ်ကျယ်ပြုံးကာ သူ့ကို စိုက်ကြည့်ပါသည်။ ဒီအကြည့်တွေကို သူ မြင်ဖူးနေသလိုရှိခဲ့သည်။ အဲဒီနောက်မှာတော့ ထုံးစံအတိုင်း ပြောင်သလိုနောက်သလို ပုံစံလေးဖြင့် ပြန်ပြောသည်။

"ချစ်သူကလား ... သူက မန္တလေးမှာမဟုတ်ဘူး၊ ဒို့ထက်ဝေးတဲ့ နေရာမှာလေ၊ ကျွန်မက သူ့ကို စိတ်မချပါဘူး၊ ဒါပေမဲ့ သူ ကျွန်မကို ချစ်တာကိုတော့ ယုံတယ်"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဩော်ဟု ခပ်တိုးတိုးပြောကာ ခေါင်းတဆတ်ဆတ်လုပ်ပြီးနောက် ဘာမှဆက်မပြောတော့ဘဲ ကြေးအိုးပဲဆက်စားနေလျှင် သူမသည် ဟက်ဟက်ပက်ပက်ကို ရယ်မောနေပါသည်။ သူက "ဘာရယ်တာလဲ"မေးလျှင် သူမက ရယ်တာကို အသောသတ်ကာ သူမပိုက်ဆံအိတ်ထဲက ဘူးလေးတစ်ခုကိုထုတ်ကာ သူ့ရှေ့သို့ တွန်းပို့လိုက်ပြီး ...

"ဒါ ရှင့်အတွက် မွေးနေ့လက်ဆောင်ပါ၊ ရှင်နဲ့ ပြန်ဆုံရင် ပေးမယ်လို့ ရည်ရွယ်ပြီး ဝယ်ထားတာ"

မွေးနေ့လက်ဆောင် ...။ အဲဒီစကားလုံးကြောင့် သူဟာ လေထဲမှာ လွင့်မျောသွားသလို ခံစားမိပေသည်။ သူ့ကို ပိုးကလေးက မွေးနေ့လက်ဆောင် ပေးတာပေါ့။ အဲဒီဖီလင်ကြောင့် သူ့ရင်ထဲ စိမ့်ခနဲအေးသွားပါသည်။ ဘဝမှာ မှတ်မှတ်ရရ သူစိမ်းတစ်ယောက်ဆီက ပထမဆုံးရခဲ့သည့် မွေးနေ့လက်ဆောင်ပင်ဖြစ်ပါသည်။

"ကျေးဇူးအများကြီး တင်ပါတယ် ပိုးကလေး"

"ရပါတယ်၊ ဩော် ... ဒါနဲ့ ရှင်က ကျွန်မချစ်သူ ဘယ်မှာလဲဆိုပြီး ဘာလို့ ဆက်မမေးတော့တာလဲ"





အင်း ... ပိုးကလေးဆိုသော ကောင်မလေးဟာ သူ့ချစ်သူကိုတော့ အရမ်းချစ်ပုံရသည်။ ပိုးကလေးက အချစ်ကို ယုံသတဲ့လား။ အေးပေါ့လေ ... မိန်းကလေးတွေဟာ အချစ်ကို ရူးသွပ်ကြတာပဲလေ။ အဲဒါကို သူ သိသည်လေ။

"ဘယ်မှာလဲဟင်"

သူမက သူ့အမေးကြောင့် ထပ်ရယ်ပြန်ပါသည်။ သူ့ရဲ့မိန်းကလေးတွေကော ဒီလိုမျိုး သူ့ရှေ့မှာ ဟက်ဟက်ပက်ပက် ရယ်ကြရဲ့လား။ ဟင့်အင်း ... ရှက်ပြုံးတစ်ခုကိုသာ မြင်ဖူးခဲ့ပါသည်။

"အဟင်း ဟင်း ... ကျွန်မရဲ့ချစ်သူက ကိုရီးယားမှာလေ၊ လီမင်ဟိုတဲ့ ... သူက ကျွန်မကို အရမ်းကြွေတာလေ"

"ဟမ်"

ရုတ်တရက် သူဟာ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားရသည်။ ပြီးတော့မှ နှစ်ယောက်သား ပြိုင်တူရယ်မောလိုက်မိသည်။

"ဟဲ ... ဟဲ၊ မထင်ရဘူးနော်၊ ကျွန်မ ပေါတယ်မှလား"

"ဟား ... ဟား"



www.burmeseclassic.com

www.burmeseclassic.com



သူက တကယ်ကိုပဲ သဘောတကျ ရယ်မိပါသည်။ သူ့ကို အဲဒီလို ဟက်ဟက်ပက်ပက် ရယ်မောနိုင်အောင် စွမ်းဆောင်နိုင်သူမှာ ဟာသရုပ်ရှင်တွေ၊ ဟာသဝတ္ထုတွေလည်း မဟုတ်။ ပွင့်လင်းဖြူစင်သော ပိုးကလေး တစ်ယောက်သာ ရှိသည်။

သူတို့က နောက်ရင်း ပြောင်ရင်းနှင့် စားသောက်နေစဉ်ဝယ် သူ့ထံသို့ ဖုန်းတစ်ကော ဝင်လာလေသည်။ မေလင်းမာန်ဆီကဖုန်း ဖြစ်ပါသည်။ သူမဟာ ဘယ်တုန်းကမှ သူ့ဆီကို ဖုန်းဆက်လေ့ဆက်ထ မရှိပါ။

ကျော်သည် ပိုးကလေးရဲ့မျက်နှာကို တစ်ချက်လှမ်းကြည့်ကာ "Excuse me"ဟု ပြောပြီး ဖုန်းကိုင်လိုက်တော့သည်။

"အင်း ... မာန် ပြော"

"ဖုန်းဝင်နေတာကြာပြီ၊ ဘာလို့ ချက်ချင်းမကိုင်တာလဲ"

အာ ... စရစ်ပြီ။ သူဟာ ဘာကြောင့်များ ဒီကောက်တေးမလေးကို လိုက်ပါမည်ဟု ငပေါက်ကို အာမဘန္ဒေခံမိသလဲ မပြောတတ်ပါ။ မေလင်းမာန် ဆိုသော ကလေးမကို ချဉ်းကပ်ရရတာဟာ အင်မတန် လွယ်ကူလှပေမယ့် သူ့အရစ်ကိုတော့ ရေလည်ခံရတာဖြစ်သည်။





သူကလည်း အဲဒီလို ညုကလီးယားနှင့် ကောက်နေလျှင် ဘယ်လိုဗီလင်ထည့်ပြီးမှ စကားမပြောချင်ပါ။ ဒါပေမဲ့လည်း ဒီတစ်ယောက်ကိုတော့ သူ တော်တော် လျှော့ပေးထားပါသည်။

"ကိုယ့်သူငယ်ချင်းနဲ့ အပြင်ရောက်နေလို့ မာန်ရဲ့၊ အဲဒါကြောင့်မို့ ဖုန်းသံမကြားတာပါ ...

ပြော ... ကိုယ့်ဆီဆက်တာ ဘာကိစ္စ"

"မနက်ဖြန်ကျရင် မာန်တို့သူငယ်ချင်းတွေ picnic ထွက်မှာ၊ အဲဒါ ကျောင်းကို ကိုကျော် လာနေရင် စိတ်ပူမှာစိုးလို့ လှမ်းဆက်တာ ...

မနက်ဖြန် မလာနဲ့နော်၊ ညကျမှ ဖုန်းဆက်လိုက်ပေါ့၊ ကိုကြီး ဖုန်းကို စောင့်နေမယ်၊ ဒါပဲနော်"

သူမက ပြောချင်တာပြောကာ ဖုန်းချသွားပါသည်။ မာန်ဟာ သူတွဲခဲ့သမျှ ကောင်မလေးတွေထဲမှာတော့ အရမ်းကိုကလေးဆန်လွန်းသူ ဖြစ်ပါသည်။ သူမဆီက အဖြေမရသေးပေမယ့် သူဟာ အခြေအနေကို သဘောပေါက်နေသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေယွန်းမိုရဲ့ရှေ့ရောက်ရင်တော့ သူ့ကို တည်တည်ဆက်ဆံပေမယ့်၊ ငွေယွန်းမို မရှိဘူးဆိုရင်တော့ သူ့ကို "ကိုကြီး" ဟု နာမ်စားခေါ်ကာ နွဲ့ဆိုး,ဆိုးလေသည်။ အားလုံးက သူ့ခွင်ထဲ အတိအကျပင် ရောက်နေသည်။ သူမဆီက အဖြေစကားတစ်ခွန်း ဝန်ခံဖို့သာ လိုတော့တာဖြစ်သည်။

"ဘာလဲ ... ချစ်သူဆီကလား"

"ဆိုပါတော့"

"အင်း ... ကျော်စူးရှရဲ့ ကောင်မလေးက တော်တော်တော့ ချောမှာပဲနော်၊ ကျွန်မ မှန်းကြည့်တာပါ"

ချောလား။ သူက ပိုးကလေးရဲ့အပြောကြောင့် သူ့ဘာသာသူ မာန်ရဲ့ပုံစံကို ပြန်မြင်ယောင်မိသည်။ ချောတာထက် ဂျစ်တိုက်တတ်တာကတော့ စိတ်ညစ်စရာဟု ပြောရမည်ထင်ပါသည်။ ကျော်သည် မထိတရီ အပြုံးတစ်ခုဖြင့်ပင် ခေါင်းဆတ်ပြကာ ...

"ချောပါတယ်၊ သူက အရမ်းပြည့်စုံလွန်းပါတယ်"

သူက သူ့အဓိပ္ပာယ်နှင့်သူ ပြောလိုက်တာကို ပိုးကလေးက ဘာတွေပေါက်သွားသလဲ မပြောတတ်တော့ပါ။ ခေါင်း





တဆတ်ဆတ်ညိတ်ကာ အပြုံးတစ်ခုဖြင့် ဆက်စားနေတော့သည်။ ပိုးကလေးကို သူ့ရဲ့အဖြူထည်စိတ်တစ်ခုဖြင့် ခင်မင်ခဲ့လို့ တစ်ကွက်လျှိုထားတယ်ဆိုတာ သူမ မသိစေချင်ပါ။

အဲဒီအတွက် သူ ပြုံးခဲ့ပါသည်။

(ဖြူစင်ရိုးသားစွာ)။

❦ ○ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

ပိုးလေးသည် လူရှင်းသော စားသောက်ဆိုင်တစ်ခုရဲ့သီးသန့်ခန်းထဲမှာ တစ်စုံတစ်ယောက်ကို စောင့်နေတာ နာရီဝက်ကျော်နေပြီဖြစ်သည်။ ရင်တမမနှင့် လာမှလာပါ့မလားဆိုသော အတွေးကြီးကို ခေါင်းထဲထည့်ကာ စောင့်နေရသော ဒုက္ခလောက်ကြီးတဲ့ဒုက္ခမျိုး မရှိနိုင်ပါ။

"အချိန်ဟာ ငွေတွေရလာအောင် ဆောင်ကြဉ်းပေးနိုင်တဲ့ ကျေးဇူးရှင်"ဟု ကြွေးကြော်နေတဲ့သူဟာ အခုတော့ဖြင့် ချိန်းထားတဲ့ အချိန်ထက် နာရီဝက်တောင် နောက်ကျနေသည်ဆိုတာ သူ သိရော သိရဲ့လား။





တံခါးချပ်က ဖျတ်ခနဲပွင့်လာလျှင်တော့ ပိုးလေးသည် ဝင်လာတဲ့သူကို တစ်ချက်မော့ကြည့်ကာ ပြုံးပြလိုက်သည်။ သိန်းချီတန်သည့် အကောင်းစား brand ရှပ်အင်္ကျီ လက်ရှည်ကို စတိုင်လ်ပန်ဖြင့် ခန့်ညားစွာ ဝတ်ဆင်လျက် ဘုရင်ကြီးတစ်ပါးလို ကြွချီလာသော ခြေလှမ်းတွေဟာ သာမန်ထက်တော့ ဖျော့တော့နေမှန်း ပိုးလေး ရိပ်မိပါသည်။

"စောင့်နေတာ ကြာပြီလား"

"ကျွန်မ ဒီမှာ ထိုင်စောင့်နေတာ နာရီဝက်တိတိ ရှိသွားပါပြီ"

ပိုးလေးရဲ့ဘေးခုံမှာ ထိုင်နေသည့် ခန့်ညားထည်ဝါသော ဤပုဂ္ဂိုလ်ဟာ သက်ပြင်းတစ်ချက်ချကာ ပိုးလေးရဲ့ဆံပင်လေးတွေကို ခပ်ဖွဖွ ပွတ်သပ်ပေးကာ ...

"ဖေဖေ ... နိုင်ငံခြားသား ဧည့်သည်တွေနဲ့ တွေ့နေရတာ မပြီးပြတ်သေးလို့ နောက်ကျသွားတာပါကွာ၊ ကဲ ... အဲဒါ တွေထားလိုက်ပါ၊ အခု ဖေဖေတို့ ညစာအတူစားကြမယ်"

ပိုးလေးသည် ပြုတ်ကျလာတော့မည့် မျက်ရည်စတွေကို မျက်တောင်ဖြင့် ပုတ်ထုတ်လိုက်ကာ ခေါင်းတစ်ချက် ညိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြလိုက်သည်။ ပိုးလေးတို့ရဲ့ ထမင်းစားဝိုင်းဟာ အတော်ကြီးကို တိတ်ဆိတ်ခြောက်သွေ့နေပါသည်။

အသက်မဲ့စွာ စားနေရသလိုဖြစ်သော ဒီလိုမျိုးဒင်နာကိုလည်း ဘယ်တော့မှ မစားပါရစေနဲ့တော့။ ပိုးလေးက ဇွန်းနှင့်ခက်ရင်းကိုချကာ လက်စသတ်လိုက်လျှင်တော့ ဖေဖေက ပိုးလေးရဲ့မျက်နှာကို တစ်ချက်အကဲခတ်ကာ ...

"စားလို့မကောင်းဘူးလား သမီး၊ သမီး ဘာစားချင်လို့လဲ မှာလိုက်လေ"

"နေပါစေ ဖေဖေ၊ ကျွန်မ ရင်ပြည့်နေပြီ"

ပိုးလေးရဲ့စကားကြောင့် ဖေဖေက သူပါ စားတာကို လက်စသတ်ကာ ဝိုင်းကို ရှင်းခိုင်းလိုက်ပြီးနောက်တွင်တော့ ထပ်ချပေးသည့် အချိုပွဲထဲမှ ပန်းသီးတစ်စိပ်ကို ယူစားလိုက်ပြီးမှ ...

"သမီး ဘာဖြစ်ချင်လဲ၊ ဘာလိုချင်လဲ၊ ဖေဖေ ဘာလုပ်ပေးရမလဲ၊ သမီး ကျောင်းသွားတက်ဖို့ ကိစ္စကော"

ပိုးလေးသည် ဖေဖေ့ရဲ့အမေးကို ပြန်ဖြေဖို့အတွက် ဖေဖေနှင့် အကြည့်ချင်း ဆုံလိုက်သည်။ ပြီးရင်တော့ ယောင်ယောင်လေးမှုပြုံးကာ ခေါင်းတစ်ချက် ဆတ်လိုက်ပြီး ...





"သမီး အခုစီးနေတဲ့ကားကို လဲပေးပါ ဖေဖေ၊ ဟိုတစ်ယောက်ထက် မော်ဒယ်လ်မြင့်တဲ့ကား လဲပေးပါ၊ ကျောင်းတက်ဖို့ကတော့ အများကြီးစဉ်းစားရဦးမယ်၊ ကျွန်မ ဟိုကိုထွက်သွားရင် ကျန်ခဲ့မယ့် မေမေ့ကို သနားလို့ မသွားဖြစ်ဖို့များပါတယ်"

"ကောင်းပါပြီ ... သမီး သဘောပါပဲ၊ ဖေဖေက သမီး လိုတာကို ဖြည့်ဆည်းပေးမှာပါ၊ မနက်ဖြန်ညနေရောက်တာနဲ့ သမီးဆီကို အငယ်လေးထက် မော်ဒယ်လ်မြင့်တဲ့ကားတစ်စင်း ရောက်လာစေရပါ့မယ်"

ပိုးလေးတို့နှစ်ယောက်ကြား စကားသံတွေက ခဏတော့ တိတ်ဆိတ်သွားခဲ့သည်။ တကယ်တော့ ရင်ဘတ်ထဲမှာ ပြောချင်တဲ့ စကားလုံးတွေက အပြည့်ရှိသည်။ မပြောရက်ဘဲ လည်ချောင်းဝမှာ ဆို့နင့်နေတာဖြစ်သည်။

ဘဝမှာ ခံရတာတွေက များလွန်းလှတော့ ဘယ်တော့များမှ ကိုယ့်အလှည့် ရောက်ပါတော့မလဲဆိုပြီး တွေးကာ အခွင့်ကောင်းကို မျှော်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... သမီးကို ပြောရဦးမယ်၊ ဖေဖေ ရှေ့တစ်ပတ်ထဲမှာ စင်ကာပူ သွားရမယ်၊ ဟိုဘက်ကုမ္ပဏီရုံးခွဲမှာ စက်ရုံသစ်ဖွင့်ပွဲရှိလို့ သွားမှာပါ ...

ဖေဖေက ဟိုမှာ တစ်လကျော်လောက် ကြာလိမ့်မယ်၊ သမီးက ဖေဖေ ခရီးသွားနေတဲ့ ကာလမှာ တစ်စုံတစ်ခု လိုအပ်ရင် ဖေဖေ့ကို mail ပို့ထားလိုက်လေ"

အဲဒီခရီးသွားနေတဲ့ တစ်လအတွင်းမှာ ဖေဖေ့ကို mail ကလွဲပြီး တခြားဘာနည်းလမ်းနဲ့မှ မဆက်သွယ်နဲ့လို့ တစ်ခါတည်းပဲ ပြောလိုက်ပါတော့လား ဖေဖေရယ်။ ပိုးလေးသည် မျက်နှာကို တစ်ချက်မဲ့လိုက်ကာ ...

"ဖေဖေ ခရီးကိုသာ ဖြောင့်ဖြောင့်သွားပါ၊ ကျွန်မ ဖေဖေ့ကို သိက္ခာကျအောင် ဘယ်တော့မှ နှောင့်ယှက်မှာ မဟုတ်ပါဘူး၊ ဖေဖေ ဟိုကိုသွားနေချိန်မှာ ကျွန်မအတွက် ဘာမှ မလိုအပ်ပါဘူး ...

ဒါပေမဲ့ တစ်ခုတော့ request လုပ်ပါရစေ ဖေဖေ၊ ဟိုတစ်ယောက်အတွက် အင်္ကျီတစ်ထည်ဆိုရင် ကျွန်မအတွက်ပါ တစ်ထည်ဝယ်ခဲ့ဖို့ မမေ့ပါနဲ့"





"သမီးရယ် ..."

ဖေဖေ့ရဲ့ ခပ်တိုးတိုး ညည်းတွားသံကြောင့် ပိုးလေးသည် ရင်နာစွာပင် ဒိတ်ိုင်းနားထောင်နေရပါသည်။ ဖခင်အရင်းရှိနေပါရက်နှင့် ကိုယ့်ဖခင်ရဲ့မေတ္တာကို အပြည့်အဝမရသည့် သမီးတစ်ယောက်ရဲ့ ခံစားချက်ဟာ ဘယ်လိုဆိုတာ တော်ရုံလူနားလည်နိုင်မည် မထင်ပါ။

ပိုးလေးဟာ အင်မတန်မှ အကြောမာကာ ဂျစ်ကန်ကန်ကောင်မလေးအဖြစ် ပတ်ဝန်းကျင်က သတ်မှတ်ကြပေမယ့် တကယ့်တကယ်မှာတော့ သူဟာ ဟိုးအဝီစိထိအောင် ကျရှုံးနေလို့ လူတွေမမြင်အောင် တစ်ဖက်လှည့် ငိုနေရတာမျိုးဖြစ်သည်။

အဲဒီခံစားချက်မျိုးကို ဘယ်သူက စာနာပေးနိုင်မှာလဲ။ အထူးသဖြင့် ဟိုလူတွေ၊ သူတို့တွေက ပိုပြီးစာနာနိုင်မှာ မဟုတ်ကြပါ။

မုန်းတယ်ဆိုတာထက် ပိုမုန်းလို့ရလျှင် ပိုးလေးဟာ တခြားသူတွေကို မဆိုထားနှင့် ကိုယ့်ကိုယ်ကိုယ်တောင် တူးခါးစိမ်းနေအောင် မုန်းပါသည်။ အဲဒီအမုန်းတွေကို ဘယ်သူကမှ မမြင်တဲ့အခါ ပိုးလေးဟာ အတ္တကြီး မာနကြီးပြီး ဘဝင်ရူး,ရူးနေသည့် မိန်းမဖြစ်လို့ သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထားပါတော့လေ ... ဒါတွေ ပြန်တွေးနေရင်လည်း တစ်စက်ကလေးမှ စိတ်ချမ်းသာဖွယ်ဆိုတာ ရှိမှာမဟုတ်တော့။

"ကဲ ... ဖေဖေ အိမ်ပြန်နောက်ကျနေရင် ဖေဖေ့ကို မျှော်နေလိမ့်မယ်၊ ပြန်ပါတော့ ဖေဖေ"

"သမီးရော မပြန်သေးဘူးလား၊ ဖေဖေနဲ့အတူတူ ထွက်မယ်လေ"

ဖေဖေ့ရဲ့အပြောကို သူမက နာကျင်ကြေကွဲစွာပြုံးလိုက်ကာ ...

"ကျွန်မနဲ့အတူတူ ဖေဖေ မထွက်ရဲပါဘူး၊ ဘာပါလိမ့်ဆိုတဲ့ အတွေးပါမယ့် အကြည့်တွေကို ဖေဖေ ရင်မဆိုင်ရဲပါဘူး၊ ထားလိုက်ပါ ဖေဖေ ...

ကျွန်မ အမြဲတမ်း ဖေဖေ့ရဲ့ကျောပြင်ကို ငေးကြည့်ခဲ့ရတဲ့သူပါ၊ ဒီတစ်ခါလည်း ကျွန်မကို ထားသွားခဲ့ပါဦး၊ ကျွန်မအတွက်တော့ ရိုးနေပြီဖြစ်တဲ့ ကြေကွဲမှုပါ၊ အဲဒီအတွက် ဖေဖေ ဝမ်းနည်းဖို့ မလိုအပ်ပါဘူး ...

neglect (လျစ်လျူရှုသည်) ဆိုတဲ့ စကားလုံးဟာ ကျွန်မအတွက်တော့ မွေးရာပါ အမှတ်အသားပါ၊ ကျွန်မ





ကို လျစ်လျူရှုလက်စနဲ့ ဆက်ပြီးလျစ်လျူရှု ထွက်သွားပါဖေဖေ"

ဖေဖေက ပိုးလေးရဲ့ခေါင်းကို ခပ်ဖွဖွပုတ်ကာ ဝမ်းနည်းကြေကွဲစွာ ထွက်သွားလေသည်။ မကြေကွဲပါနဲ့ ဖေဖေရယ်။ ကျွန်မအတွက် ဖေဖေ့ရဲ့အထောက်အပံ့ဟာ ကျွန်မ မျက်ရည်မကျနိုင်ဖို့ အင်အားပါ။

ကျွန်မ သူတို့ကို မုန်းတယ် ဖေဖေ။ ပြီးတော့ ဖေဖေ့ကိုလည်း ...။ ကျွန်မကိုယ် ကျွန်မလည်း မုန်းတယ်။

အဲဒီအမုန်းတွေကြောင့် ကျွန်မ သူ့ကိုချစ်လိုက်ရတယ် ဖေဖေ။ ကျွန်မ မမှားဘူးနော်။ ကျွန်မ အဲဒီမိန်းမကိုနိုင်ဖို့အတွက် ကျွန်မ ချစ်လိုက်တာ။

ကျွန်မ သူ့ကို ချစ်မိသွားတယ်ဆိုတာ သေချာသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် facebook မှာ နာမည်တစ်ခုကို အသည်းအသန် ရှာဖွေနေစဉ်မှာပင် နားထဲ၌ ငြိမ့်ညောင်းသည့် တီးလုံးသံတစ်ခုကို ကြားနေရသည်။ အာရုံက မပျက်သေးဘဲ facebook မှာပဲ ဈာန်ဝင်နေသော်လည်း အဲဒီတီးလုံးသံလေးဟာ ဖိုးလေးမှ မပိတ်ရင် လုံးဝရပ်တော့မည့်ဟန် မတူ၍ လေပူတစ်ချက်ကို မှုတ်ထုတ်ကာ ထိုင်ရာမှထ၍ ခုတင်ပေါ်က ဖုန်းလေးကို ကောက်ယူကာ Display မှာပေါ်နေတဲ့ နံပါတ်ကို ကြည့်လိုက်လျှင်တော့ "ဟယ်"ဆိုပြီးတောင် ဖြစ်သွားရသည်။ မျှော်လိုက်တာ။ သူ့ဆီကဖုန်း။ ဖိုးလေးသည် ခပ်သွက်သွက်ပင် ဖုန်းကိုင်ကာ ရွှင်မြူးသောလေသံဖြင့် ...

"မိုရှီး ... မိုရှီး"





ဖိုးလေးက ဂျပန်လို "ဟယ်လို"ဟု ထူးလိုက်လျှင် တစ်ဖက်က တဟားဟားနှင့် အော်ရယ်လေသည်။

ဖိုးလေးသည် သူ့ရဲ့ အဲဒီရယ်သံကြောင့်ပဲ ခပ်မဲ့မဲ့ ပြုံးလိုက်မိသည်။

"ဟား ... မင်းက ဂျပန်လည်း ရတာပဲလား"

"ဟဲ ဟဲ ... ထမင်းစား ရေသောက်လောက်ပါ၊ ကဲ ... ဆို ဘာကိစ္စရှိလို့တုံး ...

what can I do for u ? "

"ဒိုး ... ဖိုးကလေးကတော့ 24/7 လုံး လန်းနေတာပဲနော်"

24/7 လုံး လန်းနေတယ် ... ဟုတ်လား။ ၂၄ နာရီ (၇)ရက်ပတ်လုံးမှာ ကျွန်မ မြူးကြွနေတာဟာ ဘယ်လောက်မှ မရှိပါဘူး ကျော်စူးရှုရယ်။ ဒါပေမဲ့လည်း ဖိုးလေးသည် သူ့ရဲ့စိတ်ဝင်စားမှု အရှိန်ကို ပိုမြင့်လာစေရန်အတွက် အလန်းစကားတွေ ထပ်သုံးမိသည်။

"မမိုက်ပါဘူး၊ ကျွန်မက လိမ္မာပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"အဟား ဟား ... မင်း ခုနက ချက်ချင်းဖုန်းမကိုင်တာ ဘာလို့လဲဟင်၊ ကိုယ် သိခွင့်ရှိမလား"

"ဩော် ... သိခွင့်ရှိပါတယ်၊ ဘယ်လိုပြောမလဲ၊ နာမည်ကြီးတို့ထုံးစံအတိုင်း အထာကိုင်တာပေါ့ဟာ၊ ဒီသဘောပါပဲ"

"အင်း ... မင်းနဲ့ ဖုန်းပြောရင်တော့ ကိုယ် မင်းရဲ့ဒိုင်တွေကို အမီနင်းနိုင်အောင် try ရမယ် ထင်တယ်"

"ကဲ ... နားပါ၊ ကျွန်မက အလကားနောက်နေတာ၊ ရှင် ဘာကိစ္စရှိလို့ ဖုန်းဆက်တာလေ ... ပြော"

ပိုးလေးက အတည်အတံ့ သူ့ကို မေးလိုက်လျှင် သူက တစ်မျိုးလေး အဓိပ္ပာယ်နှောနေသည့် လေသံတိုးတိုးဖြင့် ...

"မင်းဆီကို မနေ့ကတည်းက ဖုန်းဆက်ချင်နေတာ၊ ဒါပေမဲ့ ဆက်မယ် ဆက်မယ်နဲ့ပဲ အခုမှ ဆက်ဖြစ်တာ၊ thanks alot ပိုးကလေး"

"ဟဲ့ ... ဘာကြီးတုံး"





"မင်းရဲ့ birthday present အတွက်ပါ၊ ကိုယ်ကြိုက်တယ် သိလား၊ အခု ကိုယ့်ဖုန်းမှာ အဲဒီ key chain လေး တပ်ထားတယ်၊ ကျေးဇူးတင်စကား ပြောချင်လို့ ဖုန်းဆက်လိုက်တာပါ"

"ဩော် ... အိုက်သလိုလား"

"အိုက်သလို ... အိုက်သလို"

"ဟိတ် ... သူများအထာတွေ လာမသုံးနဲ့ကွာ၊ ဒါပိုးကလေးရဲ့ logo ပဲ၊ ပေါက်နော်"

"ဟာ ... မပေါက်ပါဘူး၊ under finish လိုက်တာ၊ မင်းနေမှာပေါ့၊ ကိုယ်ကတော့ လုံးဝနိုးပဲ"

သူ့ရဲ့စကားဆန်းဆန်းကြောင့် ပိုးလေးသည် ဘာလဲဆိုပြီးတော့တောင် တွေးသွားရသည်။ သူက အပြင်ပန်းကကြည့်ရင် အင်မတန် တည်ငြိမ်ရင့်ကျက် ခန့်ညားသော အသွင်ဖြစ်သည်။ တကယ်တမ်းကျတော့ သူ့စိတ်က free style ကို ပိုခုံမင်မှန်း ပိုးလေးက စကားပြောကြည့်တာနှင့် သိပါသည်။

"ဟဲ့ ... အဲဒါ ဘာလဲ အန်တာဖစ်နစ်(ရှ်)ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"အပား ဟား … ဒါတော့ မိုးကလေးတို့ နောက်ရောက်သွားပြီ၊ မှတ်ထား ပြောပြမယ် under finish ရဲ့အဘိဓာန်ကရှင်းရှင်းလေးပါ၊ under ဆိုတာကအောက်လေ၊ finish ဆိုတာက ပြီးတာ၊ သူတို့နှစ်ခုကိုပေါင်းတော့ အောက်ပြီး၊ u understand အဲဒါကြောင့် မေးနေတာ မင်းလားလို့ under finish လိုက်တာ"

သူက ပြောင်စပ်စပ် လေသံဖြင့်ပြောလျှင် မိုးလေးသည် အံ့အားသင့်ကာ ရယ်လည်းရယ်၍၍ ရယ်မောနေရင်းက …

"သေပါလား၊ ကျွန်မက ဒါမျိုးလုပ်စရာလားလို့"

"အေးပေါ့ … ယုံရတာပေါ့၊ ကဲပါ … အဲဒီကိစ္စ ထားလိုက်တော့၊ အဲဒါ လှမ်းဆက်တာ၊ မိုးလေးကို ကျေးဇူးတင်စကား ပြောတာ"

ဒီလိုနဲ့ပဲ တခြားထွေရာလေးပါး စကားတို့ကို ပြောဆိုပြီးနောက် ဖုန်းချလိုက်တော့သည်။ အင်း … အခုဆို သူနဲ့မိုးလေးဟာ လုံလောက်တဲ့ ရင်းနှီးမှု အတိုင်းအတာလည်း ရခဲ့ပေပြီ။ သူ့ရဲ့ပြောဟန်၊ ဆိုဟန်တွေဟာ စိတ်ဝင်စားစရာ ကောင်းလွန်းလှပါသည်။ ဒါကြောင့်မို့ ဟိုမိန်းမ ကြွေတာပေါ့။





အချစ်ဟာ နတ်ပန်းမေပျို့နဲ့ ရွက်ကြမ်းရေကျိုကို ဆုံစည်းပေးနိုင်စွမ်းရှိသလို ရင်ခုန်သံကိုလည်း direction ပြောင်းပေးနိုင်စွမ်း ရှိပါသည်။ အဲဒီဖော်မြူလာကို မိုးကလေးက အရည်ကျိုသောက်ထားပြီးပြီဖြစ်သည်။

ကဲ … မေလင်းမာန်ရေ …။

ရွှေတံခါးကြီး ဖွင့်ပါဦး။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၅

ကျော်သည် ကိုယ့်ဘေးနားမှာ တငုတ်တုတ်တုတ် ထိုင်ကာ ကိုယ့်မျက်နှာပဲ တစိမ့်စိမ့် ထိုင်ကြည့်နေသော ဒီကောင်မလေးကို စိတ်ထဲမှာ နည်းနည်းတော့ အားနာလာမိသည်။ ကလေးဆန်သည့်စိတ်ကလေးရယ်၊ မိသားစုထဲမှာ အငယ်ဆုံးသမီးဖြစ်တာကြောင့် သူမဟာ နည်းနည်းတော့ ဇွတ်တရွတ်ဆန်ပါသည်။ သူ့ကို အဖြေမပေးသေးပေမယ့် သူမစိတ်ထဲ ဘာရှိတယ်ဆိုတာ သူကောင်းကောင်းရိပ်မိပါသည်။

"ကိုကြီး ... ဟိုးတစ်ရက်က မာန် ဖုန်းဆက်တုန်းက သူငယ်ချင်းနဲ့အတူတူ အပြင်သွားနေတယ်ဆိုတာ ဘယ်လဲဟင်"





ကဲ ... တွေ့လား။ မေလင်းမာန်တို့ကတော့ ရစ်ဖယားစပြီ။ သူမ ဆိုလိုတာကို သူ ဒက်ခနဲ သဘောပေါက်ပါသည်။ အဲဒီနေ့က ပိုးကလေးနှင့် သူ ကြေးအိုးသွားသောက်သည့်ရက်ကကိစ္စကို မေးတာဖြစ်သည်။ မာန်က သူ့ထံသို့ ပထမဆုံး ဖုန်းစ, ဆက်တာကို သူက ခပ်ပြတ်ပြတ်တွေ ပြောမိတာကို ခုမှသတိရပြီး ကောက်ဖယား စတော့တာဖြစ်သည်။

"YKKO မှာ ကြေးအိုးသွားသောက်တာပါ"

"ဘယ်သူနဲ့လဲ"

"သူငယ်ချင်းနဲ့ပါဆို၊ မာန်ကလည်းကွာ"

သူက နည်းနည်းလေး စိတ်မရှည်ဟန် ပြောလိုက်လျှင် မာန်က သူ့ကို စိတ်ကောက်တော့မည့် ပုံစံဖြင့် မျက်နှာလေး ရှုလိုက်ပြီး ...

"ကိုကျော်နော် ... မာန့်ကို စိတ်မရှည်တဲ့ အထာလား၊ သူငယ်ချင်းမှန်းတော့ သိတာပေါ့၊ ယောက်ျားလား မိန်းမလား မေးတာ"

"သိချင်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ခပ်ညုညု တော်လ်ကီလေး ကျွေးလိုက်လျှင် မာန်က မျက်စောင်းတစ်ချက် ထိုးကာ ...

"သိချင်လို့ပဲ မေးတာပေါ့လို့"

"ဘာဖြစ်လို့ သိချင်ရတာလဲ"

"ကိုကြီးနော် ... ဘာတွေမှန်းကို မသိဘူး၊ မဖြေတတ်တော့ဘူးကွာ၊ မာန် မေးတာပဲဖြေတော့၊ ဘယ်က သူငယ်ချင်းလဲ ဘယ်သူလဲ"

"ကဲ ... ကဲ ... ပြောပြမယ်ကွာ၊ ကောက်တော့ မကောက်နဲ့၊ အဲဒီနေ့က သူငယ်ချင်းက ယောကျ်ားလေးပါ၊ ကိုယ့်မှာ မာန်ကလွဲပြီး ဘာကောင်မလေးမှ မရှိဘူး"

အလျှောက်ကောင်းသော သူ့ရဲ့လျှောက်လွှဲချက်ကြောင့် မာန်က ကျေနပ်သွားကာ ပြုံးစိစိ လုပ်နေပါသည်။ မာန်နှင့် နေရတဲ့ အချိန်တွေမှာ သူဟာ လွန်စွာစိတ်ကျဉ်းကျပ်ရပါသည်။

ရုပ်အင်္ကျီနှင့် ပုဆိုးကို ဝတ်ရတာကတစ်မျိုး။ မာန့်ဆီက အပြေမြန်မြန်ရဖို့ ဂျီတိုက်ရတာ တစ်မျိုးနှင့် အတော်ကို ပင်ပန်းပါသည်။ ခါတိုင်းဆို သူဟာ ဒီလိုမျိုးမဟုတ်ပါ။ "စိတ်"





တစ်ခုကြောင့် အာသွက်လျှာသွက်ဖြစ်ကာ မိန်းကလေးတွေရဲ့ အသည်းစိုင်ကို အပိုင်ကိုင်ထားကာ လိုသလို အသုံးချနိုင်သူဖြစ်ပါသည်။

ဒီတစ်ခွင်မှာတော့ သူ့စိတ်တွေဟာ လေးလံဖျော့တော့နေတာတော့ အမှန်ပဲဖြစ်ပါသည်။

"သြော် ... ကိုကြီးကို ပြောရဦးမယ်၊ မာန်နဲ့ ကိုကြီးကိုလေ မိုမိုက သိပ်မသင်္ကာသလို ဖြစ်နေတယ်၊ ဒီနေ့တောင်မှ မာန် အပြင်သွားစရာရှိတယ် မလိုက်ခဲ့နဲ့လို့ ပြောလို့၊ နို့မို့ဆို မလွယ်ဘူး"

"အင်း ... အင်း ... ဒါနဲ့ နေပါဦး မာန်ရဲ့၊ မင်းနဲ့ ငွေယွန်းမိုက ဘယ်လိုပတ်သက်နေလို့လဲ၊ သူက မင်းကိုအရမ်းလွှမ်းမိုးထားတယ်၊ ကိုယ် မကြိုက်ဘူးကွာ ..."

မာန်က သွက်လက်ထက်မြက်ပါတယ်၊ ဒါပေမဲ့ ငွေယွန်းမိုကိုတော့ ကြောက်နေသလိုပဲ၊ မိန်းကလေးဆိုတာ သွက်လက်တက်ကြွပြီး ကိုယ်မှန်တယ်ဆိုရင်လည်း against (ဆန့်ကျင်)လုပ်ရဲတဲ့သတ္တိ ရှိရတယ်၊ မာန် ကိုယ့်ကိုအဖြေ မပေးသေးတာဟာ သူ့ကြောင့်လား"



www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီစကားကိုတော့ တကယ့်စိတ်ရင်းအမှန်နှင့် ပြောလိုက်တာ ဖြစ်ပါသည်။ မာန့်ကို လွတ်လပ်စွာ ပွင့်လန်းနေသည့် ပန်းလေးတစ်ပွင့် ဖြစ်စေလိုပါသည်။ ဥပမာ ... ပိုးကလေးလိုမျိုးပေါ့။ မာန့်ကို သူက ညီမလေးတစ်ယောက်လို စေတနာဗရပွဖြင့် ဆုံးမတာကို မာန်က ပြုံးကြည့်နေကာ ...

"မိမိက ဖေဖေ့ရဲ့တူမလေ၊ ငယ်ငယ်ကတည်းက မာန်တို့နဲ့ အတူတူနေတာ၊ မာန့်ထက် တစ်နှစ်ကြီးပေမယ့် ဆယ်တန်းနှစ်မှာ တစ်နှစ် out သွားလို့ တက္ကသိုလ်တက်တော့ မာန်နဲ့ နှစ်တူဖြစ်သွားတာပေါ့၊ မိမိကို မာန်က ကြောက်တယ်တော့ မဟုတ်ပါဘူး ကိုကြီးရယ်၊ ဒါပေမဲ့ ဘယ်လိုပြောရမလဲ၊ မာန်က သူပြောတာ အကြံပေးတာကို အမြဲနားထောင်နေကြ ဆိုတော့လေ"

"ဒါကြောင့်မို့ မာန်က ကိုယ့်ကို အဖြေမပေးတာပေါ့၊ ဟုတ်လား"

မာန်က လက်တခါခါ ခေါင်းတခါခါဖြင့် ငြင်းဆန်ကာ သူ့ကို ပြူးပြူးပျာပျာ ရှင်းပြသည်။





"မဟုတ်ပါဘူး၊ သူ့ကြောင့် မဟုတ်ပါဘူး၊ မာန်စဉ်းစားနေသေးလို့ပါ၊ ကိုကြီးကို အဖြေပေးလိုက်တာက လွယ်ပါတယ်၊ ဒါပေမဲ့ တကယ် ချစ်သူတွေဖြစ်သွားလို့ ကိုကြီးက အခုလိုမျိုး မာန့်ကို ကြင်နာမှုမရှိတော့ဘဲ ရက်စက်သွားမယ်ဆိုရင် မာန် ခံစားနိုင်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် ခဏ စောင့်နေတာပါ"

"မာန်ရယ်"

သူက မာန့်ရဲ့အဲဒီစကားကြောင့် ရင်ဘတ်တစ်ခုလုံး ဆို့နင့်လို့သွားတော့သည်။ မင်း အချစ်ကို အဲဒီလောက် မရှုံးသွပ်ပါနဲ့ မာန်။ အချစ်ကို အဲဒီလို ကိုးကွယ်နေရင် မင်း ဒုက္ခများလိမ့်မယ်။ အထူးသဖြင့် ကိုယ့်လိုလူမျိုးကို မင်း အရမ်းမချစ်နဲ့ မာန်။

ကျော်သည် မာန့်ကို သနားသောစိတ်ဖြင့် မာန့်ရဲ့ ဆံပင်လေးတွေကို ခပ်ဖွဖွ ပွတ်သပ်ပေးသည်။ မာန်က သူ့ကို နူးညံ့စွာ ကြည့်ကာ ...

"မာန် ... ကိုကြီးကို အရမ်းချစ်မိသွားတယ်၊ မာန့်ကိုတော့ ဘယ်တော့မှ မထားခဲ့ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူလိုချင်နေသည့် အံဖြေကိုတော့ မာန့်ဆီက ,ရခဲ့ပေပြီ။ အချမ်းသာဆုံးစာရင်းဝင် ဦးလင်းမာန်ရဲ့ အချစ်ဆုံးသမီးငယ်လေး မေလင်းမာန်ကတော့ သူ့ကို ရူးရူးမိုက်မိုက်ကို ချစ်သွားခဲ့ပြီဖြစ်သည်။

သူ့ရင်ခွင်ထဲမှာ ငြိမ်သက်စွာခိုဝင်နားနေသော မာန်တစ်ယောက် သူ့ရင်ခုန်သံကို မကြားရင် ဘယ်လိုနေမလဲတော့ မသိပါ။ မာန့်ကို အဲဒီလောက်ထိ မရူးစေချင်ပါ။ သူနှင့်ပတ်သက်ခဲ့သော မိန်းကလေးတွေထဲမှာ မာန်တစ်ယောက်ကတော့ သူ့ကို crazy အဖြစ်ဆုံးပဲဟု ထင်မိပါသည်။

ဒီလိုမျိုး သူ့ကို သည်းသည်းလှုပ် ချစ်ရှာသည့် ကောင်မလေးကို သူက သစ်စိမ်းချိုး, ချိုးရက်ပါ့မလား။ ဘာမှတော့ တွေဝေစရာမရှိပါ။ အဲဒါကိုက သူ့ရဲ့အလုပ် မဟုတ်လား။ ဒါပေမဲ့ တစ်ချိန်မှာ မာန် ဖြေသိမ့်နိုင်ဖို့ စကားတစ်ခွန်းတော့ သူ ပြောဖြစ်ခဲ့သည်။

"မာန် ကိုယ့်ကိုချစ်တယ်ဆိုတာ သိရလို့ ကိုယ် ဝမ်းသာတယ်၊ မာန့်ကို ကိုယ် ကြင်နာမှာပါ ...





ဒါပေမဲ့ မာန် ... အချစ်ဆိုတာကို မယုံကြည်ပါနဲ့၊ အဲဒီအချစ်ကို ယုံကြည်လွန်းအားကြီးရင် ကိုယ်ပဲ တအားခံစားရလိမ့်မယ်၊ အချစ်ကို အဲဒီလောက်ကြီး မရူးသွပ်ပါနဲ့ ညီမလေး ...

ကိုယ် ... မင်းကို တကယ့်ကို စေတနာနဲ့ ပြောတာပါ"

ဟုတ်တယ်။ မင်း ကိုယ့်အတွက်နဲ့ အဲဒီလောက် မခံစားပါနဲ့ မာန်။ ကိုယ်ပြောသလိုပဲ အံ့ချစ်ကို ယုံကြည်လွန်းအားကြီးရင် အဲဒီအချစ်က သစ္စာဖောက်သွားတဲ့အခါ ရူးနေအောင်ကို ခံစားရလိမ့်မယ်။

အဲဒါ ကိုယ့်ရဲ့ရင်ဘတ်တစ်ခုလုံး ရင်းပြီးမှ သိခဲ့တာပါ မာန်။

"ကိုကြီးကလည်း အဲဒါက မာန့်အတွက်တော့ ဘယ်တော့မှ ဖြစ်နိုင်မှာ မဟုတ်ပါဘူး၊ ဘာလို့လဲဆိုတော့ ကိုကြီးက မာန့်ကို အမြဲချစ်နေမှာဆိုတာ မာန် သိတယ်လေ ... နော်လို့"



www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် မမြင်ဖူး မူးမြစ်ထင်နေသည့် ဒီကောင်မလေးကို သူ့သားကောင်အဖြစ် ရွေးခဲ့တာ မှားပြီဟု တွေးမိလိုက်တာဟာ နောက်ကျနေခဲ့ပေပြီ။ အဲဒါကြောင့်မို့ မာန် မချစ်အောင် သူ ဘယ်လိုလုပ်ရမလဲ ? ။

လောလောဆယ်မှာ သူက ဂရုစိုက်နေမိတာဟာ မာန် သူ့ကို ပိုချစ်သွားမှာကို မလိုလား၍ ဖြစ်ပါသည်။





ကျော်သည် နံပါတ်တစ်ခုကို နှိပ်မည်ဟု တွေးလိုက်လျှင် လက်က ချိတုံချတုံဖြင့် တော်တော်နှင့်ကို ဖုန်းမခေါ်ဖြစ်သေးပါ။ မာန်နှင့် ညနေဘက်က ဒင်နာသွားစားကာ သူ အိမ်ပြန်ရောက်သည့် အခါမှာတော့ တစ်စုံတစ်ယောက်ကို ပြင်းပြင်းထန်ထန် သတိရလာ၍ သူ့ဆီကို ဖုန်းဆက်ရကောင်းနိုး မဆက်ရကောင်းနိုးဖြင့် တွေးနေတာဖြစ်သည်။

သည်ရက်ပိုင်းတွေမှာ သူဟာ တော်တော်ကို ထူးခြားနေတာ သူ့ကိုယ်သူလည်း သတိထားမိပါသည်။ အရင်ကဆို ကြွပ်ဆတ်ဆတ်နေတတ်သော မိန်းကလေးတွေကိုဆို ထိုမထင် ဂရုမစိုက်တတ်တဲ့သူဟာ ပိုးကလေးဆိုသော ကောင်မလေးကိုတော့ တော်တော်အမြင်ကြည်လင်နေသည်။ ဘာကဘယ်လို သူ့စိတ်ကို ပြောင်းလဲသွားစေလဲတော့ မပြောတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက အတွေးကွန်ယက်တွေ ချဲ့ထွင်ပြန့်ပွားနေစဉ်မှာပဲ သူ့ထံကို ဖုန်းဝင်လာပါသည်။ "ဟာ"ဟု အာမေဋိတ်ထွက်သွားလောက်အောင်ပဲ အံ့အားသင့်စရာ အဖြစ်အပျက်ပင် ဖြစ်ပါသည်။

သူ့ဆီသို့ ဖုန်းဆက်သူဟာ ပိုးကလေးပဲ ဖြစ်ပါသည်။ ပိုးကလေး ... သူမဟာ ဘာစွမ်းအားတွေများ ရှိနေသလဲ မပြောတတ်ပါ။

ကျော်သည် သိပ်ရှည်ရှည်ဝေးဝေး မတွေးတော့ဘဲ ဖုန်းကိုင်လိုက်တော့သည်။

"ပိုးကလေး ... ပြော"

"ကျော်စူးရှ ... one table ကျွေးမယ်ဆိုတာ ကြိုသိထားလို့ ကျော်စူးရှ မဖိတ်ခင် အရင်ဆက်လိုက်တာ၊ ပြော ... ဘယ်နေ့ ဘယ်ဆိုင်လာခဲ့ရမလဲ"

ပိုးကလေးရဲ့အသံက လန်းဆန်းတက်ကြွကာ ရွှင်မြူးနေသဖြင့် သူကပါ စိတ်ချမ်းသာရပါသည်။ ဒါပေမဲ့ သူမ ဘာကိုရည်ရွယ်ပြောမှန်း သူ သဘောမပေါက်သေးပါ။





"ကျွေးတာက ကျွေးလို့ရပါတယ်၊ ဒါပေမဲ့ ကိုယ်က ဘာအတွက်ကြောင့် ကျွေးမယ်ဆိုတာ မင်းက ကြိုသိနေလို့လားပိုးကလေးရဲ့"

"သိတာပေါ့၊ ရှင်နဲ့ ရှင့်ကောင်မလေး အိုကေသွားပြီမလား၊ ကျွန်မ တွေ့လိုက်ပါတယ်နော်၊ ကန်တော်ကြီး Western park ကနေ နှစ်ယောက်သား လက်တွဲပြီးထွက်လာကြတာ၊ အဲဒါကြောင့်မို့ ဂုဏ်ပြုပွဲလေးလုပ်တဲ့အနေနဲ့ ရှင် one table ကျွေးသင့်တယ်နော်"

သူမရဲ့ ပိုင်နိုင်သလို အပြောကို သူက ရယ်ရွှင်ရိပ်မြူးစွာပြုံးကာ မျက်ခုံးတစ်ချက် ပင့်လိုက်သည်။ အင်း ... သူ သိသွားပြီပဲ။ မာန်နှင့်သူ တွဲနေတယ်ဆိုတာ ဘယ်သူမှ မသိစေချင်ပါ။

အဲဒါကလည်း တစ်ချိန်ပြတ်ရင် မာန့်ကို သိက္ခာမကျစေလိုတာကြောင့်ဖြစ်သည်။ ဒါပေမဲ့လည်း အခု ပိုးကလေးက တွေ့သွားတယ်ဆိုတော့ ဖောရတော့မှာပေါ့။

"အင်း ... peace ဖြစ်သွားတဲ့ သဘောပေါ့။ ပိုးကလေး ဆိုင်ရွေးလိုက်လေ ကိုယ် လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... အလကားနောက်တာပါ ကျော်စူးရှရယ်၊ မကျေးပါနဲ့ ကျွန်မက သက်သက်မဲ့ သိကြောင်း လှမ်းပြောလိုက်တာ"

"အာ ... မဟုတ်တာပဲ၊ မင်းနဲ့ကိုယ် တစ်ဆိုင်ဆိုင်မှာ သွားစားကြမယ်လေ၊ ကိုယ် ဒကာခံပါ့မယ်"

အဲဒီစကားကြောင့် သူမက ရယ်မောနေပြန်ပါသည်။ ပိုးကလေးရဲ့ ရယ်သံဟာ ဒီတစ်ခါမှာတော့ ခြောက်ကပ်ကပ်ရှိသလိုမျိုး သူ ခံစားရပါသည်။

"ဒါနဲ့ ပိုးကလေးက နိုင်ငံခြားမှာ စာသွားသင်မှာဆိုတော့ သွားရဖို့ နီးနေပြီလား၊ မေးကြည့်တာနော် ... တော်ကြာ မင်းက နိုင်ငံခြားထွက်သွားရင် ကိုယ့်ကို မပြောဖြစ်မှာစိုးလို့"

"သွားဖို့က အဝေးကြီး လိုပါသေးတယ် ကျော်စူးရှရယ်၊ ဘာလဲ ... ကျွန်မကို ဒီမှာမနေစေချင်ဘူးပေါ့လေ၊ ဟုတ်လား၊ အရုပ်ထုပ်တစ်ယောက် မြန်မြန်သွား နားအေးတယ် ဆိုပြီး ဘယ်တော့မသွားမလဲ မေးတာပေါ့ ဟုတ်လား"





"ဟား ... မဟုတ်ပါဘူး၊ ကိုယ်က မင်းကို မ ..."

"ပိုးလေးရေ ... ညည်းအဖေဆီက ဖုန်း"

သူက ပြောမယ့်စကားတောင် မဆုံးသေးခင်မှာပင် ပိုးကလေးရဲ့အိမ်က တစ်ယောက်ယောက်က သူမကို လှမ်းခေါ်လိုက်၍ သူမက ချက်ချင်းပင် သူ့ကို တောင်းပန်စကား ဆိုလေသည်။

"ကျော်စူးရှ ... ကျွန်မ နောက်မှ ပြန်ဆက်မယ်နော် ... Good Night."

သူမက သူ့စကားကိုတောင် နားမထောင်ဘဲ ဖုန်းပိတ်သွားခဲ့သည်။ သူ နားလည်ပေးနိုင်ပါသည်။ ဖခင်ဆီက လာတဲ့ဖုန်းကို ဘယ်သူကမျှ အေးအေးဆေးဆေးမှ သွားနားထောင်မှာတုန်း။

ပိုးကလေးရဲ့ဖေဖေက ပိုးကလေးဆီ ဖုန်းဆက်တယ်။ အဲ့ဒီလိုပဲ အဝေးမှာ ရှိနေတာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အကြောင်းကိစ္စတစ်ခုခု ရှိရင်ပဲဖြစ်ဖြစ် မိဘတွေက သားသမီးတွေဆီကို ဖုန်းဆက်ကြမှာပါ။ သူ့ကို ဖုန်းဆက်မယ့် ဖေဖေကကော။



www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် အဲဒီအတွေးတစ်ခု ဝင်လာသည်နှင့် ဖုန်းတောင် လက်ထဲက လွတ်ကျသည်အထိ သတိလက်လွတ် ဖြစ်သွားကာ မျက်ရည်တွေ ဝဲတက်လာပြီး နောက်မှာတော့ တစ်စုံတစ်ရာသော အသိတစ်ခု ဝင်ပူးကပ်လာသလို မျက်နှာသည် အရင်ကလို တင်းထန်လာခဲ့တော့သည်။





ပိုးလေးသည် ကျော်စူးရှနှင့် ဖုန်းပြောခြင်းကို ဖြတ်ချပြီးနောက်တွင်တော့ ကိုယ့်အခန်းထဲသို့ ခပ်သွက်သွက် ပြေးဝင်ကာ မွေ့ရာပေါ်သို့ ခုန်းခနဲ ပစ်ထိုင်ကာ ဖုန်းကိုင်လိုက်သည်။ ဖေဖေက ဒီအချိန်ကြီး သူမဆီ ဘာလို့ဖုန်းဆက်တာပါလိမ့်။

"ဟုတ်ကဲ့ ဖေဖေ"

"သမီးဟန်းဖုန်းကို ဆက်တာ၊ အင်ဂေ့ချ်ဖြစ်နေလို့ ဖေဖေ အိမ်ဖုန်း ဆက်လိုက်တာ"

"ဟုတ်တယ် ဖေဖေ၊ သူငယ်ချင်းတစ်ယောက်နဲ့ ဖုန်းပြောနေလို့ပါ"

ပိုးလေးရဲ့ လျှောက်တင်ချက်ကြောင့် ဖေဖေဟာ ခဏတော့ အသံတိတ်သွားကာ ပြီးတော့မှ ကြည်ရှသောအသံဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးလည်း သူငယ်ချင်းတောင် ရနေပြီလား၊ ကောင်းပါတယ် သမီးရယ်၊ သူငယ်ချင်း ရှိတယ်ဆိုတော့ ရင်ဖွင့်တိုင်ပင်လို့ ရတာပေါ့"

ဖေဖေ့စကားကြောင့် ပိုးလေးသည် နှုတ်ခမ်းကို တွန့်ရုံမျှ ပြုံးလိုက်တော့သည်။ ကျွန်မအတွက် ဘာသူငယ်ချင်းမှ မလိုအပ်ဘူး ဖေဖေ။ ကျွန်မ အခု သူ့ကို ဘာကြောင့် ပတ်သက်တယ်ဆိုတာ ဖေဖေသိရင် အံ့သြသွားလိမ့်မယ်။

"ဒါနဲ့ ဖေဖေ ဘာကိစ္စရှိလို့ ဖုန်းဆက်တာလဲ"

"သမီးဆီ ပို့ပေးလိုက်တဲ့ကားကို ကြိုက်ရဲ့လား အဆင်ပြေရဲ့လား သမီး၊ သမီး မကြိုက်ဘူးဆို ဖေဖေ နောက်တစ်စီး ထပ်စီစဉ်ပေးပါ့မယ် ...

အဲဒါ လှမ်းမေးတာပါ"

ဖေဖေက ဒီလိုမေးမှ ပိုးလေးသည် ညနေကလာပို့သော မာစီဒီးအနက်ရောင်ကားကို ပြန်မြင်ယောင်လာသည်။ မြန်မာပြည်မှာတောင် အဲဒီကားကို ဒိတ်ဒိတ်ကြဲတွေထဲမှာမှ သုံးလေးဦးလောက်ပဲ စီးကြသေးသည့် နောက်ဆုံးပေါ် မာစီဒီးကားကို ပိုးလေးက လုံးဝမမက်မောပါ။





လှလိုက်တာဆိုတဲ့ စိတ်သာရှိပြီး အဲဒီကားကိုတော့ မောင်းဖို့ စိတ်ကူးမရှိပါ။ ဒါကြောင့်မို့လည်း ပိုးလေးသည် ကန်တော်ကြီးတစ်ပတ်လောက် ကားစမ်းမောင်းကြည့်ကာ ကောင်းတယ် မကောင်းဘူး ပြောမနေတော့ဘဲ အိမ်ပြန်ရောက်တာနှင့် ဂိုဒေါင်ထဲ ထည့်ကာ ခြင်ထောင်,ထောင်ပေးထားလိုက်တော့သည်။

သဘောကတော့ မသုံးဘူးဆိုတဲ့ သဘောပဲဖြစ်သည်။ ပိုးလေးလို မိန်းကလေးတစ်ယောက်အနေဖြင့် ဒီကားကြီး မောင်းထွက်လိုက်သည်နှင့် လူဆယ်ယောက်ရှိလျှင် ဆယ်ယောက်စလုံးရဲ့ သို့လော သို့လော အကြည့်တွေကို ခံရမှာဖြစ်သည်။

ပတ်ဝန်းကျင်မှာ သားအမိနှစ်ယောက်တည်းသာနေသော ဒီလုံးချင်းတိုက်လေးနဲ့မှမလိုက် စီးတဲ့ကားကိုလည်း ကြည့်ပါဦး။ မအေက ရတနာဆိုင်ဖွင့်ထားရုံနှင့် ဒီလောက်ကျိကျိတက် မနေနိုင်ပါဘူးအေ၊ ဧကန္တ သူ့သမီးမှာ စပွန်ဆာကောင်းကောင်း ရှိတယ် ထင်တယ်ဆိုတဲ့ စကားသံတွေ ကြားလာရမှာကို ပိုးလေးက ကြိုသိနေတဲ့အတွက် ဒီကားကို ဂိုဒေါင်ထဲပဲ ထည့်ထားလိုက်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ရပိုင်ခွင့်ကို အပြည့်အဝ လိုချင်လို့သာ ဒီလို ဖေဖေ့ဆီက တောင်းဆိုလိုက်တာဖြစ်သည်။ ပြီးရင်တော့ အဲဒီကားကို ပြန်ရောင်းမယ်ဆိုပြီး ကြံတွေးထားပါသည်။

"ကြိုက်ပါတယ် ဖေဖေ၊ ဪ ... ဒီကားက ကျွန်မနာမည်နဲ့ ဝယ်ထားတာဆိုတော့ ကျွန်မ စိတ်ကြိုက်လုပ်ပိုင်ခွင့် ရှိပါတယ်နော် ဖေဖေ၊ ကြိုမေးထားတာပါ"

ဖေဖေကလည်း သူမရဲ့စကားက ဘာကို ဆိုလိုတယ်ဆိုတာကို သိသဖြင့် အေးဆေးသောလေသံဖြင့် ...

"ဖြစ်ပါတယ် သမီးရယ်၊ သမီးစိတ်ကြိုက်လုပ်ပါ"

"ကျေးဇူးပါ ဖေဖေ၊ ဒါနဲ့ ဖေဖေ့သားသမီးတွေကော နေကောင်းကြရဲ့လား"

ပိုးလေးရဲ့စကားတွေဟာ ငြိစဉ်တွေပါလာပြီ ဖြစ်သဖြင့် ဖေဖေသည် အင်မတန်မှ အကဲခတ်တော်သူပီပီ စကားလမ်းလွှဲကာ ...

"ဖေဖေ မနက်ဖြန် meeting ရှိသေးလို့ ဒီနေ့စောစောနားရမယ် သမီး၊ နောက်မှ တွေ့တာပေါ့"

Good Night သမီး၊ အိပ်မက်လှလှ မက်ပါစေ"





ဖေဖေက ဖုန်းချသွားလျှင် ပိုးလေးသည် နာကျင်ခါးသီးသော အပြုံးတစ်ခုကို ပြုံးထားကာ မွေ့ရာပေါ်မှာ ပစ်လှဲချလိုက်တော့သည်။ အိပ်မက်လှလှ မက်ပါစေတဲ့လား ဖေဖေ။ ကျွန်မ ဘဝမှာ အိပ်မက်လှလှ မမက်ခဲ့တာ ပြက္ခဒိန်(၁၀)ခုကျော်လာခဲ့ပြီ။

နတ်စည်းစိမ်တမျှ ခမ်းနားပြည့်စုံသော ဒီလိုဘဝမျိုးကို ဖန်တီးပေးထားရုံနှင့် ပြီးသွားရောလား ဖေဖေ။ ကျွန်မကတော့ ကျွန်မ ရှင်သန်ရပ်တည်နေရတဲ့ ဘဝကြီးကို ခါးသီးလွန်းလို့။

စိတ်နာစရာကိစ္စတွေကို အံကြိတ်ပြီး တွေးမိသွားပြီးနောက် ငါ မရှုံးရဘူးဟု အားပေးကာ မျက်လုံးတွေကို မှေးမှိတ်ထားရင်းမှ သူ့မျက်ဝန်းထောင့်တွင် စိုစွတ်လာရာမှတစ်ဆင့် ပါးပြင်ပေါ်သို့ ခပ်စောင်းစောင်း စီးကျလာတော့သည်။

ဘုရားရေ ... ကျွန်မ ငိုနေတယ်။ သေစမ်းဟယ် ... အဲဒီလိုငိုရင်းနဲ့ပဲ နင် တစ်လောကလုံးကို ဒူးထောက်ထားတော့မှာလား ပိုးကလေး။

ပိုးလေးသည် မျက်ရည်စတွေကို ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်စဉ်မှာပဲ ပိုးလေးဆီကို message တစ်စောင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ကျော်စူးရှဆီက ဖြစ်ပါသည်။ သူပို့ပေးသော message ကို save ပါ လုပ်ထားလိုက်တော့သည်။

"A good msg
For a Good Person
From a Good Friend
For a good reason
At a good time
On a good day
In a good mood
With a good Smile
To say to u
Good Night !!!!"

ကဲ ... ဘယ်လောက်တောင် ကျက်သရေရှိလိုက်သလဲ။

အဲဒီစာသားတွေရဲ့ အေးချမ်းမှုတွေလိုမျိုး၊ ကောင်းမွန်ခြင်းတွေလိုမျိုး ပိုးလေးရဲ့ဘဝမှာ ဘယ်တော့များမှ ရမှာပါလိမ့်။

ကျော်စူးရှရယ် ... ကျွန်မ ဘာသဘောကြောင့် ရှင့်အနားကို ရောက်လာတယ်ဆိုတာသာ ရှင်သိခဲ့ရင် ကျွန်မကို အခုလို စေတနာထားနိုင်ပါ့မလား။





ပိုးလေးသည် သူ့ရဲ့ message အတွက် "Thanks ! same to u"ဆိုတဲ့ စာသားလေးကို ပြန်လည်ပို့ပေးခဲ့ပါသည်။

ကျော်စူးရှ ဆိုတဲ့ ရှင်းလင်းပြတ်သားသည့် နာမည်တစ်ခု ပိုးလေး ရင်ဘတ်ထဲ ဝင်လာခဲ့တာဟာ ဘယ်သူ့ကြောင့်ရယ်လို့တော့ အပြစ်ဖို့လို့ မရပါ။

အခုဆိုရင် သူနဲ့ပိုးလေးဟာ စိတ်ချင်းတူသော သူငယ်ချင်းအဖြစ်သို့ ရောက်နေကြပြီဖြစ်သည်။ အဲဒီလို ဖြစ်လာဖို့လည်း ပိုးလေးဘက်က ကြိုးစားခဲ့တာပဲလေ။

အမုန်တကယ်ဆို သူက ဒီပွဲမှာ သက်သက်မဲ့ ကြားကဝင်လာခဲ့တဲ့သူ ဖြစ်ပါသည်။ အဲဒီနေ့က ပိုးလေးဟာ IBC မှာ မေလင်းမာန် seminor လာတက်တယ်ဆိုတာ သိလို့ တမင်သက်သက် လာခဲ့တာဖြစ်သည်။ ကားပေါ်ကနေ စိတ်ဝင်တစားနှင့် မေလင်းမာန်ကို ငေးကြည့်နေတဲ့ မျက်လုံးတစ်စုံကို သူမဟာ ဖျတ်ခနဲ တွေ့လိုက်ရလျှင်တော့ ဒက်ခနဲ အကြံပွင့်လာကာ ဒီနေ့ အခြေအနေထိရအောင် ဖန်တီးခဲ့တာ ဖြစ်ပါသည်။

မေလင်းမာန်ကို သူမ မုန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မဆို လိုတရခဲ့တဲ့ သူမဘဝနှင့် မကြောင့်မကြဘဲ အခန့်သားနေရတဲ့ ပိုးလေးရဲ့ဘဝဟာ အပြင်ပန်းက ကြည့်ရင် တူတယ်လို့ ထင်ရပေမယ့်လည်း တကယ်တမ်းတော့ ပိုးလေးတို့က ဘာမှမပိုင်ဆိုင်ခဲ့ပါချေ။

ဖခင်ရဲ့မေတ္တာရိပ်မှာ အေးချမ်းစွာ နေရတဲ့ မေလင်းမာန်နှင့် ဖခင်ရဲ့မေတ္တာကို ရင်တမမနှင့် ငံ့လင့်နေတဲ့ ပိုးကလေးဟာ ဘာလို့များ ဒီလောက်ကွာနေရတာလဲ။ အဲဒါတွေရဲ့တရားခံဟာ ဘယ်သူ့ကြောင့်ဆိုပြီး လက်ညှိုးထိုး အပြစ်ပုံချလည်း မရတော့။

ဘာကိုမှ ပြင်ဆင်ခွင့် မရှိတာက မရှိတာဘဲဖြစ်သည်။

မေလင်းမာန်က ဖေဖေ့ရဲ့လက်ကိုဆွဲကာ ဆုပေးပွဲတက်နေချိန်မှာ ပိုးကလေးကတော့ မန္တလေးမှာ မေမေ့လက်ဆွဲပြီး တွန့်ဆုတ် တွန့်ဆုတ်နှင့် ဆုယူနေခဲ့ရဖူးပါသည်။

အဲဒီလိုကွာခြားမှုတွေနှင့် ကြီးပြင်းလာတဲ့ မေလင်းမာန်နှင့် ပိုးကလေးဟာ ဘယ်ဘဝရဲ့ရေစက်တွေကြောင့် ဒီလောက်တိုက်ဆိုင်နေရသလဲ မပြောတတ်ပါ။





အဖေတူ အမေကွဲတဲ့ မေလင်းမာန်နှင့် ပိုးကလေးဟာ မျှတတဲ့ ဖေဖေ့ရဲ့မေတ္တာအောက်မှာ နေရသော်လည်း ဖြတ်သန်းလာရတဲ့ Life ကတော့ ဘယ်လိုညှိညှိ တူမှာကို မဟုတ်ချေ။

အဲဒါကို ရင်အနာဆုံး ဖြစ်ပါသည်။ အဲဒါကြောင့်မို့ ပိုးလေးသည် အမုန်းခါးခါးကို အန်တုခံကာ ဒီလောက်ထိ တောင့်ထားဖြစ်သည်။

မေလင်းမာန်၊ ဝေလင်းမာန်၊ နေလင်းမာန် သူတို့သုံးယောက်ဟာ ပိုးလေးအတွက်တော့ အကြီးမားဆုံး ဒဏ်ရာတွေပဲ ဖြစ်သည်။ အဲဒီထဲမှာမှ ပိုးလေးသည် မေလင်းမာန်နှင့် ပတ်သက်လျှင် ဒဏ်ရာပိုများခဲ့ပါသည်။

အဲဒီအတွက် ပိုးလေးသည် ကျော်စူးရှနှင့် မေလင်းမာန်တို့ကြား ဝင်ရတာဖြစ်ပါသည်။ မေလင်းမာန်က အခုချိန်မှာ ဗိုတစ်ယောက်ကို အဖြေပေးလိုက်ပြီတဲ့။ အဲဒီအတွက် ပိုးလေးက တိုက်စစ်ပြောင်းရတော့မည်။

သူမရဲ့နှလုံးသားတစ်ခုလုံးကို အတုံးအရုံး ပြိုကျစေအောင် ပိုးလေး ဘယ်လိုလုပ်ရမလဲ။ သူမနှလုံးသားကို မီးတိုက်လျက် ကျွမ်းလောင်ဖို့ဆန္ဒ ပိုးကလေးမှာ ရင်နှင့်အပြည့်ရှိသည်။



www.burmeseclassic.com

သူမအသည်းကို ကျွမ်းစေဖို့ ကြိုးစားရင်းက ပိုးလေး ဟာ တကယ်ပဲ ကျော်စူးရှ အပေါ်ကို နှောင်တွယ်လာမိတော့ သည်။

ဘဝနာထားတဲ့ မိန်းမတစ်ယောက်ရဲ့ခံစားချက်ကို ဘယ်သူကမှ နားလည်နိုင်မှာ မဟုတ်ပါ။ သူတို့တွေ နားလည် အောင်လည်း ပိုးလေးက မကြိုးစားခဲ့။ အဲဒါတွေ နားလည်ဖို့မလို အပ်ပါ။ ပိုးလေး သိတာကတော့ မေလင်းမာန်ရဲ့နှလုံးသားကို အလဲထိုးရမည်။

အဲဒီအတွက်ကြောင့်ဆိုရင် ...

ကုန်ကုန် ပြောလိုက်မည်။ မေလင်းမာန်ရဲ့နှလုံးသား ကို ပြာချပစ်ဖို့ ပိုးလေးက မိန်းမကြမ်းကြီး ဖြစ်သွားလည်း ပျော် ရွှင်စွာကို အပြစ်ခံလိုက်မှာဖြစ်သည်။

အချစ်က ပိုးလေးကို ပို၍သတ္တိရှိစေခဲ့ပါသည်။





## ၆

ကျော်သည် အိမ်ရှေ့က ဘဲလ်တီးသံ ကြားသော အခါ အိပ်ရာထဲမှ လူးလဲထကာ တံခါးသွားဖွင့်ပေးဖို့ ထွက်လာ ခဲ့သည်။ တံခါးမဖွင့်ခင်မှာ တံခါးမှာ ဖောက်ထားတဲ့ အပေါက် လေးမှတစ်ဆင့် ဘယ်သူလဲ ကြည့်လိုက်လျှင် ငပေါက် ဖြစ်နေ သည်။

ကျော်သည် တံခါးဖွင့်ပေးလိုက်ကာ သူ့ကို အိမ်ထဲ ဝင်စေပြီး ...

"ထိုင် ... စောစောစီးစီး ဘာကိတ်"

"ဘာကိတ်မှ မရှိဘူး၊ ဒီနေ့ မမကြီးနဲ့ ချိန်းထားတာ မသွားချင်လို့ အဲဒါ ဒီဘက်ကို စတေးရှောင်လာတာ ...

www.burmeseclassic.com



အဟဲ ... ဒါပေမဲ့ ကျွန်တော်က သိတတ်ပါတယ်နော်၊ ကိုကျော့်အတွက် breakfast ဝယ်လာတယ်၊ ကိုကျော်မျက်နှာမသစ်ရသေးဘူးမှလား၊ သွားသစ်လိုက်၊ ကျွန်တော်ဒီမှာ ရှယ် breakfast ပြင်ထားလိုက်မယ်"

ကိုပေါက်က သူ့အန္တအတာခံကာ သူ့ကိုလည်း အရမ်းနားလည်ပေးသူ ဖြစ်ပါသည်။ အိမ်မှာက သူတစ်ယောက်တည်း နေတာမို့ စားရေးသောက်ရေးက နည်းနည်းအဆင်မပြေဖြစ်တတ်သည်။

အဆင်မပြေ ဆိုတာကလည်း သူက မချက်တတ်မပြုတ်တတ်တာကြောင့် မဟုတ်ပေ။ သူဟာ ငယ်ငယ်ကတည်းက အိမ်မှုကိစ္စတွေကို ဖေဖေ့အား ကူလုပ်ပေးနေကြမို့ အားလုံးကျွမ်းပါသည်။ တော်တန်ရုံ ထမင်း၊ ဟင်းတင်မကဲ မုန့်လုပ်စာတို့ဘာတို့ ထိတောင် သူက ရပါသည်။

ဒါပေမဲ့ သူက လမ်းများတဲ့သူ ဆိုတော့ အိမ်မှာမချက်ဖြစ်တော့ဘဲ အပြင်မှာပဲ စားဖြစ်တာကြောင့် သူ့နောက်ဖေးမီးဖိုခန်းဟာ ရှင်းလင်းတောက်ပြောင်နေပါသည်။





ကျော်သည် မျက်နှာသစ် သွားတိုက်ကာ ရေချိုးပြီးသွားလျှင် စွပ်ကျယ်အဖြူတစ်ထည်ကို ချည်သားဘောင်းဘီတိုဖြင့် တွဲဝတ်ကာ မနက်စာစားဖို့ ထွက်လာလေသည်။ ခါတိုင်း breakfast ဆို သူ့မှာ နံက်(စ်)တစ်ခွက်နှင့် ပေါင်မုန့်မီးကင်တစ်ချပ်ဖြင့် ပြီးရတာဖြစ်သည်။ အခုတော့ ချစ်သော ငပေါက်ရဲ့မစမှုကြောင့် ရှယ်စားရတော့မည်။

"ကဲ ... လာ ကိုကျော်၊ အဆင်သင့်ပါပဲ"

မုန်း ... ဘာတွေပါလိမ့်။ နန်းကြီးသုပ်နှင့် ရှယ်ဝမ်းတီးဖြစ်သည်။ ပြီးတော့ အီကြာကွေး၊ စမူဆာ၊ ကော်ပြန့် အဲဒါတွေကလည်း ပါသေးသည်။ ကျော်သည် စိုပြည်နေသော ထမင်းစားဝိုင်းမှ ပြင်ဆင်ထားသည်များကိုမြင်လျှင် သိပ်မဆာသေးသည့်ဗိုက်ကို လှုံ့ဆော်သလိုဖြစ်ကာ ဝှီခနဲတောင် အသံမြည်လို့သွားလေသည်။

"ဟား ... ရှဲ့ရှဲ့ ငပေါက်ရေ၊ မင်းကလေ အဲဒါကြောင့်မို့ချစ်ဖို့ကောင်းတာ၊ ကဲ ... လာ ... ဆွဲကြစို့"

သူနှင့် ငပေါက်က breakfast စားနေတုန်းမှာပင် သူ့အခန်းထဲက ဖုန်းမြည်သံလို ခပ်သဲ့သဲ့ကြားလိုက်လျှင် ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



မာန့်ဆီကဖုန်းဆိုတာ အော်တိုသိကာ တစ်ရှူး box ထဲမှ တစ်ရှူးတစ်ရွက်ကို ဆွဲထုတ်ကာ ပါးစပ်သုတ်လိုက်ပြီး ...

"မာန့်ဆီက ဖုန်းထင်တယ်ကွာ၊ ငါကလည်း သူ့အတွက် သီးသန့် ringtone ကိုလုပ်ဖို့ မေ့နေတယ်၊ ဖုန်းသွားယူလိုက်ဦးမယ်၊ ဒီမှာပဲ ပြောမယ်"

သူက အိပ်ခန်းထဲကဖုန်းကို ထမင်းစားခန်းထဲထိ ယူလာကာ ပေါက်ကို "ရှူး ... တိုးတိုး" လုပ်ကာ ဖုန်းကိုင်လိုက်ပါသည်။

"မောနင်း မာန်၊ နိုးပြီလား"

"ဟုတ် ... ကိုကြီးက ဘာလို့ချက်ချင်း ဖုန်းမကိုင်တာလဲ"

ဟော ... ကြည့်ကြည့်။ အဲဒီမှာ စတာပဲ ဇာတ်လမ်းက။ ဒီကောင်မလေးဟာ သူတွဲခဲ့သမျှတွေထဲကနှင့် တစ်ယောက်ဆိုတစ်ယောက်နှင့်မှ မတူကာ ဒီဇိုင်းအသစ်လေး ဖြစ်ပါသည်။ စိတ်ကလည်း ကောက်တတ်သေး၊ ပြီးရင် မချော့ဘဲ ဒီတိုင်းထားရင်လည်း ဘာလို့ မချော့တာလဲဟု စူပုပ်ပုပ်ပြောကာ ပြန်ကောက်။ အား ... တစ်နေ့ တစ်နေ့ အဲဒါနှင့်ပဲ အချိန်ကုန်နေသည်။





ဒါပေမဲ့ သူ့ကိုတော့ အရမ်းကိုချစ်တယ်ဆိုတာ သူသတိထားမိပါသည်။ မာန့်ရဲ့ပုံစံဟာ ကလေးဆန်သလို လူကြီးဆန်သလိုနှင့် ဘာလေးမှန်းကို မသိပါ။

သူမက အရမ်းချစ်ပါတယ် ဆိုတာကို သူကဲ မသိစေချင်ဘဲ ခပ်တည်တည်ဖြင့် ဖိန့်ကလုပ်တတ်သေးသည်။ မာန့်ကိုတော့ သူက ညီမလေးလို သံယောဇဉ်ရှိပါသည်။ အဲဒါကြောင့်မို့လည်း ဟိုကိစ္စကို ပေါက်နှင့် ညှိရပါဦးမည်။

"ကိုကြီး ... ဖြေလေကွာ"

သူမက ထပ်မေးမှ သူက သတိဝင်လာကာ တစ်ချက်ရယ်သွမ်းသွေးလိုက်ကာ ....

"ကိုယ်လား breakfast စားနေတာ မာန်ရဲ့၊ ဖုန်းက အခန်းထဲမှာ ထားခဲ့တော့ မကြားလိုက်ဘူး ဖြစ်သွားတာ ဆောရီး ဆောရီး မာန်၊ နောက်မဖြစ်စေရဘူး"

"အဲဒါဆိုလည်း ပြီးရော၊ ဒီနေ့တော့ မကောက်တော့ဘူး၊ တော်ကြာ ကိုကြီးက မာန့်ကို တစ်ချိန်လုံး ကောက်နေတာပဲဆိုပြီး စိတ်ပျက်သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သနားလောက်စေသည့် စကားလေးတွေကြောင့် သူဟာ မာန့်ကို သနားသွားတာ ဖြစ်နိုင်ပါသည်။ မာန်ဟာ သူ့ကို အချစ်ကြီးလွန်း၍ တစ်ချိန်မှာ အမျက်ကြီးမှာကိုလည်း သူ စိုးရွံ့မိပါသည်။

ကဲ ... နေပါလေ။ နောင်ဖြစ်မှ နှောင်ရှင်းတာပေါ့။

"မာန် ကျောင်းသွားဖို့ မပြင်သေးဘူးလား၊ တော်ကြာနောက်ကျနေဦးမယ်"

"ဟုတ် ... အဲဒါဆို မာန် ပြင်တော့မယ်လေ၊ ကိုကြီး breakfast သာ ကောင်းကောင်းစား၊ ဒါပဲနော် ကိုကြီး၊ မာန့်ကို စကားလက်ဆောင်ပေးဦးလေ"

သူက ပခုံးတစ်ချက်တွန့်လိုက်ကာ မာန် ကြားချင်နေသည့်စကားကို ပြောပေးလိုက်သည်။

"စာကို သေချာဂရုစိုက် မာန်၊ ညီမလေးကို အရမ်းချစ်တယ်၊ ကျောင်းကောင်းကောင်းသွားနော်"

"ဟုတ် ... fly kiss"





မာန်က ဖုန်းချသွားလျှင် သူက ဟူးခနဲ လေတစ်ချက်မှုတ်ကာ ခေါင်းယမ်းလိုက်ပြီး နန်းကြီးသုပ်ကို ဆက်စားလျှင် ငပေါက်က ဖြိုးစိစိဖြင့် ...

"ဆရာကျော်တို့လည်း ဒီချာတိတ်မနဲ့တွေ့တော့မှ ရူးပြီထင်တယ်၊ ဘာလဲ ... အတည်ကြီး ဖြစ်သွားပြီလား ...

ညီမလေးတွေ ဘာတွေတောင်လုပ်လို့၊ တယ် ဝွတ်ဒ်နေတာပေါ့ ကိုကျော်"

"ဒီလိုပါပဲကွာ၊ အဲဒါထားဦး၊ မင်းကို ငါပြောရဦးမယ်၊ ငါ သူ့ဆီကိုတော့ ဘာမှမယူချင်ဘူးကွာ၊ ငါ မင်းကို 75% ပေးမယ်လို့ ပြောထားတော့ မင်းလည်း အဆင်ပြေအောင် ငါးဆယ်ယူလိုက်နော်၊ ငါ စိုက်လိုက်တယ်"

သူ့ရဲ့အဲဒီစကားကြောင့် ငပေါက်က သူ့ကို တခြားသူစိမ်းတစ်ယောက်ကို မမြင်ဘူးသလို အံ့အားသင့်သည့်အကြည့်ဖြင့် ကြည့်ပြီးမှ တဟားဟား ရယ်မောကာ ...

"ကိုကျော်ရာ ... ခင်ဗျားရဲ့စိတ်တွေ ဒီလောက်ထိတောင် change ဖြစ်သွားတယ်၊ မလေးမာန်က လူသာငယ်တယ် ဇ,ကမသေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ပေါက်ကရတွေ ပြောမနေနဲ့၊ ငါက သူ့ကို ဘာစိတ်မှ ထားတာမဟုတ်ဘူး၊ သူ့ရဲ့ဖြူစင်မှုကြောင့် ငါ မလုပ်ရက်တော့တာ၊ အဲဒါပဲ၊ တခြားဘာအကန့်မှမပါဘူး"

"အဲဒါနဲ့ပဲ တိုကြီး(ကိုကြီး)နဲ့ ညယေး(ညီမလေး)ဖြစ်သွားတာပေါ့နော်၊ ဟား ... လုံးဝအသစ်ပဲ ကိုကျော်ရာ၊ လေးစားတယ်၊ ကျွန်တော့်ကိုလည်း တစ်ပြားမှမပေးနဲ့ မလိုဘူး၊ ကိုကျော်တစ်ယောက် အခုလို ကြင်နာစာတတ်တဲ့စိတ် ရှိလာတာကိုက ကျွန်တော့်အတွက် 75% ထက် ပိုတန်ဖိုးရှိတယ်"

"ပြီးတာပဲကွာ"

သူက ရှက်ရမ်းရမ်းကာ ပြီးတာပဲ ပြောလိုက်ပေမယ့် သူ့ရင်ထဲမှာတော့ မပြီးနိုင်သေးပေ။ ငပေါက်နဲ့က ကိစ္စပြတ်ပေမယ့် မာန့်ကို သူ ဘယ်လိုဖြစ်မလဲ။ မာန့်ကိုချစ်ဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါ။

ဘယ်မိန်းမကိုမှ သူ ချစ်ဖို့မဖြစ်။ သူ့ အတွက်တော့ နာကျင်စရာ အခြေအနေနှင့် ဒီနေ့လို အခြေအနေမျိုးမှာ ရပ်တည်





နေခဲ့ရတာဟာ အဲဒီမိန်းမတွေကြောင့်ပဲ ဖြစ်သည်။ အဲဒီတော့ မိန်းမတွေကို သူ မုန်းတာ အကြောင်းတော့ မဟုတ်ချေ။

နဂိုကတည်းကိုက သူတို့တွေအတွက် သူ့ရင်ဘတ်ထဲမှာ အချစ်ပါမလာတာ ဖြစ်ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ပိုးလေးသည် အိမ်ကထွက်လာကတည်းက ဒီနေ့တော့ ကျော်စူးရှနှင့် ဆုံမယ်ဆိုသော ရည်ရွယ်ချက်နှင့် ထွက်လာတာဖြစ်သည်။ သူ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာကို သူမက အထူးစဉ်းစားနေဖို့ မလိုအပ်ပါ။

ဒီအချိန်ဆို စိမ်းလန်းက Zephyr မှာ ရောက်နေလောက်ပြီဖြစ်သည်။ သူဟာ တစ်ယောက်တည်း ဒီဆိုင်မှာ လာထိုင်နေကြဖြစ်သည်။ ပိုးလေးသည် သူ ထိုင်နေကြ ထောင့်ကျကျ စားပွဲမှာ လှမ်းကြည့်လျှင် သူ့ကို တွေ့ရလေသည်။

အနက်ရောင်ရှပ်အင်္ကျီကို တံတောင်ဆစ်နားထိ လက်ခေါက်ကာ Levis မိုးပြာရောင်ဂျင်းဖြင့် အမိုက်စား ဝတ်ဆင်ထားတဲ့ သူဟာ မဂ္ဂဇင်းတစ်အုပ် ထိုင်ဖတ်နေကာ ကော်ဖီသောက်နေပုံကိုက အရမ်းကြည့်လို့ကောင်းပါသည်။





ပိုးလေးသည် သူ့မျက်နှာကို တစိမ့်စိမ့် ငေးကြည့်နေကာ သူ့လက်မောင်းကိုချိတ်၍ စကားတွေ တွတ်တီးတွတ်တာ ပြောနေသော မေလင်းမာန်ရဲ့မျက်နှာကို မျက်စိထဲ သွားမြင်လျှင် ဟင်းခနဲ သက်ပြင်းချ၍ သူ့ဆီကို လျှောက်လာခဲ့တော့သည်။

"ဟိတ် ... ဒီမှာ တစ်ယောက်တည်း လာငေါင်နေတာလား၊ ရှင့်ချစ်သူက ဒီလိုပဲ ပစ်ထားတယ်"

အဲဒီစကားကြောင့် သူက မော့ကြည့်လို့ လာလျှင် ပထမတော့ အံ့သြသွားဟန်၊ ပြီးတော့ ဝမ်းသာဟန်ဖြစ်ကာ ပိုးလေးကို ပြုံးပြကာ ...

"ဟာ ... ပိုးကလေး ဘယ်လိုရောက်လာတာလဲ"

"ဒီလာတာလေ၊ ရှင် ရှိမယ်ထင်လို့"

ပိုးလေးရဲ့စကားကို သူက အသာရယ်ကာ မဂ္ဂဇင်းစာအုပ်ကိုပါ ပိတ်လိုက်ပြီး မချိုမချဉ်မျက်နှာဖြင့် နောက်လေသည်။

"တွေ့ချင်နေတယ်ပေါ့"

"အေးပေါ့ ... မင်းသားက ချောတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ပိုးလေးနှင့် သူက ထုံးစံအတိုင်း နောက်ဟယ် ပြောင်ဟယ်နှင့်ပင် စကားတပြောပြောဖြင့် ပြောနေတုန်းမှာပင် ထင်မှတ်မထားသူက ရောက်လို့လာသည်။ သူကတော့ တခြား မဟုတ်။

ပိုးလေးရဲ့အမုန်းတော်ကြီး မေလင်းမာန်ပဲ ဖြစ်ပါသည်။ သူ့ရည်းစားနှင့် ရယ်ကာမောကာ စကားပြောနေသူဟာ သူ့ဖေဖေရဲ့သမီးဆိုတာ သူသာသိရင် ...။

ပိုးလေးသည် ကျော်စူးရှနှင့် အတူပင် မေလင်းမာန့်ကို ကြည့်လိုက်လျှင်တော့ သူမက ပိုးလေး ကို အကဲခတ်နေလျှင် ပိုးလေးက ပြန်ပြုံးပြလိုက်ပါသည်။ အဲဒီ အပြုံးကြောင့် မေလင်းမာန် အံ့သြသွားပုံရပါသည်။

"ထိုင်လေ မာန်ရဲ့၊ ဘာရပ်လုပ်နေတာလဲ"

မေလင်းမာန်က ကျော်စူးရှရဲ့စကားကို မလွန်ဆန်နိုင်စွာပင် ဝင်ထိုင်သည်။ ပိုးလေးကတော့ သူမကို ပြုံးပြနေတုန်းပဲ ဖြစ်သည်။ အခု မင်းရှေ့မှာ ထိုင်နေတဲ့သူဟာ မင်နဲ့ပတ်သက်မှု အကြီးကြီး ရှိနေတယ်ဆိုတာ မင်း သိရင် ဘယ်လိုနေမလဲဟင်။

"မာန် ဘယ်လာတာလဲ"





"ကိုကြီးဆီပဲလေ၊ ဒီမှာ ရှိနေတယ်ဆိုလို့။ ဘာလဲ ... မလာရဘူးလား"

မေလင်းမာန်က တမင်တကာ မဏ္ဍပ်တိုင်တက်ပြပြီး စကားအငေါ့တူးမှန်း သူကော ပိုးလေးပါ ရိပ်မိကြပါသည်။ ဒါပေမဲ့ အဲဒီလို စိတ်ကောက်ခွင့် ရနေတာကိုက ပိုးလေးအတွက်တော့ မနာလိုစရာ၊ မကျေနပ်စရာ ကောင်းလှပါသည်။ အရာရာကို ပိုင်ဆိုင်ထားသော အဲဒီ မေလင်းမာန်ကို ပိုးလေးက သိပ်မုန်းမိပါသည်။

ပိုးလေးသည် ဒီဝိုင်းမှာ မျက်နှာပြောင်တိုက် ထိုင်နေဖို့ မဖြစ်တော့ဟု တွေးမိပါသည်။ ကြာရင် ပိုးလေးကို ကျော်စူးရှက သူမနှင့် မိတ်ဆက်ပေးလိုက်လျှင် ဘယ်လိုပဲဖြစ်ဖြစ် အသိအကျွမ်းတော့ ဖြစ်သွားလိမ့်မည်။

မေလင်းမာန်ကို ကျော်စူးရှရဲ့ ပတ်သက်သူအဖြစ်နှင့်တော့ အသိအကျွမ်း မဖြစ်လိုပါ။

အဲဒါကြောင့်ပဲ ဒီဝိုင်းက ရှောင်ပေးဖို့ ဆုံးဖြတ်ကာ...

"ကဲ ... ကျွန်မ သွားတော့မယ် ကျော်စူးရှ၊ နောက်မှဆိုတာပေါ့၊ သွားပြီ see you"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ "see you"ကိုတော့ ပိုးလေးသည် မေလင်းမာန်သိအောင်ကို တမင်ရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ သဘောကတော့ မင်းရဲ့ချစ်သူ ဇော်ကျော်စူးရှနဲ့ တို့က ထပ်ဆုံဦးမယ်ဆိုတဲ့အကြောင်းကို သိစေချင်တာဖြစ်သည်။

❦ ○ ❦





"သူ ဘယ်သူလဲ ကိုကြီး"

သူ့ကို နှုတ်ဆက်ကာ ကျောခိုင်းထွက်ခွာသွားသော ပိုးကလေးရဲ့နောက်ကျောပိုင်းကို တမေ့တမော ငေးမောကြည့်နေမိသည်။ သူမကို နှုတ်ဆက်ပြီး ကျောခိုင်းထွက်သွားတာနှင့် သူ့ရင်ဘတ်တစ်ခုလုံးက ဘာဖြစ်လို့ ဟာသွားရတာပါလိမ့်။

အဲဒီခံစားချက်မျိုးကို သူ့ဘဝမှာ ဘယ်တုန်းကမှ မခံစားခဲ့ပါဘူး။ ခုနက သူမနှင့် နောက်ပြောင်ပြောင်ပြောင် စကားပြောနေခဲ့တဲ့ အမြူးဓာတ်ခံစိတ်တွေ ဘယ်ရောက်သွားသလဲ။

အဲဒီအတွေးတွေ ဂယက်ထနေစဉ်မှာပဲ မာန်က သူ့လက်မောင်းကို ခပ်ဖွဖွ လှုပ်ယမ်းကာ "သူ ဘယ်သူလဲ"ဟု မေးလိုက်လျှင် ဘာဖြေရမှန်းမသိသဖြင့် ခပ်ပေါ့ပေါ့ပဲ ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အသိတစ်ယောက်ပါ"

သူ့ရဲ့အဖြေကို ကျေနပ်ဟန်မရှိသေးဘဲ မာန်က စောဒကတက်ကာ မျက်နှာကိုရှုံ့မဲ့ကာ ...

"အဲဒါက မတိကျတဲ့ အဖြေကြီးပါ၊ မာန် မေးနေတာက သူ ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ၊ ကိုကြီးနဲ့ ဘယ်လောက် ထိတောင် ရင်းနှီးမှုရှိသလဲ ...

သေချာသိချင်လို့ မေးနေတဲ့ဟာကို"

အဲဒီစကားပြောဟန်လေးဟာ တစ်ယောက်နှင့်သွား ဆင်သလို ခံစားမိပါသည်။ သူသည် မာန့်ရဲ့မျက်နှာကို စူးစိုက် ကြည့်လိုက်လျှင်တော့ သူ့စိတ်ထဲ တစ်မျိုးဖြစ်သွားသောကြောင့် သေချာအောင် ပိုးကလေးရဲ့မျက်နှာကို ပုံဖော်ကြည့်မိလိုက်သည်။

ဟုတ်တာပေါ့ ... သူ တစ်ချိန်လုံး ပိုးကလေးက ဘယ်သူနဲ့တူပါလိမ့်ဆိုပြီး တွေးမိနေတာ။ မာန်နှင့် ပိုးကလေးက ခပ်ဆင်ဆင်တူပါသည်။ မျက်လုံးဝိုင်းတာလေးတွေ၊ နှာခေါင်းချွန်ပုံ လေးတွေ တစ်ချက် တစ်ချက် စကားပြောဟန်လေးတွေက ဆင် တာပေါ့။





ဒါပေမဲ့ မာန်က ပုပုသေးသေးလေးနဲ့ cute ဖြစ်ပြီး၊ ပိုးကလေးကတော့ အရပ်မြင့်မြင့်နှင့် ခပ်ထွားထွားလေးဖြစ်ကာ ပြတ်သားရဲရင့်သည့် မာန်တစ်မျိုးဖြင့် ထင်းထွက်နေပါသည်။

"ကိုကြီး ဖြေလေ"

သူ့ကို နှုတ်ခမ်းတစ်ချက်ဆူကာ ခပ်ဆတ်ဆတ်လေး မေးလိုက်လျှင် သူဟာ ကျစ်ခနဲ စုပ်သပ်လိုက်ပြီး ...

"မာန် အဓိပ္ပာယ်မရှိ ထင်မြင်ချက်နဲ့ ကိုယ့်ကို သဝန်လာ တိုမနေနဲ့ကွာ၊ ကိုယ့်ကို စစ်လား ဆေးလား လုပ်တာတွေ ကို ကိုယ် မကြိုက်ဘူး ...

ကိုယ်ပြောပြီးပြီလေ၊ သူက ကိုယ့်မိတ်ဆွေပါလို့ သူ ဒီကို ဘာလို့လာတာလဲဆိုတဲ့ မေးခွန်းကိုတော့ မင်း မမေးသင့်ဘူး၊ ဒါ စားသောက်ဆိုင်လေ၊ သူလည်း လာမှာ ပေါ့၊ ကိုယ်နဲ့ မတော်တဆဆုံတယ်၊ ဘာဖြစ်လဲကွာ ...

နောက်ဆို ကိုယ့်ကို အဲဒီမေးခွန်းမျိုး မမေးပါနဲ့၊ ကိုယ် လုံးဝမကြိုက်ဘူး"

သူက အပြတ်ပြောလိုက်လျှင် မာန်သည် မျက်နှာ တစ်ချက် ညှိုးသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မာန်က ကိုကြီးရဲ့ချစ်သူပါ၊ ဒီလောက်လေးတော့ မေးပိုင်ခွင့်ရှိပါတယ်၊ မာန်က သူ ဘယ်သူလဲ မေးတာနဲ့ ကိုကြီးက ဘာလို့ ဒီလောက် ဆတ်ဆတ်ခါ နာနေရတာလဲ"

"မာန် … မင်း တော်တော့၊ အဲဒီလို စကားနာထိုးတာမျိုးကို ကိုယ် မုန်းတယ်နော်။ မင်းနဲ့ ကိုယ် ဒီလောက်ပဲ စကားပြောကြရင် ကောင်းမယ်၊ ဒီထက် ဆက်ပြောလို့လည်း မကောင်းတော့ဘူး …

ညကျမှ ကိုယ် ဖုန်းဆက်လိုက်မယ်"

သူက ပိုက်ဆံရှင်းကာ ထထွက်သွားဖို့ ဟန်ပြင်လျှင် မာန်က သူ့ကို မကျေနပ် မကြည်လင်သော မျက်နှာထားဖြင့် တစ်ချက် မော့ကြည့်သည်။ သူသည် ဘာလို့ ဒီလောက်ဒေါသထွက်သွားမှန်းတော့ မပြောတတ်ပါ။

သူက မာန့်ကို ကျောခိုင်းထွက်လာလျှင် မာန်က အနောက်ကနေ လှမ်းပြောသဖြင့် သူ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်တန့်သွားတော့သည်။

"မာန့်ကို ဒီမှာ တစ်ယောက်တည်း ထားခဲ့မလို့လား"





မာန့်စကားကြောင့် သူဟာ မာန့်ကို လည်ပြန်တစ်ချက် လှည့်ကြည့်လိုက်ကာ …

"ကိုယ်နဲ့ မင်း ဒီမှာတွေ့ရအောင်ဆိုပြီး ချိန်းမထားဘူးလေ၊ ကိုယ့်ဘာသာကိုယ် ပြန်တာပေါ့"

သူက ညစ်ကျယ်ကျယ် တစ်ချက်ပြုံးကာ လှည့်ထွက်လာခဲ့တော့သည်။ မာန် နောက်မှာ ဘယ်လိုဖြစ်ပြီး ကျန်ခဲ့သလဲတော့ သူလည်း မပြောတတ်ပါ။ ဒါပေမဲ့ မာန့်ကိုတော့ သူ တော်တော်စိတ်ဆိုးမိသွားတာဖြစ်သည်။

အသားလွတ် သဝန်တိုတတ်တဲ့မိန်းမ၊ ပြီးတော့ သစ္စာမရှိတဲ့မိန်းမ၊ အဲဒီလိုမိန်းမမျိုးတွေဆို သူက သိပ်မုန်းပါသည်။ သူ အိမ်ပြန်ရောက်သည့်အခါမှာ မာန့်ဆီက ဖုန်းဝင်လာပါသည်။

ဖုန်းပြောချင်စိတ် မရှိတာကြောင့် ဖုန်းပိတ်ထားလိုက်တော့သည်။

မာန် ဘယ်လိုခံစားနေရသလဲ ဆိုတာထက် သူ ဘယ်လောက် ဒေါသထွက်နေသလဲ ဆိုတာပဲသိသည်။ သူက အဲဒီလို လူစားမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မလုပ်ချင်သည့် ကိစ္စမျိုးဆို ဘာအတွက်ကြောင့်မှ မလုပ်တတ်သလို၊ သူ စိတ်ပါလာပြီဆိုရင်လည်း ဘယ်သူကမှ တားဆီးလို့ မရပါ။

လောကမှာ သူ မလုပ်ချင်တာကို "စိတ်"တစ်ခုအတွက် ကြိတ်မှိတ်လုပ်ခဲ့ရတာဟာ အကြောင်းကိစ္စတစ်ခုကြောင့်ပဲ ဖြစ်ပါသည်။

❦ ○ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) မွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။





## ၇

ယောက်ျားလေးတွေရဲ့ အားနည်းချက်က ဘာဆိုတာပါလို့ သိထားသော သူ့အတွက် ကျော်စူးရှကို ခင်မင်ခွင့်ရပြီးလျှင် ဘာဆက်လုပ်ရမယ်ဆိုတာ ကြိုတင်ကြံစည်ထားပြီးသားဖြစ်သည်။ ဒါပေမဲ့ ကျော်စူးရှဟာ ပိုးလေး ထင်ထားသလို သိမ်းသွင်းဆွဲယူတိုင်း ပါလာမည့် ယောက်ျားမျိုးတော့ မဟုတ်ချေ။

သူ့မျက်လုံးတွေဟာ တစ်ခါတစ်ရံ ငြိမ်းအေးနေတတ်သလို တစ်ခါတလေမှာတောင် အရှမ်းစူးရှ လင်းလက်နေတတ်သည်။ သူ ဘယ်သူလဲ ဘာလဲ ဆိုတာကို တိတိကျကျမသိသေးပေမယ့် သူဟာ active ဖြစ်ကာ လူကောင်းတစ်ယောက်ဆိုတာကိုတော့ ပိုးလေးရဲ့စိတ်ထဲမှာ အတိအကျကို သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံဖန်ရံခါ တွေ့ဆုံတတ်လေ့ရှိပြီး သူဟာ ပိုးလေးရဲ့ စိတ်ကို exciting ဖြစ်အောင် စွမ်းဆောင်နိုင်သူ ဖြစ်ပါသည်။ သူနှင့် ပတ်သက်ခဲ့ခြင်းမှာ အစကတော့ မေလင်းမာန်နှင့် ခွဲဖို့ ရည်ရွယ်ချက်ဖြင့်ဖြစ်သည်။ ပိုလေးနှင့်တွဲဖို့ ဆန္ဒမပါ။

အချစ်ဆိုတာကို မယုံကြည်သော ပိုးလေးအဖို့ သူ့ကို စွဲစွဲလမ်းလမ်း ဖြစ်သွားတာကို တစ်ဆိတ်တော့ အံ့သြရပါသည်။ မေလင်းမာန်ဆီက လုယူမယ်ဟု မရည်ရွယ်ပေမယ့် မေလင်းမာန်ရဲ့ အသည်းကို ခွဲဖို့တော့ ဆုံးဖြတ်ထားပါသည်။

သူတို့နှစ်ယောက် ဝေးကွာသွားအောင် ဘယ်လိုအကြောင်းရင်းက ဖြစ်နိုင်မည်နည်း။

သိပ်တော့လွယ်မယ်ဟု မထင်ထားပါ။ မေလင်းမာန်ကို အပြင်ပန်းကြည့်ရုံနှင့်တင် သူမ ကျော်စူးရှကို ဘယ်လောက်ချစ်တယ်ဆိုတာ သိနိုင်ပါသည်။ ကျော်စူးရှကို သည်းသည်းလှုပ်ချစ်ပြ၊ ဂရုစိုက်ပြပုံဟာ ကျော်စူးရှကို အကောင်းဆုံး ချည်နှောင်ထားနိုင်မည်ဟု ထင်ပါသည်။

"သမီးနဲ့ မေမေ စကားခဏပြောရအောင်"





ပိုးလေးက ဝရန်တာမှာထိုင်ကာ သူတို့အကြောင်းကို အတွေးပွားနေတုန်းမှာပင် မေမေက စကားပြောရအောင်လို့ ဆိုလာလျှင် ပိုးလေးက မေမေ့ကို တစ်ချက်မော့ကြည့်လိုက်ကာ ပြုံးပြလိုက်ပြီး ...

"ဘာပြောမလို့လဲ မေမေ"

မေမေက ပိုးလေးရဲ့ပခုံးကို ခပ်ဖွဖွကိုင်ကာ ...

"မေမေတို့ မန္တလေးမှာပဲ ပြန်နေကြရအောင်လား သမီးရယ်၊ အဲဒါ မကောင်းဘူးလား"

မေမေက ဘာကိုရည်ရွယ်၍ မန္တလေးကို ပြန်မယ်ဆိုပြီး ပြောနေမှန်း ပိုးလေး သိပါသည်။ ပိုးလေးသည် မေမေ့ တစ်ချက်ပြုံးပြကာ ခေါင်းခါပြလိုက်ရင်း ...

"လုံးဝမကောင်းဘူး မေမေ၊ သမီး ဒီမှာ ကျောင်းတက်တယ်ဆိုတာ ဘာကြောင့်မှန်း မေမေ သိရဲ့သားနဲ့၊ ရန်ကုန်မှာ သမီးအတွက် နေရာတစ်နေရာတော့ ရအောင်ကြိုးစားရမှာပဲ မေမေ"

မေမေက မသက်မသာ သက်ပြင်းချလိုက်ကာ ပိုးလေးကို ငေးငိုင်စွာ ကြည့်နေလေသည်။ မေမေ့မျက်ဝန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် မေမေ ဘာကို ပြောချင်နေတယ်ဆိုတာကို ပိုးလေးသိပါသည်။ ဒါပေမဲ့ အဲဒီလိုသိပြီး သမီးအလိမ္မာလေး လုပ်လိုက်လျှင် ပိုးလေးဘဝမှာ ရှုံးတာတွေ သိပ်ကိုများသွားလိမ့်မယ် မေမေ။

ဖေဖေတစ်ယောက်တည်း အသိအမှတ်ပြုတဲ့ သမီးအဖြစ်နဲ့ ပိုးလေး တကယ်ကို မလိုချင်တာဖြစ်သည်။ တစ်လောကလုံးက ပိုးကလေးဟာ မာန်ထရိတ်ဒင်းရဲ့ CEO ဦးလင်းမာန်ရဲ့ သမီးတစ်ယောက် ဖြစ်တယ်ဆိုတာကို သိရင် ကျေနပ်ပြီဖြစ်သည်။

အဲဒီစိတ်ကြောင့် ပိုးလေးဟာ ရန်ကုန်ကို ရောက်လာခဲ့တာ ဖြစ်ပါသည်။ ဖေဖေ့ရဲ့ထောက်ပံ့မှု အပြည့်အဝထက် ပိုလိုအပ်တာက ဖေဖေ့ရဲ့မေတ္တာကိုဖြစ်သည်။

အဲဒီမေတ္တာကို မရတာနှင့် ပိုးလေးသည် အတွေးတွေများ၊ လမ်းတွေများကာ သူများချစ်ခြင်းကိုခွဲဖို့ ဟန်ပြင်နေသည့် မိန်းမကြမ်းကြီးတောင် ဖြစ်လို့နေသည်။

"ပိုးလေးရယ် ... သမီးရဲ့ခံစားချက်ကို မေမေ နားလည်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ သမီးဖေဖေကိုလည်း ငဲ့ရမယ်လေ၊ သမီးဖေဖေအနေနဲ့ အဲဒီလိုမျိုး တရားဝင်ကြေညာရဲ့ဖို့ အချိန်တစ်ခုတော့ စောင့်ပေးရမှာပေါ့ကွယ်"





"ဟုတ်လား မေမေ၊ သမီး စိတ်ရှည်ခဲ့တာ ၂၆-နှစ် ရှိပါပြီ၊ သမီးရဲ့ဖခင်နေရာမှာ တရားဝင်ရေးပိုင်ခွင့်ရဖို့ စောင့်နေခဲ့တာ ၂၆-နှစ် ရှိသွားပြီ မေမေ"

ပိုးလေးရဲ့ခံစားချက်တွေ ပြည့်လျှမ်းနေကာ မသိမသာ လှုပ်ခတ်သွားသော အသံကြောင့် မေမေဟာ မျက်ရည်ကျလာကာ ပိုးလေးကို ရင်ခွင်ထဲ ထွေးဖက်ထားကာ ဆံပင်လေးတွေကို ပွတ်သပ်ပေးကာ ...

"မေမေ့ရဲ့အမှားအတွက် ငါ့သမီးလေး အခုလို ခံစားနေရတာ မေမေ သိပ်မှားခဲ့တယ် သမီး"

မေမေက ဆို့နင့်ကြေကွဲကာပြောလျှင် ပိုးလေးသည် တိတ်တဆိတ် မျက်ရည်ကျရပါသည်။ တကယ်တော့ ကံကြမ္မာကိုက မှားနေခဲ့တာပါ မေမေ။ မေမေ ဒေါ်ပိုးရွှေဝါဟာ ဖေဖေ ဦးလင်းမာန်နှင့် ဆယ်ကျော်သက်အရွယ်မှာကတည်းက ချစ်ကျွမ်းဝင်ခဲ့တာဖြစ်ပါသည်။

ထုံးစံအတိုင်း အညတရကျောင်းသူလေး မေမေနှင့် ဂုဏ်ကြီးရှင် သူဌေးသားဖေဖေ့ကို ဖေဖေ့မိဘတွေက သဘောမတူကာ ခွဲပစ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်အတွက် သူ့ရဲ့ကောင်းဖြစ်ချင်သည့် ဖေဖေဟာ မိဘတွေ သဘောမတူသည့်ကြားက မေမေ့ကို ရအောင်လက်ထပ် ခဲ့ပေမယ့် ခေတ်ဟောင်းရုပ်ရှင်တွေထဲကအတိုင်း ဖေဖေ့အမေ အသည်းအသန်ဖြစ်သည့် အကြောင်းပြချက်နှင့်ပဲ ဖေဖေနှင့်မေမေ ‌ေဝးဖို့ အကြောင်းဖန်ခဲ့ပါသည်။

ဖေဖေဟာ ဘွားဘွားရဲ့ဆန္ဒကို ဘယ်လိုမှ ပယ်ရှား လို့မရနိုင်တဲ့ အဆုံးမှာတော့ ဘွားဘွားတို့ သဘောတူရာ မိန်းက လေးနှင့် လက်ထပ်လိုက်ရတော့သည်။ မေမေက စိတ်နာကာ ထွက်သွားပြီး ဖေဖေက နေရာအနှံ့ လိုက်ရှာတော့မှ မေမေနှင့် နှစ်နှစ်လောက်အကြာမှာ ပြန်ဆုံရာ အချစ်တွေ မကုန်သေးသည့် ဖေဖေနှင့်မေမေ ဇာတ်လမ်းပြန်ဆက်ကြတာဖြစ်သည်။

ဖေဖေ့ကို ချစ်တဲ့စိတ် တစ်ခုကြောင့်ပဲ အရာရာကို သည်းခံအရှုံးပေးခဲ့တဲ့ မေမေဟာ ဖေဖေ့ရဲ့ပထမဇနီးနေရာကနေ ဖယ်ပေးကာ တိတ်တိတ်ပုန်းဇနီးအဖြစ် နေခဲ့ရတာဖြစ်သည်။ ပိုးလေး အရွယ်ရောက်တဲ့အခါမှာတော့ ဒီကိစ္စတွေသိကာ ရန်ကုန် မှာ ကျောင်းတက်မည်ဆိုတဲ့ အကြောင်းပြချက်ဖြင့် ဖေဖေ့ရဲ့တရား ဝင်သမီးဖြစ်အောင် ကြိုးစားခဲ့တာဖြစ်သည်။





အဲဒါကို ဖေဖေက လက်မခံသေးတာကြောင့် ပိုးက လေးဟာ စိတ်တွေရှုပ်ကာ ဖေဖေ့ရဲ့တခြားသားသမီးတွေကို ပတ် ရမ်းခဲ့တာဖြစ်သည်။ အခုချိန်မှာ ပိုးကလေးရဲ့ပစ်မှတ်ဟာ မေလင်း မာန်ပဲ ဆိုပါတော့။

"မေမေ မမှားပါဘူး မေမေရယ်၊ တကယ်တော့ ဒီကိစ္စမှာ မပြတ်သားတဲ့ ဖေဖေကသာ အမှားဆုံးလူပါ၊ ဖေဖေက သမီးတို့သားအမိကို တစ်စက်ကလေးမှ ပူပင်ကြောင့်ကြမှု မရှိဘဲ ချမ်းချမ်းသာသာ ထားပေးတာနဲ့ တာဝန်ကျေပြီလို့ ယူဆထားတာ ...

သမီး ဖေဖေ့ကို စော်ကားတာမဟုတ်ပါဘူး၊ ဒါပေမဲ့ ဖေဖေ့ကို သမီး အပြစ်တော့ တင်ချင်တယ်"

ဖေဖေနဲ့ မေမေဟာ ရုံဖန်ရံခါ ဖုန်းပြောရုံကလွဲလို့ တွေ့ဆုံခြင်းမရှိခဲ့တော့တာဟာ အတော်ကြာပြီဖြစ်သည်။ အဲဒါကို လည်း ပိုးလေးက မကျေနပ်နိုင်ပါ။ ဘာကြောင့် မေမေ့ကို ဒီလို လုပ်တာလဲလို့ ဖေဖေ့ကို မေးလိုက်တိုင်း မပြောင်းလဲစွာ ပြန်ဖြေ တတ်တာကတော့ ဒီလိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ အရာရာကို ညီညီမျှမျှနဲ့ စဉ်းစားပြီးမှ ဆုံးဖြတ်လိုက်တာ သမီး၊ သမီးမေမေအပေါ် ဖေဖေ ဘယ်တုန်းကမှ တာဝန်မဲ့ခြင်းမရှိခဲ့ဘူး၊ အဲဒီလိုပဲ ဖေဖေ ဟိုတစ်ဖက်ကိုလည်း တာဝန်ကျေချင်တယ်၊ အဲဒါ ဖေဖေ့ရဲ့ဆုံးဖြတ်ချက်ပဲ"

ဖေဖေ အဲဒီလိုပြောတိုင်း ပိုးလေးက အမြဲရင်နာခဲ့ရပါသည်။ ဘာတွေမှားပြီး ဘာကမှန်သလဲ ဆိုတာကိုတော့ ပိုးလေးလည်း မသိပါ။ ဒါပေမဲ့ ဖေဖေ့ကို စိတ်တော့နည်းနည်းနာပါသည်။

"သမီးကို မေမေ မတားရက်ပါဘူး၊ ဒါပေမဲ့ သမီးခေါင်းထဲမှာ အမြဲထည့်ထားဖို့က မေမေ ရှိသေးတယ် ဆိုတာကိုပဲ၊ သူတို့တွေကို ပြင်းပြင်းထန်ထန် တုံ့ပြန်တော့မယ်ဆိုရင် မေမေ့မျက်နှာကိုတော့ အရင်ဆုံး ပြေးမြင်ပါ သမီးရယ်"

ပိုးကလေးက မေမေ့ကို စိတ်ချမ်းသာပါစေတော့ဆိုပြီး ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်သည်။ မေမေ့ရဲ့သမီးဟာ ခေါင်းငုံ့နေခဲ့တာ ကြာခဲ့ပြီ။

ဒီတစ်ခါတော့ ခေါင်းမော့ပါရစေတော့။

❦ ○ ❦





စိတ်ကောက်နေတဲ့ ကောင်မလေးကို ဘယ်လိုချော့ရမလဲလို့ သူက မတွေးချိန်တွင် သူ့ကို စိတ်ကောက်နေတဲ့ ကောင်မလေးကတော့ သူ့ဆီ ဖုန်းဆက်ရတာနှင့် message ပို့ရတာနှင့်ကို တော်တော်ဗျာများနေရှာပါသည်။

အစကတော့ တော်ပြီ သူ့ကိုတော့ ပြတ်လက်စနဲ့ ဖြတ်လိုက်မယ်ဟု ဆုံးဖြတ်ထားသော်လည်း မာန့်ရဲ့နေ့ညမပြတ် သူ့ဆီဝင်လာတဲ့ ဖုန်းတွေ၊ message တွေကြောင့် ငပေါက်က သူ့ကို အကြံပေးလေသည်။

"မေလင်းမာန်က အသည်းအသန်ကိုကြွေနေတာပဲ၊ ကိုကျော်ရာ သနားပါတယ်၊ ဖုန်းလေးတော့ ပြန်ဆက်လိုက်ပါလား"

"နေပါတော့ကွာ ... ငါလည်း သူ့ကို ဖြတ်ချင်နေတာ အတော်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



“အေးလေ … ကိုကျော့် သဘောပါ”

ကျော်သည် ငပေါက် ပြန်သွားပြီး နောက်မှာတော့ တစ်ယောက်တည်း MTV ထိုင်ကြည့်နေရင်းနှင့် ဘာမဆိုင် ညာမဆိုင် ပိုးကလေးကို အရမ်းသတိရနေမိသည်။ အခုဆို သူမနှင့် ဖုန်းမပြောဖြစ်တာ၊ မတွေ့ဖြစ်တာ တစ်ပတ်တောင် ရှိနေပြီဖြစ်သည်။ သူမတစ်ယောက် ဘာတွေများ လုပ်နေပါလိမ့်။

ဟင် … ဘာလို့ အဲဒီအတွေးတွေ ဝင်လာတာပါလိမ့်။ ကျော်သည် ကိုယ့်ဘာသာကိုယ်တော့ အတော်အံ့သြရပါသည်။ မိန်းကလေးတစ်ယောက်ကို ဒီလောက်ထိ အချိန်ပေး တွေးတောနေတာဟာ ဘာ့စိတ်ကြောင့် ဖြစ်နိုင်သလဲ။

အဲဒါ … အဲဒါဟာ …။ ဟင့်အင်း … လုံးဝမဖြစ်နိုင်ပါဘူး။

သူက မိန်းကလေးတွေကို မချစ်တတ်ပါဘူး။

ကျော်သည် ကျစ်ခနဲ တစ်ချက်စုပ်သတ်ကာ မတွေးတော့ဘူး ဆုံးဖြတ်လိုက်ပြီးနောက် TV ပဲ ဆက်ကြည့်နေစဉ်မှာ ထုံးစံအတိုင်း မာန့်ဆီက ဖုန်းလာလေသည်။ ကျော်သည် ဖုန်းမ





ကိုင်တော့ဘူးဟု ဆုံးဖြတ်လိုက်ပေမယ်လည်း ဒီလိုဖုန်းမကိုင်ဘဲ ဒီတိုင်းထားရင် ကိစ္စက ပြတ်မှာမဟုတ်ဟု သူက ကြိုသိကာ ဖုန်းကိုင်လိုက်တော့သည်။

“ပြော … ဘာလဲ”

“ကိုကြီး သိပ်နေနိုင်တာပဲနော်၊ မာန့်ကို လုံးဝအဆက်သွယ်ဖြတ်ထားတယ်၊ မာန် ဘာများအမှားလုပ်မိလို့လဲ”

“မနက်ဖြန် ကန်တော်ကြီးကို လာခဲ့ပါ မာန်၊ ကိုယ်တို့ အဲဒီရောက်မှ စကားပြောကြတာပေါ့”

သူက ပြောပြီးတာနှင့် စကားထပ်မဆက်တော့ဘဲ ဖုန်းချပစ်လိုက်တော့သည်။ အဲဒီလိုနှင့် မနက်ပိုင်းမှာ သူတို့ဆုံနေကြ ကန်တော်ကြီးထဲက ခုံတန်းလျားလေးကို သူ ရောက်လာစဉ်မှာ မာန်က သူ့ထက်စောကာ ကြိုရောက်နေသည်။

သူက ကားပေါ်ကဆင်းလာလျှင် မာန်က သူ့ဘေးနားသို့ အပြေးရောက်လာကာ သူ့ကို ချိုသာစွာ ပြုံးပြလေသည်။

“ကိုကြီးကလည်း နောက်ကျလိုက်တာ မာန် စောင့်နေတာ ကြာလှပြီ”



www.burmeseclassic.com

www.burmeseclassic.com



"မာန် ... ကိုယ်တို့ လမ်းခွဲကြရအောင်"

ရုတ်တရက်ကြီး ပြောလိုက်တဲ့ စကားကြောင့် မာန်က အံ့သြလွန်း၍ ဘာမှပြန်မပြောနိုင်သေးဘဲ သူ့ကိုသာ ကြောင်ကြည့်နေသည်။ မာန့်ရဲ့ဖြစ်ပျက်သွားသော အခြေအနေအတွက် သူက ခပ်တင်းတင်းပဲ ကြည့်နေလိုက်သည်။

မာန့်ကို ညီမလေးတစ်ယောက်လို သဘောထားကာ ငပေါက်နှင့် ညှိထားသောကိစ္စကို ဖျက်လိုက်၍ သူမ အထိမနာတာဖြစ်သည်။ နို့မို့ဆို သူအောင်းသောခွင်ထဲမှာ မေလင်းမာန်တစ်ယောက် ဘယ်လောက်တောင် အမ်းနေမလဲ မပြောတတ်ပါ။

"ကိုယ် ဒီစကားပြောချင်လို့ ချိန်းလိုက်တာပါ၊ ကိုယ် သွားမယ်"

ကျော်က သူမရဲ့လက်တွေကို ဖြုတ်ချလိုက်စဉ်မှာပဲ သူမက ရှိုက်သံသဲ့သဲ့လေးတစ်ခုနှင့်အတူ ...

"မာန် ကိုကြီးကို ဘာများအပြစ်လုပ်မိလို့လဲ၊ မာန် ဟိုတစ်လောက မေးမိတဲ့ကိစ္စဟာ ဒီလောက်တောင် ဖြစ်သွားတဲ့အထိ ကြီးမားသလား၊ မာန့်ဘက်ကိုလည်း နည်းနည်း စဉ်းစားပေးပါဦး"





"ကိုယ် မာန့်ကို စကားတစ်ခွန်း ပြောခဲ့ဖူးသလား မသိဘူး၊ အချစ်ဆိုတာ စက္ကန့်ပိုင်းအတွင်း ချက်ချင်းဖြစ်လာနိုင်တယ် မာန်၊ အဲဒီစက္ကန့်ပိုင်းအတွင်းမှာ စိတ်လှုပ်ရှားမှုနဲ့ ချစ်ခဲ့ကြတယ်၊ တစ်နေ့ အဲဒီလို စိတ်လှုပ်ရှားမှုတွေ ပျောက်ကွယ်သွားရင် လမ်းခွဲကြရတယ် ဆိုတာလေ"

အမှန်တော့ သူ အဲဒီစကားကို ဘယ်တုန်းကမှ မာန့်ကို မပြောခဲ့ဘူးပါ။ တမင်သက်သက်ကို သူက မာန့်ကို ခြွေခဲ့သမျှ တော်လ်ကီတွေဟာ သူ့ရင်ထဲကလာတာ မဟုတ်မှန်း မာန် သိသွားအောင် ပြောလိုက်တာဖြစ်သည်။

ဆောရီးပဲ မာန်။ ကိုယ့်ဘဝမှာ မင်းတစ်ယောက်ကိုပဲ ဆောရီးလုပ်ခဲ့ဖူးတယ်။ မင်း ကိုယ့်ကို ဆက်နှောင်တွယ်လေလေ မင်း ပိုခံစားရလေလေ ဖြစ်မှာစိုးလို့ ဒီနေ့ပဲ ဖြတ်လိုက်ရတာပါ။ မင်း ကိုယ့်ကို မုန်းတီးပါ၊ နာကြည်းပါ ညီမလေး။

"ကိုကြီးရယ် ... အဲဒီလိုမျိုးတော့ မလုပ်ပါနဲ့၊ မာန် ... မာန် ကိုကြီးကို ဘယ်လောက်ချစ်တယ်ဆိုတာ သိရဲ့သားနဲ့ မာန့်ကို အဲလိုမျိုး မနောက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မာန် ... ကိုယ့်ကို မင်း မချစ်ပါနဲ့၊ မင်းနဲ့ ကိုယ်ဟာ အချိန်ကာလတစ်ခုထိ နားလည်မှုနဲ့တွဲခဲ့တယ်၊ အခု ကိုယ်မှ မင်းကို မတွဲနိုင်တော့တာ၊ ကိုယ် မင်းကို ခဏခဏ ပြော ပါတယ်၊ အချစ်ကို အဲဒီလောက် မခံစားပါနဲ့၊ မင်းအတွက် မကောင်းဘူး ...

ကဲ ... ကိုယ်သွားတော့မယ်၊ နောက်တစ်ကြိမ်ကြုံ တော့လည်း ဆုံကြတာပေါ့ ... ဘိုင့်"

မာန်က ရှောခ်ရကာ မျက်ရည်တွေ ရစ်သိုင်းကာ ဆက်မပြောနိုင်တော့ပေ။ သူဟာ မာန့်ကို သနားပေမယ့် သူ့ထုံးစံ အတိုင်း မာန့်ကို ညစ်ကျယ်ကျယ် တစ်ချက်ပြုံးကာ ကားပေါ်သို့ တက်ဖို့ တံခါးဖွင့်လိုက်စဉ်မှာတော့ အသံတစ်ခုကြောင့် သူဟာ ခဏတော့ တန့်သွားရတော့သည်။

"ဘယ်လိုလဲ မာန်မာန် ... နင့်ကို ငါ မပြောဘူးလား၊ ဒီကောင်ဟာ တစ်ချိန်ချိန်မှာ နင့်ကို အစိမ်းမြတ် မြတ်သွား လိမ့်ပါမယ်လို့ ...

ကျော်စူးရှ ... ရှင်က သိပ်ကို ဟုတ်နေတယ်ပေါ့ လေ"





ကျော်သည် အဲဒီစကားကြောင့် မျက်နှာကိုမဲ့ရယ် ရယ်လိုက်ကာ ကားတံခါးကို ဂုန်းခနဲ ဆောင့်ပိတ်လိုက်ကာ မာန်နှင့် ငွေယွန်းမို ရှိရာကို ပြန်လျှောက်လာလျှင်တော့ မာန်က ပြဿနာဖြစ်မှာ စိုးရိမ်ပူပန်စွာဖြင့် သူ့ကို လှမ်းတားသည်။

"မာန် တောင်းပန်ပါတယ် ကိုကြီးရယ်၊ မိုမို ... နင်က ဘယ်လိုရောက်လာရတာလဲ၊ ဒါ ငါ့ကိစ္စ၊ နင် ဝင်မပါနဲ့"

"ပါရမယ်၊ ငါ ကြည့်နေတာ ကြာပြီ၊ အခုတော့ နင့်ကို သူက ဒီလို ပစ်ပစ်ခါခါ လုပ်တယ်ဆိုတော့ ငါ ဝင်ကိုဝင် လာရပြီ"

ကျော်သည် ထင်တိုင်းကြကာ လာသောင်းကျန်းတဲ့ အဲဒီမိန်းမ ငွေယွန်းမိုကို သူက မေးတစ်ချက် ဆတ်ပြကာ ...

"ဒါ ကိုယ်နဲ့ မေလင်းမာန်ရဲ့ personal ပါ၊ နေစမ်းပါဦး မင်းက မေလင်းမာန်ကိစ္စဆို ဘာလို့ ဒီလောက် လိုက်ရှု နေတာလဲ၊ ဘာလဲ ... မင်း မျက်နှာပန်းလှအောင်လား"

သူ့ရဲ့ အဲဒီစကားကြောင့် ငွေယွန်းမိုဟာ ဆတ်ဆတ် ထိမခံနိုင်အောင် နာသွားလေသည်။ ပြောရရင်တော့ ငွေယွန်းမို



www.burmeseclassic.com

www.burmeseclassic.com



ဟာ မာန့်ကို ကပ်ဖားယပ်ဖားလုပ်ကာ ဦးလင်းမာန်ကို မျက်နှာလုပ်နေတဲ့လူမျိုး ဖြစ်သည်။

အဲဒီမိန်းမအကြောင်းကို ငပေါက် စုံစမ်းပြီးပြောပြကတည်းက သူက တော်တော်ချဉ်နေတာဖြစ်သည်။ ဒါကြောင့် အခွင့်အရေးရတုန်း အပြတ်တွယ်လိုက်တာဖြစ်၏။

"ရှင် စကားပြောတာ သိပ်အောက်တန်းကျတာပဲ၊ အေးပေါ့လေ ... ရှင့်လို အညံ့စားယောကျ်ားက ဒီစကားတွေပဲ ပြောတတ်မှာပေါ့"

"ဟား ... မင်းကမှ အဆင့်အတန်း မရှိတာကွ၊ သူများကိုယ်ရေးကိုယ်တာကို ဝင်ချောင်းနားထောင်တာကမှ အဆင့်အတန်းနိမ့်တာ၊ မင်း မှတ်ထား ငွေယွန်းမို၊ လူတစ်ယောက်ကို ထိုးနှက်တော့မယ်လို့ ဆုံးဖြတ်ပြီးရင် ဒီတိုင်း ကမူးရှူးထိုး ဘယ်တော့မှ မဝင်နဲ့ ...

ကိုယ့်ကို ထိုးနှက်ချင်ရင်လည်း ကိုယ့်အကြောင်း မသိဘဲနဲ့ ဘာမှ လာမစမ်းနဲ့၊ မင်း ရှုံးသွားဖို့ပဲ ရှိတယ်"

"ဘာ ... နင်ကများ ငါ့ကို"





"ကဲ ... တော်တော့ မိုမို။ ကိုကြီးလည်း တော်တော့၊ လမ်းခွဲဖို့ကို မာန် စဉ်းစားပါရစေဦး၊ ကိုကြီးလည်း ပြန်စဉ်းစားပါ၊ မာန်တို့ နောက်တစ်ခါ ထပ်တွေ့တာပေါ့၊ သွားမယ်နော် ကိုကြီး"

မာန်က သူတို့နှစ်ယောက်ကြားက အခြေအနေကို ဝင်ဘားကာ ငွေယွန်းမိုကိုခေါ်ပြီး ထွက်သွားတော့သည်။ ကျော်သည် မဲ့ပြုံးတစ်ချက်ပြုံးကာ အိမ်သို့ပဲ ပြန်လာလိုက်သည်။

သူ့ရင်ထဲမှာ မာန်နှင့် လမ်းခွဲခဲ့ရလို့ ပေါ့ပါးနေပါသည်။ အဲဒီပေါ့ပါးမှုတွေနှင့်အတူ သူ ဖေဖေ့ဆီ သွားဦးမှပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၈

သူ ရန်ကုန် ပြန်ရောက်ရောက်ချင်းမှာပဲ တမ်းတမ်းတတ သတိရမိတာက ပိုးကလေးကိုဖြစ်သည်။ ပိုးကလေးနှင့်သူ အဆက်အသွယ် ပြတ်နေတာ ကြာပြီဖြစ်သည်။ ညနေပိုင်းလောက် ရောက်သောအခါမှာတော့ ဘယ်လိုမှ မနေနိုင်တော့ဘဲ ပိုးကလေးရဲ့ဖုန်းကို လှမ်းခေါ်လိုက်တော့သည်။

ဖုန်းက တစ်ချက်တည်းနှင့် လိုင်းဝင်သွားသော်လည်း တော်တော်နှင့် မကိုင်ပါ။ သူက သူ့ကို စိတ်များဆိုးနေပြီလားဆိုတဲ့ အတွေးတွေနှင့် ရင်ပူနေတုန်းမှာပဲ အသံချိုချိုတစ်ခုက နားထဲမှာ ဖြတ်သန်းစီးဆင်းသွားသည်။





"ကျော်စူးရှ ... ပြောပါ"

ဟင် ... ပိုးကလေးရဲ့အသံက ဘာဖြစ်နေတာပါလိမ့်။ နှာသံပေါက်နေကာ ခပ်တိုးတိုးလေး ဖြစ်သည်။ သူမ ဖျားနေတာလား။ ဒါမှမဟုတ် ငိုနေတာလား။ ဖျားနေတာ သေချာပါသည်။ သေချာအောင် သူမက ချောင်းဆိုးနေ၍ ဖြစ်ပါသည်။

"ပိုးကလေး ... နေမကောင်းဘူးလား"

"အင်း ... ဆိုပါတော့၊ ဖျားနေတာ နှစ်ရက်ရှိပြီ"

နှာသံပေါက်နေသော (နှာစေးနေ၍) မိန်းကလေးတစ်ယောက်ရဲ့ ဖျားနေတယ်ဆိုတဲ့ ဖွင့်ဟဝန်ခံချက်ဟာ ဒီလောက်တောင် နားထောင်လို့ ကောင်းသလား။ ကျော်သည် ရိုးသားစွာ ဝန်ခံရရင်တော့ အဲဒီအသံလေးကို တော်တော်စွဲမက်လို့ သွားပါသည်။ ပြီးတော့ သူမ ဖျားနေတဲ့အကြောင်း ခေါင်းထဲဝင်လာလျှင် စိုးရိမ်မှုက ငယ်ထိပ်ဆောင့်တက်ကာ ...

"သက်သာလား ပိုးကလေး၊ ဆေးခန်းကော သွားလား၊ ပြီးတော့ ဘာစားချင်သလဲ ကိုယ်လာပို့ပေးမယ်လေ"

သူမက သူ့ရဲ့စိုးရိမ်မှုတွေ ကြီးစိုးနေသော အသံကြောင့် ချောင်းဆိုးရင်းက ရယ်နေလေသည်။ အဲဒီရယ်နေသံလေးကို recording ဖမ်းထားချင်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းသွားပါတယ်၊ ဒါပေမဲ့ ကျွန်မက တုပ်ကွေး,ကွေးတာဆိုတော့ မသက်သာပါဘူး၊ ကျေးဇူးပါပဲ ကျော်စူးရှရယ်၊ ကျွန်မကို အခုလို စေတနာနဲ့ သတင်းမေးလို့ပါ"

"အာ ... မဟုတ်တာ၊ ဒါနဲ့ ပိုးကလေး မိုးမိလို့လား"

ပြီးခဲ့တဲ့ရက်တွေက မိုးကြီးနေတာကြောင့် သူက စိုးရိမ်စိတ်နှင့် မေးတာဖြစ်သည်။

"အင်း ... အိုက်သလိုပဲ ပြောရမှာပေါ့၊ ကျွန်မကိုက ရှည်တာပါ၊ မိုးတွင်းကြီး အိမ်မှာခေါင်းလျှော်ရင် ပျင်းတယ်ဆိုပြီး ဆိုင်မှာ သွားလျှော်တယ်လေ၊ အပြန် မိုးမိကော၊ အိမ်ပြန်ရောက်တော့ ရွဲနေပြီဆိုတော့ ရေပြန်ချိုး ခေါင်းပြန်လျှော်နဲ့ လုချင်လိုက်တာ ဖျားသွားတယ် ... အဟွတ် ဟွတ်"

ကျော်သည် သူမရဲ့မျက်နှာလေးကို မြင်ယောင်ကာ ထိန်းမရသော တွေ့ချင်စိတ်တို့က အဆီးအတားမရှိ ခုန်ပေါက်ပြေးဆော့ကာ ထွက်ပေါ်လာသည်။ မင်းကို ကိုယ် ဘာလို့ ဒီလိုဖြစ်နေရတာလဲ ပိုးကလေး ? ။

"ကိုယ် မင်းဆီကို လူမမာသတင်းမေး လာလို့ရမလား ပိုးကလေး"





"အင်း ..."

သူမက လက်ခံသည့်အင်း မဟုတ်ဘဲ စဉ်းစားနေဟန်ဖြင့် အင်း ဆိုသည့် သံရှည်ဆွဲထားပြီးမှ ...

"ရပါတယ် ... လာလေ၊ ကျွန်မက ရှင်အလုပ်ပိုမှာစိုးလို့ပါ"

"ကိုယ်က ဖြစ်ပါတယ်၊ ဒါပေမဲ့ မင်းအိမ်က လူကြီးတွေက ကိုယ် သတင်းလာမေးတာကြောင့် မင်းကို တစ်မျိုးထင်သွားမလားဟင်"

"ဩော် ... ရတယ် ကျော်စူးရှ၊ အဲဒီအတွက်တော့ worry မဖြစ်နဲ့၊ ကျွန်မတို့က သားအမိနှစ်ယောက်ပဲ နေတာလေ၊ မေမေက လူငယ်တွေကို နားလည်ပေးနိုင်ပါတယ်၊ ဘာမှ စိတ်မပူပါနဲ့"

သူက ပိုးကလေးဆီက permit ရတာနှင့် လှစ်ခနဲ ပျော်ရွှင်သွားကာ နာရီကိုတစ်ချက်ကြည့်ပြီး ...

"အခု သုံးနာရီထိုးနေပြီ၊ ကိုယ် ဒီအချိန်လာလို့ မင်း အနှောင့်အယှက်များ ဖြစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... အိုဗာတင်း ဖျော်မနေပါနဲ့ ကျော်စူးရှရယ်၊ ရှင် အခုလာချင်တာမှလား လာခဲ့ရတယ်၊ ကျွန်မဖျားနေတယ်ဆိုပေမယ့် ရှင်နဲ့တော့ ကောင်းကောင်းစကားပြောနိုင်သေးတယ်၊ ကျွန်မလိပ်စာက ခြံအမှတ်(--) ကုက္ကိုင်းရိပ်သာလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ လာခဲ့လေ၊ ရောက်ခါနီး ဖုန်းတစ်ချက်ဆက်လိုက်"

သူက ရေလည်ပွင့်လင်းသော ပိုးကလေးကို အရမ်းသဘောကျသွားကာ သူမရဲ့အိမ်လိပ်စာကို confirm တစ်ချက်လုပ်ကာ အခုပဲ ထွက်လာခဲ့မည်ဟု ပြောကာ ဖုန်းပိတ်လိုက်တော့သည်။

ကျော်သည် သူ့ကိုယ်သူ မှန်ထဲတစ်ချက်ကြည့်ကာ ဘာသာပြန်မိသည်။ ဂျစ်ကန်ကန် သူက ဘာလို့ အခုမှ ဒီလောက်မြူးကြွနေရတာလဲ။

အခါများစွာက ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့တဲ့ သူက ပိုကလေး ဖျားနေတယ်ဆိုတာနှင့် ဘာလို့ဒီလောက် စိုးရိမ်သွားတာပါလိမ့်။





အဲဒါတွေကို အဖြေထုတ်ရင် ဘာလဲ ? ... အား ... မဖြစ်နိုင်ပါဘူး။ သူ့မှာဒဏ်ရာတွေဗရပွရှိခဲ့တာကို သူက ဘာကိစ္စအမှတ်သည်းခြေ မရှိရတာလဲ။ သူဆိုသည့်ကောင်က ဘယ်လောက်အငြိုးကြီးတယ်ဆိုတာ သူ့ဘာသာသူ အသိဆုံးဖြစ်သည်။ အဲဒါနဲ့များ သူက ပိုးကလေးကို ...။

ဟာ ... သွားစမ်း။ ကျော်သည် တရိပ်ရိပ် ထင်ပာပ်လာသည့် ပုံရိပ်တွေကို မောင်းထုတ်ပစ်ကာ ပိုးကလေးဆီ သွားဖို့ပြင်ဆင်တော့သည်။ သူမ အိမ်သွားလျှင် လူကြီးတွေနှင့်တွေ့မှာ ဖြစ်တာကြောင့် ကျော်သည် မျက်စိဇပါးမွေးစူးမည့် အင်္ကျီတွေကို မရွေးဘဲ paulsmith စာတန်းပါ ရှပ်အင်္ကျီနဲ့သာရောင်ကို ပုဆိုးတစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်လိုက်သည်။ ဒီစတိုင်လ်က သူ့ရဲ့မူရင်းဟန်အဖြစ် မာန်ကော ပိုးကလေးပါ ထင်နေကြတာဖြစ်သည်။

ကျော်သည် လူမမာအတွက် မာတ်စာများကို စတိုးဆိုင်တစ်ဆိုင်မှာ ဝင်ဝယ်ကာ သူမဆီသို့ သွားတော့သည်။ သူ အဲဒီလမ်းကို ရောက်သောအခါမှာတော့ ဖုန်းလှမ်းဆက်လိုက်လျှင် သူမက ခြံတံခါးဖွင့်ကာ အသင့်စောင့်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် သူမကို တစ်ချက်ပြုံးပြကာ ပေါ်တီကို အောက်မှာ ကားရပ်ကာ ဆင်းလာလျှင် သူ့ကို ရီဝေဝေငေးကြည့်နေသော ပိုးကလေးရဲ့စတိုင်လ်ကြောင့် သူ ရင်ခုန်သွားတယ်ပဲ လွှယ်လွှယ်ပြောပါစို့။ ကာတွန်းရုပ်ပြောင်လေးတွေပါသည့် အဖြူရောင်တီရှပ်လက်ရှည်ကို လီနင်သားဘောင်းဘီ အညိုရောင်ဖျော့ဖျော့နှင့် မခို့တရို့ ဝတ်ဆင်ထားပါသည်။

ပိုးကလေးက အိမ်မှာနေရင်း စတိုင်လ်ကလည်း မိုက်တယ်ဟု ပြောရမှာပင်။ အဖျားသွေးကြောင့် နီမြန်းနေသည့် မျက်နှာလေးကို ရှင်းလင်းနေအောင် ဆံပင်တွေကို အပြောင်လှန်တင်ကာ ခေါင်းစည်းကွင်းတစ်ခုဖြင့် ခပ်မြောက်မြောက် စည်းနှောင်ထားပါသည်။ ပြောမယ်ဆိုရင်တော့ သူမက ဘာမှမပြင်ထားပါဘဲနဲ့ကို လှတာဖြစ်သည်။

"ထိုင်ဦးနော် ... ကျော်စူးရှ၊ အိမ်လာတာ ဓာတ်စာတွေဘာတွေ မလိုပါဘူးဟယ်၊ ရှင့် သူငယ်ချင်း ကျွန်မက နေမကောင်းတာတောင် ထမင်းက စားနေတုန်း၊ အဲဒါမို့ အဖျားက မကျနိုင်သေးတာ၊ ခုတော့ အတော်သက်သာသွားပါပြီ"





"သားက သမီးရဲ့သူငယ်ချင်းလား"

အဲဒီမေးခွန်းနှင့်အတူ ပိုးကလေးရဲ့မေမေသည် ဆိုဖာမှာဝင်ထိုင်လေသည်။ သူ့ကိုတော့ မျက်လုံးတွေက အကဲခတ်နေတယ်ဆိုတာ သူ သိပါသည်။ ကျော်သည် အပြုံးတစ်ခုနှင့်အတူ ခေါင်းဆတ်ပြကာ ...

"ဟုတ်ပါတယ်ခင်ဗျ၊ ကျွန်တော်က ပိုးကလေးနဲ့ ခင်တာတော့ မကြာသေးပါဘူး၊ ပိုးကလေး ဖျားနေတယ်ဆိုလို့ သတင်းလာမေးတာပါ အန်တီ"

"ဩော် ... အေး ... အေး၊ ကော်ဖီသောက်လိုက်ပါဦး"

"မေမေ ... သူ့နာမည်က ကျော်စူးရှတဲ့၊ ကျော်စူးရှ ဒါ ကျွန်မရဲ့မေမေ ဒေါ်ပိုးရွှေဝါပါ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

"အေးကွယ် ... ဝမ်းသာပါတယ်၊ ကဲ ... သမီးတို့ အေးဆေးစကားပြောကြနော်၊ မောင်ကျော်စူးရှ စကားပြောကြဦး"

အလိုက်သိသော ပိုးကလေးရဲ့မေမေက ထကာ အနောက်ထဲသို့ ဝင်သွားပြီးလျှင် သူကပဲ စကားစပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်သာရဲ့လား.ပိုးကလေး၊ ကိုယ် လာတဲ့ အနှောင့် အယှက် ဖြစ်သွားပြီ ထင်တယ်"

"ကဲ ... အားနာမနေနဲ့၊ ရှင်လာတာ ကျွန်မက အဖျား မတိုးပါဘူး၊ ကိုယ့်ကို သတင်းလာမေးတဲ့အတွက် အား တောင် တိုးသေးတယ်"

အဲဒီ ပြောပုံဆိုပုံတွေဟာ အရမ်းကို နားထောင်လို့ ကောင်းမှန်း သူမကတော့ သိမည်မထင်ပါ။ ကျော်သည် အဖျား သွေးကြောင့် နီကာ ခပ်ယွင်းယွင်း ဖြစ်နေပြီး နှာတရှုံ့ရှုံ့ဖြစ်နေ သော ပိုးကလေးရဲ့မျက်နှာကို ငေးကြည့်နေပြီးမှ ...

"မင်း ကြည့်ရတာ တော့်တော်ဖျားနေပုံရတယ်၊ အခု ကိုယ်နဲ့ စကားပြောရတာကော ပြောနိုင်ရဲ့လား"

"သြော် ... ပြောနိုင်ပါတယ်၊ ကျွန်မက ဟန်ဆောင်ပန် ဆောင်တွေ မလုပ်တတ်ပါဘူး၊ ဒါနဲ့ ရှင် ပျောက်နေတာ တောင် ကြာပြီနော်၊ ကျွန်မတို့ မဆုံဖြစ်တာ (၁၇)ရက်တောင် ရှိပြီ"

ကြည့်စမ်း ... သူတို့ မဆုံဖြစ်တာကိုတောင် ရက် အတိအကျ မှတ်ထားတဲ့ ဒီကောင်မလေးဟာ တခြားသူအတွက်





ဆိုရင်တော့ ချက်ချင်းကို ကြွေသွားနိုင်လောက်သည့်အစွမ်း ရှိပါ သည်။ ဒါ ... ဒါ ဆို သူကကော ကြွေနေပြီလား။

"ကိုယ် မော်ဘီဘက် သွားနေလို့ပါ၊ ဒါထက် ပိုးကလေး က ကိုယ်တို့ မဆုံဖြစ်တာ ဘယ်နှရက်ရှိပြီဆိုတာ သိတယ်"

သူ့အမေးကြောင့် ပိုးကလေးက ရှက်ရယ်တစ်ချက် ရယ်လိုက်ကာ ...

"ဒါကတော့ ကျွန်မက ဉာဏ်ကောင်းတာကိုး။ အဲဒါ မှတ်မိတာ ဘာဖြစ်လို့လဲ"

သူ ပိုးကလေးကို စိတ်ဝင်စားမိတာ အဲဒါတွေကြောင့် လည်းပါသည်။ တော်တန်ရုံ မိန်းကလေးဆို သူက ရိုတိုတိမေး ခွန်းလေးတွေ မေးလိုက်ပြီဆို ငြိတိတိ အဖြေတစ်ခုဖြင့် ပြန်အီနေ ကြဖြစ်သည်။

ပိုးကလေးကတော့ သူ့ရဲ့ရိုတိုတိအမေးကို အမေး နှင့် ပြန်ထည့်တတ်သော ခပ်ထက်ထက် မိန်းကလေးမျိုးဖြစ်သည်။ ခြုံပြောရရင်တော့ ပိုးကလေးသည် ငြီချင်စရာတွေများသော ကောင် မလေး ဖြစ်ပါသည်။

"ဖြေလေ ... မှတ်မိတာ ဘာဖြစ်လဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဘာမှမဖြစ်ပါဘူး၊ ခင်မင်မှုကို တန်ဖိုးထားတယ်ဆိုတာ သိရတော့ ဝမ်းသာတာပေါ့"

"ဟုတ်လား ... နောက် ဒီထက်ဝမ်းသာရမယ်"

အဲဒီအပြောတွေကို သူက အတော်တမ်းတနေတတ်ခဲ့ပြီဖြစ်သည်။ အချစ်ရဲ့နယ်နိမိတ်ထဲကို သူ ခြေလှမ်းတစ်လှမ်း စချင်ခဲ့ပြီလား။ အား ... အဲဒီလိုတော့ အဖြစ်မခံနိုင်ပါ။ သူ့အတွက် အချစ်ဆိုတာ လိုမှ မလိုအပ်တာ။

ကျော်သည် ချစ်ရမှာကို ကြောက်လန့်လာကာ သူမကို သူ ပြန်တော့မည်ဆိုတဲ့ အကြောင်းပြောကာ နှုတ်ဆက်လိုက်တော့သည်။

"ကိုယ် ပြန်တော့မယ် ပိုးကလေး၊ မင်း မြန်မြန်နေကောင်းပါစေလို့ ကိုယ် ဆုတောင်းပေးနေတယ်နော်"

"အဲဒီဆုတောင်း ပြည့်မှာပါ၊ thank you"

သူမရဲ့မေမေကိုပါ နှုတ်ဆက်ပြီးနောက် ကျော်သည် အိမ်ပြန်ဖို့အတွက် ကားဆီသွားလျှင် ပိုးကလေးကပါ သူနှင့်အတူ ပေါ်တီကိုအောက်သို့ လိုက်လာကာ ...





"ဩော် ... ဒါနဲ့ ရှင့်ကောင်မလေးက ချစ်စရာကောင်းတယ်နော်၊ ရှင်နဲ့ အရမ်းလိုက်တယ် ... သိလား"

ပိုးကလေးက ဟိုတစ်ခါတွေ့ခဲ့ရတဲ့ မာန့်ကို ရည်ညွှန်းပြောတာကို သူက ရိပ်မိပါသည်။ မင်း သိကတည်းက ကိုယ်ဟာ ချစ်သူရှိနေတဲ့ ယောကျ်ားတစ်ယောက်ကိုး။ ကိုယ် မင်းအပေါ် မတရားဘူး ထင်တယ်နော်။

ကျော်သည် ပိုးကလေးရဲ့မျက်နှာကို ငေးကြည့်ရင်းက သူနှင့်မာန် ဇာတ်လမ်းပြီးပြီဆိုတာကို ပြောပြချင်လာသည်။ သူဟာ အနှောင်အဖွဲ့ မရှိတဲ့ ကျော်စူးရှ အဖြစ် သူမကို မြင်စေချင်တာကြောင့် ဖြစ်ပါသည်။

"ကိုယ်နဲ့ မာန် ဇာတ်လမ်းက ပြီးသွားဖို့ များနေတယ် ပိုးကလေး၊ ကိုယ်တို့ လမ်းခွဲတော့မလားဘဲ"

"ဟယ် ... ဘာလို့လဲဟင်၊ ရှင် ချစ်တယ်ဆို"

ချစ်တယ်ဆိုတာ ကိုယ့်ပါးစပ်က အကြိမ်ပေါင်းမနည်း ပြောခဲ့ဖူးပါတယ် ပိုးကလေးရယ်။ မင်းသာသိရင် ကိုယ့်ကို ဘယ်လိုဝေဖန်မှာလဲ။ ကျော်သည် တစ်မျိုးသော အဓိပ္ပာယ်ပါသည့် မျက်ဝန်းတွေနှင့် သူမကို ငေးကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ပါတယ်၊ ဒါပေမဲ့ ချစ်ခြင်းရဲ့နောက်ကွယ်မှာ အမျိုးမျိုးသော အဓိပ္ပာယ်တွေ ရှိနေတယ် ပိုးကလေးရဲ့၊ ကိုယ် တစ်နေ့နေ့ကျရင် ပြောပြပါ့မယ်၊ သွားမယ်နော်"

ကျော်သည် သူမကို နှုတ်ဆက်ကာ ကားမောင်းထွက်လာခဲ့တော့သည်။ သူ့အတွေးတွေထဲမှာ ဘာကမှားနေတာလဲဆိုတာကို တွေးနေမိတာဖြစ်သည်။ အရာရာမှာ "စိတ်"တစ်ခုနှင့် တွေးတောဆုံးဖြတ် အလုပ်လုပ်နေသော သူ့မှာ ကိုယ်ပိုင်ခံစားချက်ဆိုတာမျိုးကော ရှိသေးရဲ့လား။

ဘဝအတွက် သူဟာ ဝေလေလေ မလုပ်ခဲ့ပေမယ့် အပေအတေတော့ ဆန်ခဲ့ဖူးပါသည်။ သူ တည်ငြိမ်ခါနီးမှာတော့ ပဟေဠိဆန်သော ရင်ခုန်သံတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပါသည်။





## ၉

"တကယ်ပြောတာလား ဖေဖေ"

ပိုးလေးသည် အံ့အားသင့်လွန်း၍ ကိုယ့်နားကိုယ်တောင် သိပ်မယုံချင်ပါ။ အနှစ်နှစ်အလလ စောင့်ဆိုင်းနေခဲ့ရတဲ့ ဒီစကားဟာ ကြားမယ့်ကြားတော့လည်း ဖြုန်းစားကြီးကိုဖြစ်လို့နေသည်။ အဲဒါ အိပ်မက်များလား။ ဖေဖေက ပိုးလေးကို ကြင်နာစွာ ပြုံးပြ၍ ...

"တကယ်ပါ သမီးရယ်၊ ဒါပေမဲ့ ဖေဖေ့ကို အချိန်ခဏတော့ စောင့်ပေးရမယ်၊ လပိုင်းလောက်ပေါ့"

ပိုးလေးက ပျော်လွန်း၍ ခေါင်းတွေ အကြိမ်ပေါင်းဘယ်နှခါနေအောင် ညိတ်ပြနေမိသလဲ မသိတော့ပါ။ ရင်ဘတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘောင်ဘင်ခတ်နေတဲ့ အဲဒီအပျော်တွေဟာ ပိုးလေးအတွက်တော့ ထာဝရသိမ်းဆည်းထားချင်စရာပဲဖြစ်သည်။

"စောင့်နိုင်ပါတယ် ဖေဖေရယ်၊ ကျွန်မ နှစ်ပေါင်းများစွာ စောင့်လာတာ၊ ဖေဖေ့ရဲ့တရားဝင်သမီး ဆိုတာကို တစ်လောကလုံးကို သိစေချင်တဲ့ဆန္ဒနဲ့ပါ ဖေဖေ၊ ကျန်တာ ကျွန်မ ဘာမှမလိုအပ်ပါဘူး"

"ဖေဖေက သားကြီး နေမာန့်ကိုတော့ ပြောပြပြီးပါပြီ၊ သူကတော့ ဆရာဝန်တစ်ယောက်လည်း ဖြစ်နေပြီ၊ ပြီးတော့ ဖေဖေ့ကိုလည်း နားလည်နိုင်စော့ သူ လက်ခံတယ်၊ သမီးကိုလည်း သူ့ညီမအရင်းလေးလို သဘောထားနိုင်ပါတယ်တဲ့၊ သမီးနဲ့တောင် လာတွေ့ဦးမယ်ထင်တယ် ...

သမီးကြီး ဝေမာန်ကတော့ သူ့အစ်ကိုကပဲ ပြောပြလိုက်တော့ သိသွားတယ်၊ သူကတော့ သဘောမတူဘူးရယ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အချိန်နည်းနည်းယူချင်ပုံရတယ်၊ နေမာန်နဲ့ ဝေမာန်က အကြီးတွေလည်းဖြစ်တယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်နေကြပြီဆိုတော့ mature ဖြစ်တယ်၊ ဖေဖေ့ကို နားလည်ပေးနိုင်တယ် ...





ဖေဖေ အချိန်ယူတယ်ဆိုတာ မေမာန့်ကြောင့်ပါ၊ သမီးငယ်က အငယ်ဆုံးဖြစ်တော့ အဆိုးဆုံးလေးပေါ့၊ အားလုံးက အလိုလိုက်ထားခြင်းကို ခံရတော့ ဗိုလ်ကျချင်တိုင်း ကျနေတာပေါ့ သမီးရယ်၊ ဖေဖေ မေမာန့်ကို အချိန်ခဏယူနေတာပါ"

ပိုးလေးက ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။ ရပါတယ် ဖေဖေ။ သူတို့တွေရဲ့ သဘောတူညီမှုက အရေးပါနေတယ် ဆိုတော့လည်း အရေးပါတာပေါ့လေ။ ပိုးလေးသည် အခုချိန်မှာ လေနေလောက်မည့် မေလင်းမာန်ရဲ့ပုံကို မျက်လုံးထဲ တစ်ချက်မြင်ကာ ...

"မေလင်းမာန် နေကောင်းလား ဖေဖေ"

"ကောင်းပါတယ် သမီး၊ ဒါပေမဲ့ မေမာန် အခုတလော မှိုင်နေတယ်၊ နှလုံးသားကိစ္စကြောင့်ပဲ နေမှာပေါ့ သမီးရယ်၊ ဪ ... သမီးကို ဖေဖေ မမေးခဲ့ဖူးတဲ့ မေးခွန်းတစ်ခု မေးရဦးမယ် ...

သမီးမှာ ချစ်သူရှိနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ပိုးလေးသည် ဖေဖေ့ရဲ့မေးခွန်းကြောင့် မျက်ခုံးတစ်ချက် ပင့်တက်သွားမိသည်။ ဖေဖေဟာ ခေတ်နှင့် ရင်ပေါင်တန်းနေသော ခေတ်မီသူပီပီ သားသမီးတွေရဲ့နှလုံးသားရေးရာကိစ္စကိုတော့ လွတ်လပ်ခွင့် ပေးထားသူဖြစ်သည်။

မေလင်းမာန် မှိုင်နေတာဟာ နှလုံးသားကိစ္စကြောင့်ဆိုတာ အတပ်ရိပ်မိနေသလို ပိုးလေးကိုလည်း ချစ်သူရှိနေပြီလားတဲ့။ ပိုးလေး ဘယ်လိုပြန်ဖြေရမလဲ။

ချစ်သူဆိုတဲ့ ဝေါဟာရဟာ ဘယ်လိုအဓိပ္ပာယ်မျိုးသက်ရောက်မှ ပြောနိုင်တာမျိုးလဲ။ တစ်ဖက်သတ် ချစ်ရင်ကော ချစ်သူလို့ ခေါ်သလား။ နှစ်ယောက်လုံးချစ်မှ ချစ်သူလို့ ခေါ်လို့ရတာလား။ ပိုးလေးသည် ဖေဖေ့ကို အဓိပ္ပာယ်ပါစွာ ပြုံးပြရင်း...

"ချစ်တဲ့သူတော့ ရှိပါတယ် ဖေဖေ၊ ဒါပေမဲ့ ချစ်သူတော့ မဟုတ်ဘူး"

"ဟား ... သမီးစကားက အဆန်းပါလားဟော့

အေးပါ ... ဖေဖေက သားသမီးတွေရဲ့ အချစ်ရေးကိစ္စကို ဝင်မစွက်ဖက်ပါဘူး၊ သင့်တော်တယ်ဆိုရင် do သာ do ဟုတ်လား"





ပိုးလေးက ခေါင်းတဆတ်ဆတ် ညိတ်ပြကာ ဖေဖေ့ကို ပြုံးကြည့်လာခဲ့သည်။ အချစ်ဆိုတာ ဘယ်ကစပြီး မြစ်ဖျားခံသလဲတော့ မသိဘူး။ ဒါပေမဲ့ ရေစီးသံတွေ ကြားနေရသလိုပဲ။ အချစ်ရဲ့ဟာမိုနီအသံကိုလည်း သမီး ကြားနေရတယ်။ အဲဒါဟာ သူ့ကို ချစ်လို့ပဲနေမှာပေါ့ ဖေဖေ။

ပိုးလေးက ဖေဖေနှင့်တွေ့ပြီး အိမ်အပြန်မှာတော့ စိတ်တို့သည် ပေါ့ပါးလွတ်လပ်လို့ နေပေသည်။ မီးပွိုင့်တစ်ခုအရောက်မှာတော့ ပိုးလေးက ကားကိုမှေးထားကာ ဘာရယ်မဟုတ် မျက်လုံးက ဘေးတစ်ဖက်သို့ ဝေ့ဝဲကြည့်လိုက်လျှင် အမြင်ကတ်စရာ မြင်ကွင်းတစ်ခုကို မြင်လိုက်ရ၍ နှာခေါင်းရှုံ့လိုက်မိသည်။

ကြည့်စမ်းပါဦး ... မီးပွိုင့်မိနေတဲ့ အချိန်ခဏလေးမှာတောင် သည်းနေ ကဲနေလိုက်တာ။ တစ်ဖက်က အမျိုးသမီးက ကားမောင်းသူ အမျိုးသားရဲ့ပခုံးပေါ် ခေါင်းမှီထားကာ စကားတွေ ဆိုနေတာ။

ပထမတော့ အမှုမဲ့ အမှတ်မဲ့ ဖျတ်ခနဲ ကြည့်လိုက်တာဖြစ်သည်။ ဒါပေမဲ့ ပိုးလေးက အခုလို မမှိတ်မသုန် စိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိတာ ဘာကြောင့်လဲဆိုတော့ Ray-Bin မျက်မှန် old-ဒီဇိုင်းတပ်ထားကာ ရယ်မောနေတဲ့သူ၊ သူဟာ ...။

ပိုးလေးသည် မျက်လုံးတွေတောင် ရုတ်တရက် ပြာထွက်သွားတော့သည်။ ဘာကြီးလဲ ... သူနဲ့ သူ့ဘေးက အသက်ကြီးကြီး အမျိုးသမီး ဘာများပတ်သက်နေသလဲ။ မောင်နှမလား။ ထပ်သရီး ... ဒီပုံစံ၊ ဒီအပြုအမူမျိုးကို ကြည့်လိုက်တာနဲ့ မောင်နှမလား၊ ဘာလား သေချာလည်း ကြည့်ပါဦးဆိုပြီး မေးဖို့ပဲရှိတော့သည်။ အရမ်းကာရော ရင်းနှီးပြတဲ့ ဒီအပြုအမူတွေက ... တွေက ...။

ဘုရား ... ပိုးလေး လူများမှားတာလား။ မှားတာတော့ မဖြစ်နိုင်ပါ။ ရုပ်ရှင်မင်းသားတွေထက်တောင်မှ ပိုသန့် ပိုမိုက်ကာ ထင်းထွက်နေတဲ့ ဒီလိုရုပ်ရည်မျိုးဟာ သူတစ်ယောက်ကလွဲပြီး အခြားမရှိနိုင်ပါ။ ပိုးလေးက အတွေးတွေနှင့် ဒေါင်ချာစိုင်းနေတုန်း ပွိုင့်စိမ်းပြီဖြစ်၍ ကားက မောင်းထွက်သွားလေတော့သည်။ ဘေးပတ်ဝန်းကျင်ကို တစ်စက်ကလေးမှ သတိမထားသော သူဟာ ပိုးလေးသိတဲ့သူများလား။





"ဟော့ ... ရှေ့က မထွက်ဘဲ ဘာလုပ်နေတာလဲ၊ သေနေပြီလားကွ"

အနောက်ကားက ဟွန်းတီးကာ အော်ဆဲတော့မှ ပိုးလေးသည် သတိဝင်ကာ ကားကို ဆက်မောင်းလာခဲ့တော့သည်။ အိမ်ကိုရောက်လျှင် ရောက်ချင်းပဲ ပိုးလေးဟာ အဝတ်အစားတောင် မလဲနိုင်သေးဘဲ ဟိုလူကြီးဆီကို ဖုန်းခေါ်ရသည်။ checking ဝင်တယ်ပဲ ဆိုပါတော့။

ဖုန်းက တော်တော်နှင့် လိုင်းမဝင်ပါ။ Network busy တွေ၊ failed တွေဖြစ်ပြီးမှ ဝင်သွားတော့သည်။

"ဝေး ... ပြောပါ ခင်ဗျာ၊ ဘာကူညီပေးရပါမလဲ ဒေါ်ပိုးကလေး"

အစက တရှူးရှူး တရှဲရှဲနှင့် ထွက်နေသော ဒေါသတွေလည်း ခဏပျောက်ကာ သူ့စကားမှာ မျောသွားတော့သည်။ ဒီလူဟာ ဘယ်လိုလူမျိုးလဲ။ တစ်ခါတလေမှာ အရမ်း gentleman ဆန်သလို၊ တစ်ခါတစ်ခါကျပြန်တော့ ခပ်မိုက်မိုက် အလန်းစား အဝတ်စားတွေဝတ်ကာ bad guy ဖြစ်လို့ နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်တီးဂျစ်ကန်ရှိသလို နူးနူးညံ့ညံ့ရှိတတ်သူ၊ လူကြီးဆန်သလို ကလေးလည်း ဆန်တတ်သေးသူ ဒီလို opposite attraction တွေရှိတဲ့ သူ့ကို ဘယ်မိန်းကလေး မကြွေဘဲ နေမှာတုံး။ မေလင်းမာန်ဆို သည်းသည်းကို လှုပ်နေတာဖြစ်သည်။

"ရှင် အခု ဘယ်မှာလဲ"

"သီရိပစ္စယာမှာလေ၊ ကော်ဖီလာသောက်တာ"

"ဘယ်သူနဲ့လဲ"

"ကိုယ့်အစ်မနဲ့လေ၊ သူက မနေ့ကမှ အမေရိကားက ပြန်ရောက်တာ၊ အစ်မကို ဟိုဟိုဒီဒီ ပို့ပေးတဲ့ duty ကို ကိုယ်က ယူနေရတာ ...

ဘာဖြစ်လို့လဲ ပိုးကလေး"

ဟင်း ... သူ့အစ်မနဲ့တဲ့။ ဟုတ်ရဲ့လား။ ပိုးလေးတွေ့လိုက်ရတဲ့ မြင်ကွင်းက သမီးရည်းစားမြင်ကွင်းမျိုးပါ။ ပိုးလေးသည် စိတ်ထဲမှာ တစ်ချက်တော့ ထင့်သွားလေသည်။ ဒါပေမဲ့ ဖြေသိမ့်နိုင်တာက သူ အိမ်မှာဆိုပြီး လိမ်မပြောတာရယ်၊ ပြီးတော့ သူ့အစ်မနဲ့လာတာတယ်ဆိုတဲ့ စကားတွေကြောင့်မို့ ယုံနိုင်ဖွယ်ရှိပေမယ့် ယုံချင်စရာတော့ မရှိပါ။





"အင်း ... ဟုတ်ပြီလေ၊ အဲဒါဆိုလည်း ဒါပဲလေ၊ ကျွန်မက ထွေထွေထူးထူးတော့ ကိစ္စမရှိပါဘူး၊ ဒီလိုပဲ ဆက်လိုက်တာ"

"အိုကေ ... အိုကေ၊ အဲဒါဆို ကိုယ် ညမှဖုန်းပြန်ဆက်လိုက်မယ်နော်"

သူနဲ့ပိုးကလေး ဖုန်းပြောပြီးသွားလျှင်တော့ အတွေးပွားစရာတွေက ကျန်ခဲ့လေသည်။ ကျော်စူးရှက ဘာလဲ ဆိုတာကိုပဲ ဖြစ်သည်။ ပြီးတော့ မေလင်းမာန် အတွက်။ ကျော်စူးရှက ဟိုတစ်ယောက်အတွက် essential ဖြစ်ပေမယ့် ဟိုတစ်ယောက်ကတော့ ကျော်စူးရှ အတွက် အရမ်းအလေးနက်ကြီး ရှိဟန်မတူပါ။

ဒါကြောင့်မို့လည်း သူနှင့် မေလင်းမာန်ဟာ ပိုးလေးဘာမှ မနှောင့်ရဘဲနှင့်ကို ပြတ်သွားတာဖြစ်မည်။ နောက် ပိုးလေးကကော မေလင်းမာန်အပေါ် တရားရဲ့လား။ သူ့ရည်းစားကို အိစီကလီလုပ်တဲ့ မိန်းမအဖြစ် သူမ စိတ်ထဲမှာ ကျန်နေခဲ့ရင်ရှင် မရအောင် ရှုပ်ကုန်တော့မည်။

ပိုးလေးက ကျော်စူးရှကို ချစ်သည်။ ဒါပေမဲ့ ...။ မေလင်းမာန်က ပိုးလေးရဲ့ညီမ။ မေလင်းမာန်ကို မုန်းလို့ ကျော်စူးရှ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပြတ်အောင် လိုက်ဖျက်တယ်ပဲထားတော့။ ပိုးလေးက အဲဒီ ယောက်ျားကို မေလင်းမာန် ရှေ့မှာ လက်တွဲရဲပါ့မလား။

အား ... မစဉ်းစားရဲတော့။

ကျော်စူးရှကို သူချစ်တဲ့သူနှင့်သာ ညားစေချင်ပြီး မေလင်းမာန်ကို အသည်းမကွဲစေချင်တော့တာဟာ ပိုးလေးရဲ့ဆန္ဒ ဖြစ်လို့လာခဲ့ပေသည်။

❦ ○ ❦



BURMESE CLASSIC .com



"မာန်တစ်ယောက်နဲ့တော့ ခက်ပါတယ်"ဟုပြောရ လောက်အောင်ပင် မာန်က သူ့အတွက် ခက်နေတာဖြစ်သည်။ သူ့ကို တဂျီဂျီ ဖုန်းတွေဆက်၊ message တွေပို့ကာ နှိပ်စက်နေ သည့် ဒီကလေးမရဲ့ဝေးရာကိုပြေးဖို့ နည်းလမ်းမှာ ဟန်းဖုန်းလဲ ဖို့ပဲ ရှိတော့သည်။

ဒါပေမဲ့ ဒီဖုန်းကို လဲလိုက်ရင် ကိုယ်ချိတ်ထားတဲ့ ခွင်တွေက ချော်ဖို့ပဲ ရှိတော့တာမို့ သူ့မှာ ကြိတ်မှိတ်မျိုသိပ် သည်းခံနေရတာဖြစ်သည်။ မာန့်ဟန်းဖုန်း၊ အိမ်ဖုန်း အားလုံးကို ignore လုပ်ထားသော်လည်း အခြေသတင်းကြီးတဲ့ ရွှေမင်းသမီး က တစ်နေ့တစ်မျိုး မရိုးနိုင်တဲ့ဖုန်းနံပါတ်မျိုးစုံနှင့် ဆက်ကာ သူ့ ကို ကွိုင်ရှာနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော့်ကို ကျွန်တော် အကြံတစ်ခု ပေးပါရစေ၊ မေလင်းမာန်က ကိုကျော် ဖြတ်တိုင်း အေးဆေး don't care ဆိုတဲ့ မိန်းကလေးမျိုးမဟုတ်ဘူး ကိုကျော်၊ သူ့ကို အဲဒီလို ရက်စက်လိုက်ရင် အဲဒါဟာ အန္တရာယ် ဖြစ်လာနိုင်တယ်၊ ဒီတော့ ကိုကျော်ရာ သူ့လောက်ကတော့ ကိုကျော် အချို သပ်ထားနိုင်ပါတယ်၊ ပြန်တွဲလိုက်ပါ ကိုကျော်၊ အဲဒါဟာ အကောင်းဆုံး ဖြစ်မှာပါ ...

ကိုကျော်က ဒီခွင်ကို မအောင်းဘူးပြောလို့သာပေါ့ နို့မို့ဆို ရေလည်လန်ထွက်နေလောက်ပြီ၊ မေလင်းမာန်က အချစ်ကြီးတော့ အမ်းချက်တွေကလည်း နိုင်းလောက်ရှိမှာပဲ၊ ရင်ခုန်တယ်ဗျာ"

ငပေါက်က ရွှန်းရွှန်းဝေအောင် ပြောနေပေမယ့် သူကတော့ မာန်နှင့် ပြန်ဆက်ရမယ် ဆိုတာထက် ပိုးကလေးသိမှာကိုပဲ စိုးရိမ်နေမိသည်။ သူ ဘာဆက်လုပ်ရမှာလဲ ?။ ငပေါက်ပြောသလိုပဲ မာန့်ကိုပြန်တွဲရင် ကောင်းမလား။ မာန့်ကိုဖြတ်ပြီးတော့ အေးဆေးသမားလိုပဲ ပိုးကလေးရှေ့မှာ နေပြရမလား။

"ငပေါက် ... အချစ်ဆိုတာ ဘာလဲ"





"ဟား ... ဆရာကျော်ကလည်း နောက်ပြီဗျာ၊ ဒီမေးခွန်းကို လေကုန်ခံပြီးတော့များ မေးနေသေးတယ်၊ love is money ပဲပေါ့၊ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ပိုက်ဆံရှိမှပဲ ချစ်လို့ရတာ၊ အချစ်အတွက် ပိုက်ဆံက နံပါတ် (၁)ပဲလေ"

ကျော်သည် ခေါင်းကို ခပ်လေးလေး ခါယမ်းကာ ငပေါက်ကို တစ်ချက်ကြည့်လိုက်သည်။ သူနှင့် ငပေါက်ဟာ ဒီလောကမှာ သွားရင်းလာရင်းနဲ့ တွေ့ကြခင်ကြရာကနေ သူ့ဘဝ ကိုယ့်ဘဝ ဖလှယ်ပြောရင်းက သူ့အထာတွေက ဆရာကျတာကြောင့် ငပေါက်က တပည့်ခံကာ လက်တွဲလုပ်လာတာ ကြာပြီ ဖြစ်သည်။

ငပေါက်အတွက်တော့ အချစ်ဆိုတာ သူ မှောင်းထားသည့်အသိတွေ ခေါင်းထဲဝင်နေသည့်သူဖြစ်၍ ပိုက်ဆံပဲဟု ဖြေလေသည်။ အဲဒီအဖြေကို သူ မလိုချင်သေးပါ။

"မဟုတ်ဘူး ငပေါက်၊ ငါပြောတဲ့ အချစ်ဆိုတာ တကယ်ရှိတဲ့အချစ်ကို ပြောနေတာ၊ ငါ့အတွက် အဲဒီ definition လိုအပ်နေပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော် ... အချစ်ဝတ္ထု တော်တော်များများကို ဖတ်ကြည့်လိုက်ပါ။ ဘယ်စာရေးဆရာ၊ ဆရာမ မဆို များသောအားဖြင့် သူတို့ရဲ့ဇာတ်ကောင်တွေဟာ ပိုက်ဆံရှိတဲ့ သူဌေးတွေပဲ၊ အဲဒီလို ဘဝကလှနေမှ အချစ်ဆိုတာကို စိတ်ကူးယဉ်ရေးဖွဲ့လို့ ရမယ်လေ ...

သာမန်ဘဝ၊ ဆင်းရဲတဲ့ဘဝမှာ အချစ်မရှိဘူးတော့ မဟုတ်ဘူး ရှိပါတယ်၊ ဒါပေမဲ့ အချစ်ထက် စီးပွားရေးက ပိုအရေးကြီးနေပြီ၊ အချစ်ကို တခုတ်တရ တင်စားလို့မရတော့ဘူး ...

ကျွန်တော် ဆိုလိုတာက လောကမှာ လူတစ်ယောက်နဲ့တစ်ယောက် ချစ်နေနိုင်ဖို့ ပိုက်ဆံက အဓိက supporter (ထောက်ပံ့သူ)ပဲ၊ တူနှစ်ကိုယ် တဲအိုပျက်တို့၊ အချစ်မျက်နှာတစ်ကမ္ဘာထင်တို့ ဆိုတာ စကားလုံးတွေပါဗျာ၊ တကယ့်တကယ် ပိုက်ဆံရှိရင် အချစ်ဆိုတာ အပေါစား နာမ်တစ်ခုဖြစ်သွားတာပါပဲ"

ကျော်သည် သက်မကိုသာ ပင့်ရှိုက်လိုက်တော့သည်။ အိုဇုန်းလွှာပေါက်လာလို့ ပူပြင်းလာတဲ့ ဒီကမ္ဘာကြီးထဲမှာ အချစ်ဆိုတာကကော ပိုက်ဆံတစ်မျက်နှာတည်းအတွက် ပူလောင်ပစ္စည်းကြီး ဖြစ်လို့နေပလား။

အဲဒီအချိန်မှာပဲ ဖုန်းမြည်သံ ပေါ်ထွက်လာ(ျ)င် ကျော်သည် ဖုန်းနံပါတ်ကိုကြည့်လိုက်သည်။ သူ မသိသောနံပါတ်ဖြစ်သည်။

ဒါဆိုရင်တော့ မာန့်ဆီကပဲ။

ငပေါက်က သုန်မှုန်သွားတဲ့ သူ့မျက်နှာကို တစ်ချက်ကြည့်ကာ ရယ်လိုက်ရင်း ...

"ကိုကျော် ကျွန်တော် ဒီတစ်ခါတော့ ဆရာလုပ်ပါရစေဗျာ၊ မာန့်ဖုန်းလို့ ထင်နေရင်လည်း ဖုန်းကိုင်လိုက်ပါဗျာ၊ ကျွန်တော်တို့ အလုပ်ဆိုတာ စိတ်ချမ်းသာမှုနဲ့ ငွေကြေးကို လဲယူတာပဲလို့ ကိုကျော် ပြောဖူးသလိုပေါ့ ...

မာန်က ကိုကျော့်ရဲ့ ကြင်နာမှုကိုရလို့ စိတ်ချမ်းသာရတယ်၊ ကိုကျော်က မာန့်ကို အဲဒီစိတ်ချမ်းသာမှုပေးတဲ့အတွက် အဖိုးအခ ပြန်ယူတယ်၊ ကိုကျော့်ပေါ်လစီနဲ့သာ ဆက်ဆံလိုက် all ok ၊ ရာသီဥတုလည်း သာယာသွားလိမ့်မယ်"







www.burmeseclassic.com

www.burmeseclassic.com



ကျော်သည် ငိုမဲ့မဲ့ဖြစ်နေတော့မည့် မာန့်ရဲ့မျက်နှာကို တစ်ချက်မြင်ယောင်ကာ ဖုန်းကိုင်ဖို့ ဆုံးဖြတ်လိုက်တော့သည်။ ပိုးကလေးရေ ... ကိုယ့်ရဲ့အပြောင်းအလဲမြန်ပြီး အဆင့်မရှိတဲ့စိတ်ဓာတ်ကိုသာ မင်း သိခဲ့ရင် အခုလို ကိုယ့်ကိုဆက်ဆံနိုင်ပါဦးမလား။

ကျော်သည် အတွေးတွေကို မောင်းထုတ်လိုက်ကာ ဖုန်းကိုင်လိုက်ပါသည်။

"ဟယ်လို"

"ကိုကြီး ... ကိုကြီးလားဟင်၊ အခု ကိုကြီး ဘယ်မှာလဲဟင်၊ မာန် ကိုကြီးကို အရမ်းတွေ့ချင်နေတယ်၊ မာန့်ကို စိတ်မဆိုးပါနဲ့နော်၊ မိုမို့ကိစ္စအတွက် မာန် အနူးအညွတ်တောင်းပန်ပါတယ်၊ မာန့်ကို ကိုကြီးနဲ့ တွေ့ခွင့်ပေးပါနော်"

ကြားရသမျှ စကားတွေတိုင်းဟာ သူ့ရင်ကို အတိုင်းအဆမရှိ ထိနိုက်ကြေကွဲစေပါသည်။ အဲဒီလိုမျိုး အချစ်ကို ရူးနေတဲ့ ကောင်မလေးကို သူက ဖြတ်ထားလိုက်လို့ သူ့ကိုယ်သူ တစ်ခုခုလုပ်လိုက်ရင် သူ့ပယောဂကင်းမှာ မဟုတ်ချေ။





မင်းလိုစိတ်ဓာတ်ရဲ့ သုံးပုံတစ်ပုံလောက်သာ ရှိခဲ့မယ်ဆို ကိုယ် ဒီနေ့ ဒီလိုဘဝမှာ လုံးဝရပ်တည်စရာ မလိုအပ်တော့ဘူး မာန်။

"မင်း ဘယ်မှာလဲ၊ ကိုယ် လာခဲ့မယ်"

"ကန်တော်ကြီးထဲမှာ၊ ကိုကြီးနဲ့ ဆုံနေကြခုံမှာ မာန်ရှိနေတယ်"

"ကောင်းပြီ၊ ကိုယ် အခုပဲ လာခဲ့မယ်"

သူက ဖုန်းပိတ်ကာ ကားသော့ယူ၍ သွားဖို့ခြေလှမ်းပြင်လျှင် ငပေါက်က လှမ်းသတိပေးသည်။

"ကိုကျော် ဒီတိုင်းသွားမလို့လား၊ ကိုကျော်ရဲ့ အဲဒီစတိုင်လ်ကိုမြင်ရင် မေလင်းမာန် ရူးသွားနိုင်တယ်၊ မေလင်းမာန်နဲ့တွေ့ရင် ဝတ်ရမယ့် ကိုကျော့် logo ပဲ ကပ်လိုက်ပါဗျာ"

ငပေါက်စကားကြောင့် သူက သူ့ပုံသူ ကြည့်ကာ ပြုံးမိသွားသည်။ အိမ်နေရင်းမို့ vest အနက်ရောင်စွပ်ကျယ်ကို vest အဖြူတစ်ထည်နှင့် နှစ်ထပ်ဒီဇိုင်းဝတ်ကာ အပြဲတွေ အဖာအထေးတွေ သံကြိုးတွေနှင့် ရှုပ်ယှက်ခတ်နေသော ဂျင်းဘောင်းဘီကို ဆင်ယင်ထားသော သူ့ပုံစံဟာ အရမ်းလန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုံစံဟာ ဖော်တန်အပြင်သွားရင် ဝတ်ခဲ့လုကာ တစ်ခါဝတ်ရင်လည်း တစ်ခါဆိုသလောက်ပင် ကောင်မလေးတွေရဲ့ လည်ပြန်ငေးခြင်းကို ခံရပေသည်။ အဲဒါကိုမှ police မျက်မှန် ကောက်တပ်လိုက်ရင်တော့ ဆိုဖွယ်ရာမရှိတော့ပေ။ အဲဒီလောက် မိုက်နေတာကို သူ ဝတ်သွားရင် မာန့်ရှေ့မှာ ပြဿနာတက်နိုင်သည်။

vest စွပ်ကျယ် နှစ်ထပ်ဝတ်သော အမျိုးသားတွေအတွက် အဓိကအချက်မှာ ဗိုက်လုံးဝထွက်၍ မရပါ၏။ သူက ဘီယာဗိုက်ဝေးစွ။

ညစာကိုတောင် အသီးအနှံနှင့်ပြီးတာ များတတ်သူမို့ ဝမ်းမစိုးရိမ်ရပါ။

အရက်၊ ဘီယာ လုံးဝမသောက်ဘဲ gym ဆော့ရေကူး၊ တစ်ခါ တစ်ခါမှာ သူ member ဝင်ထားသော dancer အဖွဲ့တစ်ခုမှာ သွား dance သေးတာမို့ သူ့ body ဟာ ပျို့ပျို့ အိအို ရင်ခုန်စရာကောင်းစေမည့် ကြွခိုင်သန်စွမ်းကာ ကျစ်ကျစ် လစ်လစ်နှင့် အဆီပိုမရှိကာ လှပသောပုံဖြစ်သည်။





အဲဒါကြောင့် ကျော်သည် ပေါ်ပေါက်ပြောမှ သတိရကာ ရှပ်အင်္ကျီနှင့် ပုဆိုးတစ်ထည် ပြောင်းလဲဆင်ကာ အချစ်ဆုံး All star ကို ထားခဲ့၍ အောလ်ကတ္တီပါနှင့် လိမ့်ရတော့သည်။

သူရောက်သောအခါမှာ ကန်ရေပြင်ကို မျက်နှာပေး ထိုင်နေသော မာန့်ကို တွေ့ရလေသည်။ မာန် နည်းနည်းတောင် ပိန်သွားသလား မသိ။

"မာန်"

သူ့ခေါ်သံကြောင့် မာန်က အံ့သြဝမ်းသာစွာလှည့် ကြည့်၍ ထလာကာ သူ့ကို ပြေးဖက်လိုက်ရင်း ...

"ကိုကြီး သိပ်ရက်စက်တယ်၊ မာန့်ကို ထားခဲ့မယ်ဆိုတဲ့ အတွေးမျိုးတော့ မဝင်လိုက်ပါနဲ့နော်၊ မာန့်အတွက် ကိုကြီး က သိပ်လိုအပ်ပါတယ်"

"အေးပါ မာန်ရယ်၊ မင်း မငိုပါနဲ့တော့"

သူက မာန့်ရဲ့ကျောပြင်လေးကို ခပ်ဖွဖွ ပုတ်ပေးကာ ကန်ရေပြင်ကို ငေးကြည့်ရင်း သက်ပြင်းချမိသည်။ ကိုယ့်ကို မင်း အရမ်းလိုအပ်သလို ကိုယ်ကလည်း တစ်စုံတစ်ယောက်ကို အရမ်းလိုအပ်နေတာ သေချာသွားခဲ့ပြီ မာန်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် သူ့ကို ချစ်တယ်လို့ တွေးမိလိုက်တိုင်း ကိုယ် ရင်တွေကွဲထွက်မတတ် နာကျင်ရတယ်။ အဲဒါကြောင့် ကိုယ့်အသည်း အရင်ကွဲမယ်၊ ပြီးမှ ချစ်မယ် ... နော်။ ကိုယ့်ရဲ့ တစ်စုံတစ်ယောက်။

❦ ○ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) မွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။





## ၁၀

ဒီနေ့ည တစ်ညလုံးတော့ သူ အိပ်လို့ရတော့မည် မထင်ပါ။ သူ့ဘဝရဲ့ အိပ်မက်ဆိုးက သူ့ကို ခြောက်လှန့်နေတာ ဒီတစ်ကြိမ်တော့ အဆိုးဝါးဆုံးဖြစ်သည်။ အိပ်မက်က နိုးထလာချိန်မှာ သူ့ဘေးနား တစ်ယောက်မှ မရှိခဲ့ပါ။

သူက ချွေးသံတရွှဲရွှဲဖြင့် မောဟိုက်နေကာ ခုတင်ဘေးက ရေသန့်ဘူးကို ဖွင့်သောက်လိုက်မှ စိတ်နည်းနည်းငြိမ်သွားတော့သည်။ နာရီကြည့်လိုက်ရင်တော့ ညဉ့်နှစ်နာရီခွဲနေပြီ။ သူ ပြန်အိပ်လို့လည်း ရတော့မယ် မထင်ပါ။

ကျော်သည် ရေချိုးခန်းဝင်ကာ မျက်နှာသစ်လိုက်ပြီးနောက်မှာတော့ ကြည်လင်သွားကာ ငြိမ်းစီစီစိတ်တွေတော့ မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။ သို့ပေမဲ့ မျက်လုံးထဲက အရိပ်တွေကိုတော့ ဖျောက်သွားလို့ မရပေ။ ပုံရိပ်တွေလို လှုပ်ရှားနေတဲ့ အဲဒီအရိပ်တွေမြင်တိုင်း သူ ခက်ထန်ခဲ့ရသည်။

သူ အခုလို ဖြစ်နေတဲ့ညမျိုးမှာ ပိုးကလေးကော။ သောကကင်းဝေးစွာ အိပ်နေလောက်ပြီပေါ့။ အခုချိန်မှာ မင်းနဲ့ စကားပြောရရင် ဘယ်လောက်ကောင်းမလဲ။ ဒါပေမဲ့ မင်းကို အိပ်ရေးပျက်သွားမှာစိုးတယ်။

ကိုယ့်အလွမ်းကို အစားထိုးဖို့ ကိုယ့်နှုတ်ခမ်းကို ကိုယ်ပြန်ကိုက်တတ်လာကယ် ပိုးကလေးရယ်။ ကျော်သည် ဘယ်လိုမှ နေလို့မရတော့သည့် အဆုံးမှာတော့ ထိန်းထားသည့်ကြားက ဖုန်းခေါ်မိသွားသည်။

ခွင့်လွှတ်ပါ ပိုးကလေး။

လိုင်းက တစ်ချက်တည်း ဝင်သွားသည်။ သူကတော့ ပိုးကလေး ဖုန်းကိုင်ဖို့ကို လုံးဝမမျှော်လင့်ထားပါ။ ဒါပေမဲ့ သူမက ချက်ချင်းဆိုသလိုပင် ဖုန်းကိုင်ပါသည်။

"ဟိုင်း ...

ဘာဖြစ်သလဲ ကျော်စူးရှ"





ကျော်သည် အဲဒီ voice သောက်ထားသော လေသံနှင့်ပြောသော သူမရဲ့တက်ကြွသံကြောင့် ရုတ်တရက် ဘာစကားမှ မပြောနိုင်သေးကာ ခေတ္တတိတ်သွားတော့သည်။ ပြီးတော့မှ နူးညံ့အက်ကွဲကာ ခြောက်သွေ့သော အသံဖြင့် ...

"ပိုးကလေး မအိပ်သေးဘူးလား"

"ရှင်တောင် ကျွန်မဆီ မအိပ်သေးဘဲ ဖုန်းဆက်တာပဲ၊ ကျွန်မလည်း ဒီလိုပဲပေါ့၊ မအိပ်သေးဘူး"

"ကိုယ် မအိပ်သေးတာက ကိုယ့်အကြောင်းနဲ့ကိုယ်ပါ ပိုးကလေးရယ်"

သူက အားပျော့စွာ ဖျော့တော့တော့လေသံဖြင့် ပြောလိုက်လျှင် ပိုးကလေးက ရယ်သံစွက်သော အသံချိုချိုလေးဖြင့် ...

"အေးပေါ့ ... အဲဒီစကား သိပ်မှန်တယ်၊ ကျွန်မလည်း ကိုယ့်အကြောင်းနဲ့ကိုယ်ပဲ"

"မင်းက ဘာတွေများဖြစ်လို့ မအိပ်သေးတာလဲ"

သူ့အမေးကြောင့် တစ်ဖက်ကအသံကို နားစွင့်နေမိပါသည်။ စက္ကန့်မလတ် သူမရဲ့စကားသံတွေ ကြားချင်နေတာဟာ



www.burmeseclassic.com

www.burmeseclassic.com



သူမကို ချစ်တယ်ဆိုတာကြောင့်လား။ သူက ဘာကိစ္စ ချစ်တတ် ရတာလဲ ? ။

"ချစ်သူနဲ့ ဖုန်းပြောနေတာလေ"

ရုတ်တရက် ထွက်လာတဲ့ အဲဒီစကားက သူ့ရဲ့ မျက်နှာကို ပိတ်ရိုက်ချလိုက်သလို ဖျင်းခနဲ ဖြစ်သွား၍ သူဟာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး တစ်ခါတုန်းက သူမနောက်ခဲ့ဖူးတာ သတိရသွားကာ ဒါလည်း နောက်နေတာပဲဟု ထင်မှတ်ကာ ...

"ဘာလဲ ... လီမင်ဟိုနဲ့ ပြောနေတာလား"

"အိုး ... နိုး၊ ဒါတွေက ကလေးတုန်းက ကိစ္စတွေပါ၊ ပြီးသွားခဲ့တာ ကြာပါပြီ၊ အခု ပြောနေတာက တကယ့် ချစ်သူ၊ သူက စ,လုံးက ချစ်သူလေ၊ ဟိုမှာ PR ရထားပြီး အဲဒီကကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့သူပေါ့"

ဒါ ... ဒါဆို တကယ်ပေါ့။ ကျော်သည် ဖုန်းဆက်မိတာတော့ မှားသွားပလား မပြောတတ်ပါ။

သူက သက်ပြင်းတစ်ချက်ကို မရေမရာ ချလိုက်ရင်း ...





"သူနဲ့ ပိုးကလေးက ချစ်သူဖြစ်တာ ကြာပြီလားဟင်၊ သူ့ကို ပိုးကလေးက သိပ်ချစ်တာပဲလား"

"အင်း ... ချစ်သူဖြစ်တာ ကြာပြီဆိုပါတော့၊ ကျွန်မက သူ့ကို သိပ်ချစ်တာပေါ့ ကျော်စွာရုရဲ့၊ ဟိုသီချင်းထဲကလို ပဲလေ ...

ငါ့မျက်စိထဲ ... နင်က အလှဆုံးပါပဲ ... မင်းအတွက် ပေးဆပ်ထားတယ် ... တစ်ဘဝလုံးစာအတွက် ... သတိရတိုင်း ငါ ... ပြေးတွေ့ချင်လည်း ... နင်က စ,လုံးမှာပဲ ...

ကြားဖူးတယ် မှုလား၊ အဲဒီသီချင်း 'လက်လက်ကို ထလို့'စီးရီးထဲမှာ Nine One ဆိုထားတဲ့ စ,လုံးကချစ်သူသီချင်းလေ၊ အဲဒီသီချင်းထဲကလိုမျိုး သူ့ကိုချစ်တာ၊ Where ever you go. whatever you do, I'll be right here waitnig for you"

"အင်း ... သိတယ်"

အဲဒီ သိတယ် ဆိုတာမှာ သူ့အသံ tone လျော့သွားတယ်ဆိုတာ သူ့ဘာသာသူ သိသည်။ Nine One ဆိုထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



"စ,လုံးကချစ်သူ"သီချင်းကို သူက စင်ကာပူက ကောင်မလေး တစ်ယောက်နဲ့ date တုန်းက တော်လ်ကီခြွေရင်း အဲဒီသီချင်းကို ကြွေပြခဲ့ဖူးသည်။

အခု ပိုးကလေးကလည်း အဲဒီသီချင်းကိုမှ ကြိုက်ပါတယ်တဲ့။

ဒီညတော့ ကိုယ့်ကို ကန်စွန်းရွက်ပဲ ကျွေးနေတာလား ပိုးကလေးရယ်။ (စိမ်းကားလွန်းသော တော်လ်ကီကျွေးတာကို ဆိုလိုတာပါ။)

"ဝါးလားလား ... good morning အခုမှ အိပ်ရာက နိုးတာ၊ ခုနက ,ယောင်နေတာ၊ ကျော်စူးရှ ဘာကိစ္စဖုန်း ဆက်တာလဲ"

အမ် ... အဲဒီစကားကြောင့် သူပါ လည်ထွက်သွားတော့သည်။ သူနဲ့ ခုနက စကားတွေပြောနေကြတာပဲ။ သူ့မအသံက ကြည်လင်လို့ပါ။ အဲဒါတွေက ယောင်နေတာဆိုတော့ ...။

"ဟား ... ဒါဆို ခုနက ပိုးကလေးရဲ့စ,လုံးကချစ်သူဆိုတာ တကယ် မဟုတ်ဘူးပေါ့၊ ယောင်နေတာပေါ့၊ ဟုတ်လား"





သူက တက်ကြွရွှင်လန်းစွာမေးလျှင် ပိုးကလေးက ရှုချင်ယောင်ဆောင်ကာ ...

"ရှင် .. ဘာလဲ၊ ဘယ်တုန်းကလဲ၊ ပြောမိတယ်လား၊ အင်း ... အဲဒီလိုပဲ မှားတတ်ပါတယ်၊ sorry ကျော်စူးရှ"

"ဟား... ဘာတွေလဲ ပိုးကလေးရယ်၊ ကိုယ်လည်း မလိုက်နိုင်တော့ဘူး၊ အရှုံးတွေနဲ့ ရင်ဆိုင်နေရပြီ"

"ဟဲ ... ဟဲ ... အရှုံးတွေနဲ့ ရင်မဆိုင်လိုပါလျှင် အင်တာဗွန်စီကို တစ်နေ့တစ်လုံး မှန်မှန်သုံးပေါ့၊ ဒါတောင်မသိဘူးလား"

သူ့ထက်တောင်သစ်ကာ သူ့ကို နှစ်ကျပ်ကွက်နင်းနေတဲ့ ပိုးကလေးကို သူ ချစ်မိသွားတယ် ဆိုတာဟာ အံ့သြစရာတော့ မရှိပါ။ သင်တို့ပဲ တစ်ချက် စဉ်းစားကြည့်ပါဦး။

ဒီလောက်သွက်လက်တဲ့ ချစ်ဖို့ကောင်းတဲ့ ကောင်းမလေးက ကိုယ့်ကို အင်တာဗွန်စီတွေ တိုက်နေရင် (ခွန်အားပြည့်စကားလုံးတွေသုံးတာကို ပြောပါတယ် ခင်ဗျာ) ဘယ်ယောက်ျားသားမှ ရင်မခုန်ဘဲ နေမှာမဟုတ်ပါ။ အရမ်း cute ဖြစ်တဲ့ ဒီကောင်မလေးကို သူကတော့ ချစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့ဦးနှောက်က သူ့အချစ်တွေကို လက်မခံသေးတာ ခက်လှသည်။

သူ့ရဲ့အမုန်းမှတ်ဉာဏ်က အချစ်တွေကို ကန့်သတ်ထားသောကြောင့် ဖြစ်ပါသည်။

"ကဲ ... ထားပါတော့၊ မနှောက်တော့ဘူး၊ ဒီအချိန်ကြီးမှ ကျော်စွားရှက ကျွန်မကို ဘာလို့ဖုန်းဆက်တာလဲ၊ ကျွန်မက Thesis တစ်ခုလုပ်ဖို့ စာဖတ်နေလို့ မအိပ်သေးတာ၊ ရှင်ကကော"

"ကိုယ်က အိပ်မက်ဆိုးမက်ပြီး လန့်နိုးလာတာ၊ အဲဒါ နိုးနိုးချင်း မင်းကို အရမ်းသတိရလို့ ဖုန်းဆက်လိုက်တာ၊ ကိုယ် အဲဒီလို အိပ်မက်မျိုး နောက်ထပ် ထပ်မမက်ချင်တော့ဘူး ပိုးကလေးရယ် ...

ကိုယ့်ရဲ့ညတိုင်းဟာ အမြဲ nightmare (အိပ်မက်ဆိုး) တွေနဲ့ အိပ်စက်ခဲ့ရတာပါ"

"ရှင် ဘာတွေများ ခံစားနေရသလဲ ကျော်စွားရှ၊ ရှင် အရမ်း tension တွေ များနေတာပါ၊ အိပ်မက်ဆိုတာ ကိုယ့်မှတ်ဉာဏ် တစ်ပိုင်းတစ်စပါ၊ ကိုယ့်မှတ်ဉာဏ်ထဲ





မှာ ရှင် ကြေကွဲလောက်တဲ့ အဖြစ်အပျက်မျိုးက ရှင့်ကို nightmare ဖြစ်အောင် လုပ်တာ၊ အဲဒါတွေ မေ့လိုက်တော့၊ အဲဒါဆို ရှင် အိပ်မက်ဆိုးတွေ မမက်တော့ဘူး"

ဟုတ်တယ် ပိုးကလေးရယ်။ ကိုယ့်ရဲ့အိပ်မက်ဆိုးဆိုတာ ကိုယ့်မှတ်ဉာဏ် အပိုင်းအစတွေပါ။ ကိုယ် ဖျက်ပစ်ချင်ခဲ့တဲ့ မှတ်ဉာဏ်က ကိုယ့်ကို ဒုက္ခပေးနေတာ။ ကိုယ် သူ့ကိုအရမ်းမုန်းတယ်။ မင်းက ကိုယ့်စိတ်ကို အသိနိုင်ဆုံး၊ နားအလည်ဆုံးပါပဲ ပိုးကလေးရယ်။

"ကျေးဇူးတင်ပါတယ် ပိုးကလေး၊ ကိုယ့်ဘဝမှာ အဲဒီလို အိပ်မက်ဆိုးတွေ အများကြီး မက်ဖူးတယ်၊ ဒါပေမဲ့ အဲလို နှစ်သိမ့်မှုမျိုး မရခဲ့ဘူး၊ ကိုယ် မင်းကို ... မင်းကို ..."

ကျော်သည် စကားဆက်ဖို့ ကြိုးစားသော်လည်း ပုံရိပ်တစ်ခုကြောင့် ဆွံ့အသွားကာ တည်ငြိမ်အောင် ချုပ်ထိန်းကာ ...

"ကိုယ် မင်းကို တစ်ချိန်ချိန်မှာ ပြောပြဖြစ်မှာပါ ပိုးကလေး၊ ကိုယ့်ကို အခုလို guide လုပ်ပေးတာ ကျေးဇူးပါပဲ၊ I need you !"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအတွက် ပိုးကလေးက ဘယ်လိုမှ ဖြစ်သွားဟန်မရှိပါ။ သူပြောတဲ့ စကားတွေကို သူမ နားလည်လွန်းလို့ ဘာမှမဖြစ်တာ ဖြစ်နိုင်သလို သူပြောတဲ့စကားတွေကို သူမနားမလည်လို့ ဘာမှမဖြစ်တာလဲ ဖြစ်နိုင်ပါသည်။

မင်းကို ချစ်ခဲ့မိလို့ ကိုယ် အရမ်းနာကျင်နေရပါတယ် ပိုးကလေးရယ်။

"ကျော်စူးရှ ... ကျွန်မ ရှင့်ကို စကားတစ်ခွန်းလောက်ပြောချင်တယ်၊ လူတိုင်းမှာ သူတို့ရဲ့အခက်အခဲဆိုတာ ရှိစမြဲပါ၊ ငါသာလျှင် ကံအဆိုးဆုံးဆိုပြီး တွေးလိုက်ရင် ရေစုန်မျှောလိုက်ဖို့ပဲရှိမယ် ...

အားမလျှော့ပါနဲ့၊ ကျွန်မလည်း ဒီနေ့ဒီအချိန်ထိ ဘဝကို ခက်ခက်ခဲခဲနဲ့ ရင်ဆိုင်နေတုန်းပါပဲ၊ ရှင် ဘာမှ စိတ်ဓာတ်မကျပါနဲ့ ...

ရှင့်အရှေ့မှာလည်း အိပ်မက်ဆိုးနဲ့လူတွေ အများကြီး ရှိနေသလို ရှင့်အနောက်မှာလည်း အိပ်မက်ဆိုးနဲ့လူတွေ အများကြီး ရှိနေပါတယ်၊ ရှင်ကသာ အလယ်မှာရှိနေတာပါ ကျော်စူးရှ"





အဲဒီ အားပေးစကားဟာ ခံယူတတ်သူအတွက်တော့ အများကြီး အားတက်စရာဖြစ်သည်။ သူကသာ အလယ်မှာရပ်နေတာ။ သူ့အနောက်မှာ သူ့ထက်ဆိုးတဲ့ သူတွေချည်းပဲ။ အဲဒီလိုပဲ သူ့ရှေ့မှာလည်း ...။

အမုန်းတရားနှင့် ရပ်တည်နေရတဲ့ ဒီကမ္ဘာကြီးမှာ သူ့ရင်ဘတ်ထဲက အသည်းနှလုံးကကော ဘာအရောင်ရှိနေမှာပါလိမ့်။ သူ အခုမှ နှလုံးသားရဲ့အရောင်ကို မေးတတ်ခဲ့တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာန် ... ပြီးခဲ့တဲ့ကိစ္စတွေအတွက် ကိုယ် တောင်းပန်ပါတယ်၊ မင်းရဲ့အချစ်ကို ကိုယ် စော်ကားမိခဲ့တယ်"

သူက ကန်တော်ကြီးထဲက Mr.Guitar မှာ ကော်ဖီအတူတူသောက်နေရင်းက ရုတ်တရက်ကြီး ပြောလိုက်တဲ့အခါမှာ မာန်ဟာ အံ့ဩလွန်း၍ သူ့ကို မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ငေးကြည့်နေသည်။

မင်း ကိုယ့်ကိုချစ်တယ်ဆိုတာ ကိုယ်သိပါတယ် မာန်ရယ်။

လောကမှာ သူချစ်ရယ်၊ ကိုယ်ချစ်ရယ်ကို တစ်ပြိုင်နက်တည်း နဖူးတွေ့ ဒူးတွေ့ တွေ့လာတဲ့အခါမှာ ဘာကိုမှ ရွေးချယ်နိုင်ခြင်း မရှိဘဲ ဝေဝါးနေတာဟာ ကိုယ် လက်တွေ့ပါပဲ။





မင်းကို အကြိမ်ကြိမ် အခါခါ ဖြတ်ဖို့ကြိုးစားခဲ့ပေမယ့် ကိုယ်တို့ မပြတ်ခဲ့ဘူး။ အဲဒါဟာ မင်းရဲ့မဟာချစ်ခြင်းကြောင့်ပေါ့ မာန်ရယ်။

"မာန် ကိုယ့်အကြောင်းတွေ ဘယ်လောက်ထိ သိထားလဲ"

မာန်က သူ့ကို ကြင်နာစွာ ရွှန်းရွှန်းစားစား စိုက်ကြည့်၍ ခေါင်းယမ်းပြကာ ...

"ကိုကြီးရဲ့ဖုန်းနံပါတ်တစ်ခုကလွဲပြီး မာန် ဘာမှမသိပါဘူး၊ အချစ်မှာ အဲဒီလို သိတာ မသိတာ မလိုပါဘူး၊ ကိုကြီး အကြောင်းကို မာန် မသိလည်း ချစ်နေတာပဲလေ"

အဲဒါ မင်း ကိုယ့်အကြောင်း ဂဃနဏ မသိသေးလို့ပါ မာန်ရယ်။ သူက စိတ်ထဲက တိတ်တဆိတ်ပြောကာ မာန့်ကို ငေးကြည့်နေမိသည်။ ကိုယ့်မှာ မင်းကိုချစ်ဖို့ အစီအစဉ်ကို မရှိဘူး မာန်။

"မာန် ... မင်းကို ကိုယ် ခဏခဏပြောတယ်နော်၊ အချစ်ဆိုတာကို အဲဒီလောက် မခံစားစမ်းပါနဲ့၊ ကိုယ်ပြောတာကို နားထောင်ပါ၊ မင်းမှာ ရှိသမျှ အကုန်အောပြီး ချစ်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မင်း ပြန်ရမယ့်အရာဟာ နည်းနည်းလေးဆိုရင် မင်း ခံစားနိုင်မှာ မဟုတ်ဘူး”

သူ့စကားကြောင့် မာန်က အသာပြုံးကာ …

“ကိုကြီးကလည်း အချစ်ဆိုတာ စီးပွားရေးလုပ်တာမှ မဟုတ်တာ၊ ငါရှုံးမယ် ငါမြတ်မယ် တွက်နေဖို့ မလိုပါဘူး”

ကျစ် … သူ အဲဒါတွေကို စိတ်ပျက်သည်။ မေလင်းမာန် သူ့အနားမှာ တွယ်ကပ်နေသရွေ့ကတော့ သူ့မှာ ဖြတ်လိုက်၊ တွဲလိုက် ဖြစ်နေရဦးမှာပဲ ဖြစ်သည်။

“ကဲ … မာန်၊ ကိုယ်လည်း သွားစရာရှိသေးတယ်၊ ပြန်စို့”

မာန်သည် သူ့စကားကို မငြင်းဆန်ဘဲ ခေါင်းညိတ်ပြကာ သူ့လက်မောင်းကို မှီတွဲရင်း ပါကင်ဆီသို့ အတူသွားကြသည်။ ကိုကြီးက မာန့်ကိုမချစ်တာ သိပေမယ့် မာန် ချစ်နေရရင်ကိုပဲ ကျေနပ်လှပါပြီ။ မာန့်အတွက်တော့ ပထမဆုံးချစ်ရတဲ့ချစ်သူ သူဟာ နတ်သားလေးပင်ဖြစ်သည်။

မာန်နှင့်သူ နှုတ်ဆက်ကာ အိမ်ပြန်ခဲ့ရင်တော့ လမ်းမှာ ဖေဖေ့ဆီက ဖုန်းဝင်လာသည်။





“ဟုတ်ကဲ့ ဖေဖေ”

“သမီး မေမာန် … အခု ဘယ်ရောက်နေတာလဲ”

ဖေဖေ့ရဲ့အမေးကြောင့် မာန်သည် ဟဲခနဲ တစ်ချက် ရယ်သွမ်းသွေးကာ …

“သူငယ်ချင်းတစ်ယောက်နဲ့တွေ့ပြီး ပြန်လာတာပါ ဖေဖေ၊ ဖေဖေ မာန့်ကို ဘာခိုင်းစရာရှိလို့လဲ”

“သမီးကို အရေးကြီးတဲ့စကား ပြောစရာရှိလို့ ဖေဖေ့ကုမ္ပဏီကို ဝင်လာခဲ့ပါလား”

“ဟုတ် ဖေဖေ … သမီး အခုပဲ လာခဲ့ပါ့မယ်”

မာန်သည် အိမ်သို့ ဦးတည်နေသည့် လမ်းကြောင်းကိုပြောင်းကာ ဖေဖေ့ကုမ္ပဏီရှိသော တက္ကသိုလ်ရိပ်သာလမ်းသို့ ဦးတည်မောင်းလာခဲ့သည်။ နိုင်ငံခြားကုမ္ပဏီတွေနှင့် ဆက်စပ်ကာ စီးပွားရေးလုပ်ငန်းတွေကို အောင်မြင်စွာ လုပ်ကိုင်နေတဲ့ ဖေဖေ့အတွက် မာန်သည် သမီးအလိမ္မာလေးဖြစ်သည်။

မာန့်ကိုဆို အလိုကျဖြစ်စေခဲ့သော သည်ဖေဖေ့ကို ကိုကြီးရဲ့အချစ်တွေသာ ဝယ်ခိုင်းလို့ရရင် သိပ်ကောင်းမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မာန်သည် ကိုယ့်အတွေးနှင့်ကိုယ် ပြုံးနေရင်းက ဖေဖေ့ရဲ့ မာန်ထရိုတ်ဒင်း ခြံဝင်းကျယ်ကြီးဆီသို့ ရောက်ပြီဖြစ်သောကြောင့် မာန်သည် ပေါ်တီကိုအောက်အထိ ကားကိုမောင်းကာ ဆင်းပြီးနောက် ဖေဖေ့ရဲ့ရုံးခန်းထဲသို့ တန်းမတ်စွာ ဝင်လာခဲ့သည်။

မာန့်ကိုသိနေကြတဲ့ ဝန်ထမ်းအချို့ကတော့ မာန့်ကို နှုတ်ဆက်ပြုံးပြကြလေသည်။ မာန်သည် ဖေဖေ့ရဲ့အတွင်းရေးမှူး ကိုရွှေလင်းမောင်ကို ဖေဖေရှိနေရာ နေရာကိုမေးကာ သီးသန့်ခန်းဆီသို့ လျှောက်လာလျှင် Garden bristo သဖွယ် ဖန်တီးထားသော သီးသန့်ခန်းမှာ အေးအေးဆေးဆေး ကော်ဖီသောက်နေသော ဖေဖေ့ကို တွေ့ရပါသည်။

“ဖေဖေ မာန် ရောက်ပါပြီ”

“လာ ... ထိုင်လေ သမီး”

မာန်က ကြိမ်ကုလားထိုင်ကြီးမှာ ဝင်ထိုင်ပြီး ခဏမှာပဲ ဝန်ထမ်းအမျိုးသမီးတစ်ဦးက ရိုကျိုးစွာ ကော်ဖီလာချပေးပြီး ထွက်သွားပါသည်။ မာန်သည် ဖေဖေ့ရဲ့တည်ငြိမ်ခန့်ညားသော မျက်နှာကို ငေးမောကြည့်ရင်း ...





“ဖေဖေ ... မာန့်ကို ဘာပြောစရာရှိလို့လဲဟင်၊ အိမ်ရောက်မှပြောလည်း ဖြစ်တာပဲဟာကို”

“အိမ်မှာ မပြောချင်လို့ ဒီမှာ ခေါ်ပြောတာပေါ့ သမီးရယ်၊ သမီး ... ဖေဖေတစ်ခုမေးမယ်နော်၊ သမီး ကိုကိုနဲ့မမကို သမီး ဘယ်လိုသဘောထားလဲ”

ဖေဖေ့ရဲ့အထူးအဆန်း မေးခွန်းကြောင့် မာန်သည် ဖေဖေ့ကို တစ်ချက်ကြည့်လိုက်မိသည်။ ဖေဖေ ဘာတွေပြောနေတာပါလိမ့်။

“ဖေဖေကလည်း မာန်က ကိုကိုနဲ့မမကို ကိုယ့်အစ်ကိုနဲ့ အစ်မလိုပဲ သဘောထားတာပေါ့၊ ဘာဖြစ်လို့ မေးတာလဲ ဖေဖေ”

“ဖေဖေ မေးတာကိုပဲ ဖြေပါ၊ သမီး ကိုကိုနဲ့မမ သဘောတူ လက်ခံထားတဲ့ ကိစ္စတစ်ခုကို သမီးက ဆန္ဒမရှိဘူးဆိုပြီး ဖျက်ပစ်မှာလား၊ ဒါမှမဟုတ် ဘယ်လိုလုပ်မလဲ”

မာန်သည် ကိုယ့်အဖေရဲ့ မေးခွန်းအဆန်းတွေကြောင့် ထိုးတော့ ထူးဆန်းနေသည်။ မာန်က တစ်ဖွတ်ထိုးသမားမို့ ဒီလို မေးခွန်းကိုပဲ မေးတာလား။ ဒါမှမဟုတ် ကိုကိုနဲ့ မမက မာန့်ကို



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်တာ ဖေဖေ့တိုင်ထားလို့ ဆုံးမစကား ပြောရအောင် ဒီလိုမေးနေတာလား။

ဟင့်အင်း ... အဲဒီလိုလည်း မဖြစ်နိုင်ပါ။ မာန်နှင့် ကိုကို၊ မမတို့ဟာ ဘယ်တော့မှ ရန်ဖြစ်ခဲ့တာမရှိ။ ပြီးတော့ ဒီ တစ်လောမှာ ကိုကိုနှင့် သိပ်မဆုံဖြစ်ပါ။ မမနှင့် ဖုန်းပြောဖြစ်ပေမယ့်လည်း ဘာမှထူးထူးခြားခြားမရှိပါ။ မာန်သည် ဖေဖေ့မေးခွန်းအတွက် တစ်ချက် တွေဝေသွားပြီးမှ ...

"မာန်က ကိုကိုနဲ့ မမ သဘောတူတဲ့ကိစ္စကို ဘာလို့ဖျက်ရမှာလဲ ဖေဖေရဲ့"

မာန့်ရဲ့အဲဒီအဖြေစကားကြောင့် ဖေဖေသည် အနည်းငယ်ပြုံးယောင်သမ်းကာ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ...

"ဟုတ်ပြီ သမီး၊ ဖေဖေ အခုပြောတဲ့စကားဟာ သမီးကိုကိုနဲ့မမ သဘောတူ လက်ခံထားပြီးသားပါ၊ သမီးဆီက သဘောတူညီမှု တစ်ခုပဲ လိုအပ်တော့တယ်၊ သမီးကသာ သဘောတူမယ်ဆို ဖေဖေ အဲဒီကိစ္စကို အကောင်ထည်ဖော်တော့မယ်"

"ဘာများလဲ ဖေဖေ"





ဖေဖေသည် သက်ပြင်းတစ်ချက်ချကာ ကုလားထိုင်မှထ၍ မှန်ချပ်ကြီးများ ကာရံကာ အလှမွေးထားသော ရွှေငါးလေးတွေ ကန်ကိုငေးကြည့်ရင်းက အေးစက်စွာ ပြောလာသည်။

"သမီးတို့အပေါ်ကို ဖေဖေဟာ ဖခင်တာဝန်ကျေပွန်စွာနဲ့ ပညာတွေ သင်ပေးတယ်၊ သမီးတို့အလိုရှိရာကို ပိုင်ဆိုင်နိုင်အောင် စီးပွားတွေရှာခဲ့တယ်၊ သမီးတို့အတွက် ဖေဖေဟာ ဖခင်ကောင်းတစ်ယောက် ဖြစ်ခဲ့တယ်နော်"

"ဟုတ်ပါတယ် ဖေဖေ"

"ဖေဖေဟာ သမီးတို့ရဲ့ဖခင်ကောင်း ဖြစ်သလို ဒီလောကကြီးအတွက်လည်း ဖခင်ကောင်းဆိုပြီး ရဲရဲကြီး ဂုဏ်ယူချင်တယ် သမီးရယ်၊ အခုဆို သားကြီးဟာ ဆရာဝန်တစ်ယောက် ဖြစ်နေပြီ၊ သမီးကြီးကလည်း Architect ၊ သမီးမေမာန်ဆိုရင်လည်း တက္ကသိုလ်ကျောင်းသူကြီး၊ အဲဒီအတွက် ဖေဖေ သိပ်ဂုဏ်ယူတယ် ...

ဒါပေမဲ့ ဖေဖေဟာ သမီးတို့အပေါ်ကိုပဲ တာဝန်ကျေခဲ့တယ် သမီး၊ ဖေဖေ့ကို မျှော်လင့်နေရှာတဲ့သူတွေကိုတော့ ဖေဖေ လုံးဝတာဝန်မကျေခဲ့ရှာဘူး"



www.burmeseclassic.com

www.burmeseclassic.com



မာန်သည် ဖေဖေ့ရဲ့စကားတွေ နားထောင်ရင်း ခေါင်းတွေတောင် မူးချင်လာပြီဖြစ်သည်။ စကားပြော အင်မတန် ပွင့်လင်းကာ ဝေ့ဝိုက်မနေသော ဖေဖေက ဒီလောက်ထိ သွယ်ဝိုက်ပြောနေပြီဆိုကတည်းက ဘာအကြောင်းများ ဖြစ်နိုင်ပါလိမ့်။ မာန်သည် ဖေဖေ့ရဲ့ဆက်ပြောလာမည့် စကားတို့ကိုပဲ စောင့်နားထောင်နေမိသည်။

"ငွေကြေးအထောက်အပံ့ပေးရုံနဲ့ တာဝန်ကျေတယ်လို့ တစ်ချိန်က ဖေဖေ ထင်ခဲ့မိတယ်။ ဒါပေမဲ့ အဲဒါကို တာဝန်ကျေတယ်လို့ မခေါ်ဘူး သမီး၊ တကယ်တမ်း ဖေဖေဟာ ဖခင်မေတ္တာကို ပေးသင့်ခဲ့တယ်၊ ဖေဖေ မပေးမိဘူး၊ ဖေဖေ ပေးချင်ရဲ့သားနဲ့ကို ဂုဏ်သိက္ခာဆိုတဲ့ အဟန့်အတားကြောင့် ဖေဖေ မပေးခဲ့ရဘူး"

"ဖေဖေ ... ဖေဖေ ဘာကို ဆိုလိုချင်တာလဲဟင်"

မာန့်ရဲ့အမေးကို ဖေဖေက မဖြေသေးဘဲ မာန့်ကို တစ်ချက်ကြည့်လိုက်သည်။ ဘာကြောင့်မို့ ဖေဖေ ပြောရခက်နေတာလဲ။





"ဖေဖေ့မှာ သမီးတို့အပြင် သမီးလေးတစ်ယောက် ရှိသေးတယ်၊ သမီးတို့ သူ့ကိုလက်ခံဖို့ မျှော်လင့်ပါတယ် သမီးရယ်"

ဖေဖေ့ရဲ့အဲဒီစကားဟာ မာန့်ရဲ့နားထဲမှာ မိုးချိန်းလိုက်သလို အချက်ပေါင်းများစွာ မြည်ဟည်းသွားပါသည်။ အဲဒါ ... အဲဒါ ဘာသဘောလဲ။ ရုတ်တရက် ဖွင့်ဟပြောလိုက်တဲ့ ဖေဖေ့စကားသံကြောင့် မာန် မျက်ရည်တွေ ဝဲတက်လာတော့သည်။

"ဒါ ... ဒါဆို ဖေဖေ့မှာ နောက်ထပ်အိမ်ထောင်ရှိတယ်လို့ ဆိုလိုတာလား ဖေဖေ ... ဟုတ်လား"

"ဖေဖေ ပြောတာကို ခဏနားထောင်ပါဦး သမီး၊ သမီးပြီးတော့မှ ပြောချင်တာ ပြောပါ။ ဒီလိုပါ သမီး၊ ဖေဖေ အသက်နှစ်ဆယ် အရွယ်လောက်ကပေါ့၊ မန္တလေးမှာ သမီးဘိုးဘိုးရဲ့ပွဲရုံကို သွားဦးစီးရင်းနဲ့ ဖေဖေ အမျိုးသမီးတစ်ဦးနဲ့ ရည်ငံပြီး အိမ်ထောင်ကျခဲ့တယ် ...

သမီးအဘိုးနဲ့အဘွားက သဘောမတူလို့ ဖေဖေတို့ကို လိုက်ခွဲတာပေါ့၊ ဖေဖေတို့ဟာ ရှောင်ရင်းတိမ်းရင်းနဲ့ပဲ လူအင်အားသုံးပြီး ရှာဖွေခဲ့တဲ့ သမီးဘွားဘွားဟာ ဖေဖေ့ကို သူ့ရဲ့နောက်ဆုံးအချိန်မှာ တွေ့ပါရစေဆိုပြီး အမှာစကား



www.burmeseclassic.com

www.burmeseclassic.com



ပါးလိုက်တော့ ဖေဖေဟာ အရွှေ့ကိုထားပြီး အိမ်ကိုပြန်လာခဲ့ရတယ် ...

အိမ်ပြန်ရောက်တော့ သမီးအဘွားက အကြောင်းမျိုးစုံပြပြီး သမီးတို့အမေနဲ့ လက်ထပ်ပေးခဲ့တယ်၊ ဖေဖေဟာ မန္တလေးမှာ ကျန်ခဲ့တဲ့ အရွှေ့ကို လိုက်ရှာပါသေးတယ်၊ ဒါပေမဲ့ မတွေ့ခဲ့ဘူး ...

သားကြီးနေမာန် နှစ်နှစ်အရွယ်ရောက်တော့မှ ဖေဖေသူ့ကို ပြန်တွေ့ခဲ့တယ် ...

ဖေဖေ့ဘက်က သူတို့သားအမိ နှစ်ယောက်ကို မကြောင့်မကြ ထောက်ပံ့ထားပေမယ့် သမီး စဉ်းစားကြည့်စမ်း၊ သမီးတို့ကို ဖေဖေက မေတ္တာအပြည့်နဲ့ ပြုစုစောင့်ရှောက်နေချိန်မှာ သူတို့တွေ ဘယ်လိုများ ရပ်တည်နေကြမလဲ၊ ဖေဖေ့အနေနဲ့ ...”

“တော်ပါတော့ ဖေဖေ”

မာန်သည် မျက်ရည်တွေ ကျလာရင်း ဖေဖေ့ကို ငေးကြည့်နေမိသည်။ ဒီအချိန်ထိ ဖုံးကွယ်လာပြီးမှ ဘာလို့ဖွင့်ပြောရတာလဲ ဖေဖေ။ ကိုကိုနဲ့ မမကကော ဒီ ... ဒီကိစ္စကြီးကို သဘောတူ ကြည်ဖြူပေးနိုင်လား။





“ဖေဖေက အဲဒီတော့ ဘာဖြစ်ချင်တာလဲ၊ သမီးကို ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ပါ”

“ဖေဖေ ပိုးကလေးကို တရားဝင်သမီး ဖြစ်တယ်ဆိုတာကို ကြေညာချင်တယ်၊ ဦးလင်းမာန်မှာ သားသမီးလေးယောက် ရှိတယ်ဆိုတာကို အားလုံးကို သိစေချင်တယ်၊ သမီးတို့သာ ခွင့်ပြုမယ်ဆိုရင်ပေါ့”

“သူ့နာမည်က ပိုးကလေးတဲ့လား၊ သမီးကို သူ့အကြောင်း နည်းနည်းလောက် ပြောပြပါလား ဖေဖေ”

ဖေဖေက သူ့အင်္ကျီအိတ်ကပ်ထဲက ဓာတ်ပုံတစ်ပုံထုတ်ကာ မာန့်ကို လှမ်းပေးလိုက်ပြီး“သူက ပိုးကလေးပဲ သမီး” ဟု ဆိုလေသည်။ မာန်သည် ဖေဖေပေးတဲ့ဓာတ်ပုံကို ကြည့်လိုက်လျှင်တော့ ရင်ဘတ်တစ်ခုလုံး နွမ်းလျသွားတော့သည်။

သူ ... သူဟာ ...။ မာန်နှင့်ကိုကြီးကြားက အနှောင့်ခလုတ်တစ်ခု။ သူက မာန်တို့ရဲ့ အဖေတူ အမေကွဲ မောင်နှမ တော်တယ်တဲ့လား။

“သူ့နာမည်က ပိုးကလေးတဲ့၊ သမီးထက် နှစ်နှစ်ကြီးတယ်၊ ဝေမာန်က လ,ငယ်တယ်၊ စီးပွားစီမံနဲ့ ကျောင်းပြီးသွားပြီ”



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမေကကော"

"ရှိပါတယ် သမီး၊ ဒါပေမဲ့ ဖေဖေတို့ ပြတ်ပြတ်စဲစဲ ဖြစ်သွားခဲ့ပါပြီ၊ သူနဲ့အဖေ မိတ်ဆွေတွေလိုပဲ ဆက်ဆံနေကြတာပါ"

မာန်သည် ဘာစကားမှကို ဆက်ပြောချင်စိတ်လည်း မရှိတော့ပါ။ နှလုံးသားတစ်ခုလုံးမှာလည်း ဘာကိုနာလို့ နာကျင်နေမှန်းလည်း မသိပါ။ ကိုယ့်ဖခင်ကို တစ်ဝက်ပေးထားရတဲ့ သမီးတစ်ယောက်ရဲ့ သဝန်တိုမှုဟာ မာန့်မှာလည်း ရှိသလို ပိုးကလေးမှာလည်း ရှိနိုင်သည်။ ပိုးကလေးကိုသာ မာန်တို့က လက်ခံမယ်ဆိုရင် ..။

မာန်သည် မျှော်လင့်ခြင်းကြီးနေသော မျက်ဝန်းတွေနှင့် မာန့်ဆီက အဖြေစကားကို နားစွင့်နေသော ဖေဖေ့ကို မာန် ဘာပြန်ပြောရမလဲ။

"သမီး သဘောတူမှာလားဟင်"

"ဖေဖေ ဘာဖြစ်လို့ အခုချိန်မှ ပိုးကလေးကို လက်ခံဖို့ ဆုံးဖြတ်လိုက်ရတာလဲ၊ ဖေဖေ ပိုးကလေးရဲ့အမေနဲ့ ..."

မာန့်ရဲ့စကားတောင် မပြတ်သေးခင်မှာပဲ ဖေဖေက လက်ကာပြပြီး ခေါင်းယမ်းကာ ...





"မဟုတ်ဘူး သမီး၊ ဖေဖေ ပိုးကလေးကို ဂုဏ်မငယ်စေချင်တာပါ၊ ဖေဖေ သူ့ကို ဒီထက်ပိုပြီး မခံစားစေချင်တော့လို့၊ သူလည်း ဖေဖေ့ရဲ့မျိုးဆက်ပါပဲ သမီးရယ်၊ သူ့ရင်ထဲမှာ ဖခင်ရှိရဲ့သားနဲ့ ဖခင်ရဲ့မေတ္တာကို မရတဲ့ ခံစားချက်ကို သမီး ခံစားကြည့်ပါ"

မာန်သည် ကျလာသည့် မျက်ရည်စတို့ကို ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ပြီး ...

"ဖေဖေဟာ သမီးတို့ မောင်နှမသုံးယောက်ကို ဖခင်ဝတ္တရား ကျေပါတယ်၊ ဖေဖေလုပ်တဲ့ကိစ္စတိုင်းဟာ အမြဲတမ်းမှန်ကန်ခဲ့ပါတယ်၊ ဖေဖေ အခုပြောတဲ့ကိစ္စကို သမီးတစ်ယောက် အနေနဲ့ ငြင်းဆန်ပေါက်ကွဲလိုက်ချင်တယ် ...

ဒါပေမဲ့ သမီး ဖေဖေစိတ်ညစ်မှာကို မလိုလားဘူး၊ သမီးကို ကတိတစ်ခုတော့ပေးပါ ဖေဖေ၊ သမီးအတွက် အစ်မတစ်ယောက် တိုးလာတာ အကြောင်းမဟုတ်ပေမယ့် အမေကိုတော့ သမီးတို့ အစားမထိုးနိုင်ဘူး ...

ဖေဖေ ပိုးကလေးကိုပဲ အသိအမှတ်ပြုရင်တော့ သမီး လက်ခံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ သမီး၊ ပိုးကလေးရဲ့အမေကလည်း ပိုးကလေး အခြေကျသွားပြီဆိုရင် အပြီးသီလရှင်ဝတ်တော့မှာပါ၊ အဲဒီ အတွက် သမီး ဘာမှ စိတ်မပူပါနဲ့ ...

ဖေဖေ တောင်းဆိုချင်တာက ပိုးကလေးကိုသာ နွေးနွေးထွေးထွေးနဲ့ လက်ခံပေးဖို့ပါ"

မာန်က ခေါင်းတစ်ချက် ဆတ်ပြပြီးနောက်မှာတော့ ဖေဖေက မာန့်ရဲ့ဆံပင်လေးတွေကို နူးညံ့စွာ ပွတ်သပ်ပေး၍ ...

"ကျေးဇူးပါပဲ သမီးလေးရယ်၊ ဖခင်ဆိုတာ သားသမီးတွေ ကို ဘယ်တော့မှ မပျက်စီးတဲ့ မေတ္တာမျိုးနဲ့ သာတူညီမျှ ချစ်တာချည်းပါပဲ"

မာန့်ရင်ထဲမှာလည်း မေဖေ့ကို အဆုံးရှုံးမခံချင်တာ ရယ်၊ ပြီးတော့ ပိုးကလေးရဲ့ခံစားချက်ကို မာန် ကိုယ်ချင်းစာလို့ လက်ခံပေးလိုက်ရတာပါ ဖေဖေ။

မင်းနဲ့ တစ်ကြိမ်တစ်ခါတော့ ဆုံကြည့်ချင်ပါသေး တယ် ပိုးကလေးရယ်။

❦ ○ ❦





## ၁၁

ပိုးလေးသည် လက်မှ လက်ပတ်နာရီလေးကို တစ် ချက် ငုံ့ကြည့်လျှင် ဆယ်နာရီထိုးတော့မည်ဆိုတဲ့ အသိသည် နှလုံးသားကို စိမ့်ခနဲ အေးသွားရလေသည်။

မနေ့က ညနေလောက်က မေလင်းမာန်က တွေ့ရ အောင် ဟုဆိုလာသဖြင့် အိမ်မှာပဲချိန်းလိုက်တော့သည်။ သူမနဲ့ ပိုးလေးက ဘယ်လိုအခြေအနေနဲ့ စကားပြောကြမလဲဆိုတာကို တွေးပြီး ရင်ခုန်နေတာဖြစ်သည်။

အဲဒီအချိန်မှာပဲ လျှပ်စစ်ဘဲလ်သံလေး ကြားလျှင် ပိုးလေးသည် ဆတ်ခနဲ ဖြစ်သွားသည်။ ဒီအချိန်လာတဲ့ ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



ဟာ မေလင်းမာန်ကလွဲပြီး တခြားမဖြစ်နိုင်ပါ။ ခြံတံခါးကတော့ လူစောင့်က ဖွင့်ပေးမှာမို့ ပိုးလေးသည် ဧည့်ခန်းထဲမှာပဲ ထိုင်စောင့်နေလိုက်သည်။ သူမ ဝင်လာလျှင် ပိုးလေးသည် ထရပ်ကာ သူမကို တစ်ချက် ပြုံးပြလိုက်ပြီး ...

“ထိုင်ပါ မေလင်းမာန်၊ တို့ ပိုးကလေးပါ”

“မာန်လို့ပဲ ခေါ်ပါလား၊ တို့တွေ စကားအေးဆေးပြောရအောင်လေ”

ပိုးလေးသည် ငြိမ်းချမ်းတဲ့ မေလင်းမာန်ရဲ့ပုံစံကို တစ်ချက်ကြည့်ကာ ခေါင်းဆတ်ပြလိုက်သည်။ ပန်းရောင်လည်ထောင် ဘလောက်စ်တစ်ထည်ကို အသားပျော့ဘောင်းဘီဖြင့် ခပ်ရိုးရိုး ဝတ်ဆင်ထားသော မေလင်းမာန်နဲ့ ကျော့်ရှူးရှုက သာမန်နှလုံးသားနှင့် ခံစားပေးရင်တော့ အရမ်းကိုလိုက်ဖက်တဲ့ စုံတွဲဖြစ်ပါသည်။ အဲဒါကို ပိုးလေးက ခွဲစေချင်နေတဲ့စိတ်ဟာ အတော်ဆိုးသည်။

“ဖေဖေ ပြောပြလို့ တို့တွေပတ်သက်မှုကို သိပြီးပါပြီ၊ လောလောဆယ် တို့တွေ အခေါ်အဝေါ်တော့ နည်းနည်း ခက်မှာပေါ့နော်”





“ရပါတယ် မာန်၊ ကျွန်မကို အဆင်ပြေသလိုခေါ်ပါ”

မာန်က တစ်ချက်ပြုံးကာ ခေါင်းဆတ်ပြလိုက်သည်။ ပြီးတော့ မာန်က ဘာမှဆက်မပြောသေးဘဲ အကဲခတ်သလို မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ သူမ ဘယ်သူ့ကို ရှာနေတယ်ဆိုတာ ပိုးလေးက ရိပ်စားမိတာကြောင့် ...

“ဒီအချိန်ဆို မေမေ မရှိဘူး မာန်ရဲ့၊ ပုံမှန်နေ့တွေဆို ဆိုင်သွားတယ်၊ ဒီနေ့က ဥပုသ်နေ့ဆိုတော့ ဘုန်းကြီးကျောင်းသွားတယ်”

“သြော်”

ကောင်မလေးက ပိုးလေးနှင့် ဧည့်သည်သောက်ဖို့ အအေးလာချပေးလျှင် ပိုးလေးက သူမကို မေးတစ်ချက်ဆတ်ကာ ...

“သောက်လိုက်ပါဦး မာန်၊ ဒီနေ့ ကျွန်မနဲ့ တွေ့ချင်တယ်ဆိုတာ ဘာပြောစရာများ ရှိလို့လဲဟင်”

“တကယ်တော့ ပိုးကလေးနဲ့ ဆုံကြည့်ချင်တာပါ၊ မာန့်အနေနဲ့ ဘာပြောလို့ ပြောရမှန်းလဲ မသိပါဘူး၊ ဒါပေမဲ့ ဖေဖေကပြောတယ်၊ ပိုးကလေးအမေ အန်တီဒေါ်ရွှေပိုးဝါက ဒီကိစ္စတွေပြီးရင် သီလရှင် အပြီးဝတ်ပြီး သာသနာ့ဘောင်မှာပဲ နေတော့မယ်ဆိုတာ သိရပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းပြောရရင် မာန် ပိုးကလေးကို ကိုကြီး ... အဲ ... ကိုကျော်စူးရှနဲ့ ပတ်သက်ပြီး အထင်မှားခဲ့ဖူးတယ်၊ ပြီးတော့ ဖေဖေ့ရဲ့သမီးဆိုတာ သိရတဲ့အချိန်မှာ ဘယ်လိုမှ လက်မခံနိုင်ဘူး ဖြစ်ခဲ့ပါတယ်၊ ဒါပေမဲ့ မာန် ကိုယ်ချင်း စာနိုင်ပါတယ် ...

မာန်လည်း ပိုးကလေးလိုသာ ဖြစ်ခဲ့ရင်ဆိုတဲ့ အတွေး ဝင်လာမိတဲ့ အခါမှာတော့ မာန် အမြင်ကြည်သွားတယ် ...

အဲဒါလေးကို သိစေချင်တာပါ၊ မာန့်အနေနဲ့ ပိုးကလေးကို ကိုယ့်အစ်မလို သဘောထားနိုင်ပါတယ်၊ ပြောရမယ်ဆိုရင် မာန့်ရဲ့အစ်မရင်းက ဟိုမှာပဲနေတာများတော့ မာန့်အတွက် တိုးတိုးဖော်ဆိုတာ မရှိဘူး ...

မာန် ပိုးကလေးကို အစ်မလို သဘောထားလို့ရတယ်မှလား ...

တကယ်ဆို မာန်တို့က သွေးအရင်းကြီးတွေပါ၊ တစ်ဖအေတည်းက မွေးတာပဲလေ၊ ကိစ္စတွေအားလုံး ပြီးပြတ်သွားရင် မာန်တို့နဲ့ပဲ လာနေဖို့ ကြိုဆိုပါတယ်၊ အဲဒီလိုပဲ ကိုကိုနဲ့ မမကလည်း ဒီသဘောအတိုင်းပါပဲ"





ဘုရားရေ ... ဒါဟာ အိပ်မက်များလား။ အရမ်းကို ဆိုးတယ်လို့ သိထားတဲ့ မေလင်းမာန်က ပိုးလေးကို အစ်မအဖြစ် သဘောထားနိုင်ပါတယ်တဲ့။ အဲဒါဟာ စိတ်ရင်းအမှန်ဖြစ်တယ်ဆိုတာကိုတော့ ပိုးလေး ယုံကြည်ပါသည်၊

သူတို့တွေက ဖြူစင်လိုက်ကြတာ၊ မဖြူစင်ခဲ့သူကတော့ ပိုးလေးပဲ ဖြစ်လို့နေတာပေါ့။ ပိုးလေးသည် မာန်နဲ့ ကျော်စူးရှကို မတွဲစေချင်တဲ့ဆန္ဒတွေနှင့် ကျော်စူးရှဟာ ကိုယ့်ဘက် စိတ်ယိုင်လာအောင် အမျိုးမျိုး လုပ်ခဲ့သည်။ အဲဒီလို မေလင်းမာန်ကို စိတ်ဒုက္ခရောက်စေခဲ့တဲ့ ပိုးလေးက သူတို့ရဲ့မေတ္တာနဲ့ တန်ရဲ့လား။

ပိုးလေးသည် အဲဒီအတွေးကြောင့် ကိုယ့်ကိုယ်ကိုယ်လည်း လွန်စွာရှက်မိကာ မာန်တို့ကိုလည်း မောင်နှမတော်ဖို့ မျက်နှာပူလာပါသည်။ အဲဒီခံစားချက်တွေအတွက် မျက်ရည်တွေဝေ့ဝဲကျလာလျှင် မာန်က ပိုးလေးရဲ့အနားသို့ ရောက်လာကာ ပိုးလေးရဲ့လက်ဖဝါးတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း ...

"မာန်တို့တွေ ညီအစ်မအရင်းတွေလိုပဲ နေကြတာပေါ့နော် မမ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ မမ,ဆိုတဲ့ ခေါ်သံကြောင့် မိုးလေးသည် ဆတ်ခနဲ တုန်တက်သွားကာ နှလုံးသားတစ်ခုလုံးသည် ပူနွေးတုန်ယင်စွာဖြင့် တဆတ်ဆတ် ခုန်လာခဲ့သည်။ ပိုးလေးရဲ့ဘဝမှာ ဒီလို ကြည်မွေ့ဖွယ်ရာကောင်းတဲ့ အသံကို ကြားခွင့်ရခဲ့တယ်။

မေလင်းမာန်ရဲ့မျက်နှာကို ငေးကြည့်နေရင်းကမှ နှလုံးသားတစ်ခုလုံးမှာ ပူနွေးလာ၏။ သူတို့ကို ပိုးလေးက အစ်ကိုတွေ၊ အစ်မတွေ၊ ညီမရယ်ဆိုပြီး အရင်းအချာစိတ် တစ်စက်ကလေးမှမရှိဘဲ အမုန်းတွေ ပွားခဲ့ပေမယ့် သူတို့ကတော့ ကိုယ့်ကို သွေးသားရင်းလို နွေးထွေးခဲ့တယ်။

"မမစိတ်ထဲမှာ အုံ့ညြနေမှာပေါ့၊ မာန်တို့မောင်နှမသုံးယောက် သေချာစဉ်းစားပြီးမှ ဒီဆုံးဖြတ်ချက်ကို ချခဲ့တာပါ၊ တကယ်ဆို တစ်ယောက်နဲ့ တစ်ယောက်က သာတူညီမျှ အခြေအနေမျိုးပါပဲ ...

မမ အမေက ဖေဖေနဲ့ အရင်ဆုံပြီး ပထမဇနီးဖြစ်ခဲ့တယ်၊ ဒါပေမဲ့ ကံကြမ္မာရဲ့ ကျီစယ်မှုကြောင့် မာန်တို့မေမေဟာ ဒုတိယဇနီး ဖြစ်ပေမယ့် အားလုံးရဲ့အမြင်မှာ ဦးလင်းမာန်ရဲ့တရားဝင်ဇနီးမယား ဖြစ်ခဲ့ရပြန်ကော ...





နေထိုင်ရတဲ့ ဘဝပုံစံချင်း နည်းနည်းကွာခြားပေမယ့် မာန်တို့ အားလုံး ဖေဖေ့မေတ္တာရိပ်မှာ မပူမပင် မကြောင့်မကြဘဲ နှစ်ဖက်စလုံး နေနိုင်ကြတယ်လေ ...

အဲဒီတော့ ဘယ်သူသာတယ် ဘယ်သူနာတယ်ဆိုပြီး တွက်မနေတော့ပါဘူး၊ မမကိုလည်း ကိုယ့်ရဲ့အရင်းအချာလိုပဲ သဘောထားနိုင်တယ်"

အဲဒီစကားအဆုံးမှာတော့ ပိုးလေးသည် ငါတော့ မှားပြီဆိုတဲ့ နောင်တတစ်ခုနှင့် ရှက်စိတ်တွေ ကြီးစိုးကာ ခံစားရလွန်း၍ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလို့လာလေသည်။

သေစမ်း ... ပိုးကလေး။ နင် တစ်သက်လုံး တူးခါးနေအောင် မုန်းနေခဲ့တဲ့ သူတို့ဟာ နင့်ကို မေတ္တာအပြည့်နဲ့ လက်ကမ်းပေးနေကြတယ်၊ ပိုးကလေးဆိုသော အမိုက်မဟာ သူတို့ရဲ့ မေတ္တာတွေနှင့် တန်တောင်မတန်ခဲ့ပါလေ။

တစ်သက်လုံး တဆစ်ဆစ်နဲ့ အက်စစ်လို တိုက်စားနေတော့မယ့် ပိုးကလေးရဲ့ အရှက်တရားအတွက် ဂုဏ်သိက္ခာရှိစွာ မာန့်ကိုတော့ ဝန်ခံချင်ပါသေးသည်၊



www.burmeseclassic.com

www.burmeseclassic.com



"မာန် ... တို့ မင်းကို တောင်းပန်ပါတယ်လို့ပဲ ပြောပါရစေ တော့၊ မင်း တို့ကို အခုလို နွေးထွေးစွာ ဆက်ဆံနေပေမယ့် တို့ကတော့ တစ်ချိန်တုန်းက မင်းတို့သုံးယောက်ကို ခါးခါးသီးသီး မုန်းခဲ့ဖူးပါတယ် ...

ဖေဖေ့ရဲ့ တရားဝင်သားသမီးတွေဖြစ်တဲ့ မင်းတို့ရဲ့ မျက်နှာတွေကို တို့ မြင်တိုင်း မနာလိုဖြစ်ခဲ့တယ်၊ မုန်းတီးခဲ့တယ် ...

တို့ သိပ်မှားသွားတယ် မာန်၊ မင်း တို့ကို 'မမ'လို့တောင် မခေါ်သင့်ပါဘူး၊ မင်းချစ်သူ ကျော်စွာရှုနဲ့ မင်းတို့ ပြတ်သွားအောင် ကိုယ် ရည်ရွယ်ခဲ့ဖူးတယ်၊ တို့ဟာ အဲဒီလောက်ထိ အငြိုးတကြီး တုံ့ပြန်တတ်ခဲ့တဲ့ မိန်းမပါ၊ မင်းတို့ကို အဲဒီလို ကြင်နာမှုမျိုးတွေ မပေးသင့်ပါဘူး"

ပိုးကလေးက ဝန်ခံပြီးသွားလျှင် မာန်သည်လည်း မျက်ရည်တွေ ကျလာကာ ခေါင်းတဆတ်ဆတ်ညိတ်ပြရင်း ...

"မာန်သာဆိုရင်လည်း အဲဒီလို မုန်းမိမှာပါ၊ ကိုယ်ရရမယ့်နေရာမှာ တခြားသူ အစားထိုးနေတာကို မြင်နေရပြီး ကိုယ်က အပယ်ခံဖြစ်နေတဲ့ ဘဝမှာ မာန်သာဆိုရင်လည်း အဲဒီလိုပဲ ခါးခါးသီးသီး မုန်းမိမှာပါ ...





အမုန်းရဲ့နောက်က လက်စားချေတာကိုလည်း မမနဲ့ထပ်တူ လုပ်မိမှာပါ၊ မာန် နားလည်ပေးပါတယ်"

ပိုးလေးသည် စကားဆက်မပြောနိုင်တော့လောက်အောင်ကို ဖြစ်နေရတော့သည်။ လည်ချောင်းထဲမှာ တစ်ခုခုကို နင်နေသလို လည်ချောင်းဝတစ်ခုလုံး တစ်ဆို့ကာ ဘာစကားတစ်ခုမှ မပြောနိုင်တော့သော လူတစ်ယောက်အတွက် သေလို့ရတဲ့ ခံစားချက်ပါရအောင် မာန်က စကားတစ်ခွန်း ပြောထွက်ခဲ့ပါသည်။

"မမရဲ့အမေကို မာန်တို့က ကိုယ့်ရဲ့အဒေါ်ရင်းတစ်ယောက်လို သဘောထားနိုင်ပါတယ်၊ အကယ်၍ အန်တီပါ ဆန္ဒရှိရင် မာန်တို့တွေ ပျော်စရာကောင်းတဲ့ မိသားစုဘဝလေးကို ဖန်တီးကြတာပေါ့ ... နော် မမ"

"မာန်ရယ် ... တို့ ကျေးဇူးအများကြီး တင်ပါတယ်"

နောက်ဆုံးမှာတော့ ပိုးကလေးဆိုတဲ့ အမိုက်မကသာ ပတ်ဝန်းကျင်မှာ မိန်းမဆိုးအဖြစ် နာမည်တွင်ကာ စိတ်ပုပ်မကြီးလုံးလုံး ဖြစ်ရတော့မည်။ ပိုးလေး နှစ်ဆယ့်ခြောက်နှစ်စာ မုန်းလာခဲ့တဲ့ အမုန်းမြို့ရိုးကြီးဟာ မိုက်မိုက်မဲမဲနှင့် တည်ဆောက်ထားတယ်ဆိုတာ အခုမှပဲ နှောင်တရကောင်းမှန်း သိခဲ့တော့သည်။



www.burmeseclassic.com

ကျွန်မ အမှားကြီး မှားခဲ့တာ၊ ကျွန်မ ပတ်ဝန်းကျင် မှာသာမက လူတစ်ယောက်ရဲ့ နှလုံးသားကိုပါ ကျွမ်းရှစေခဲ့ပြီ ထင်ပါရဲ့။





အဖြစ်အပျက်တွေဟာ မြန်ဆန်လွန်းလှတာကြောင့် ကိုယ့်ကိုယ်ကိုယ်တောင် လုံးဝလိုက်မမီတော့ချေ။ အခုဆို လူမှန် နေရာမှန် အနေအထားကို ရောက်သွားတာ ဖြစ်သလို ပိုလေး တစ်သက်လုံး ဖြစ်ချင်နေတာတွေက တစ်မုဟုတ်ချင်းကို ဖြစ်ပျက် လို့ သွားခဲ့တာဖြစ်သည်။

မေမေက မန္တလေးက သီလရှင်ကျောင်းတိုက်မှာ အပြီး သီလရှင်ဝတ်ကာ သာသနာ့ဘောင်ထဲမှာပဲ ပျော်ရွှင်စွာနေ ထိုင်သွားတော့သည်။

ပိုးလေးကတော့ ဦးလင်းမာန်ရဲ့သမီးတစ်ယောက် အဖြစ်နှင့် မာန်ထရိတ်ဒင်းမှာ စီမံခန့်ခွဲမှုဌာနရဲ့ လက်ထောက် မန်နေဂျာ ဖြစ်လို့နေခဲ့သည်။ ရန်ကုန်မှာနေခဲ့တဲ့ အိမ်နှင့်ခြံကို အငှားပေးကာ ပိုးလေးက မာန်တို့နှင့် အတူနေခဲ့သည်။

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် နောက်ကြပြင်ချောင် ကြိုဟယ်နှင့် သိပ်ကို စိတ်ချမ်းမြေ့စရာ ကောင်းလှပါသည်။ ပိုးလေးဟာ မာန်နှင့် ညီအစ်မတော်စပ်တယ် ဆိုတာကိုတော့ ကျော်စူးရှ ခမျာ မသိရှာသေးပါ။

ကိုယ့်အမှား ကိုယ်သိကာ ရက်စိတ်ကြောင့် ကျော်စူးရှနှင့် အဆက်အသွယ် မလုပ်ဖြစ်တာဟာ နှစ်လနီးပါးတောင် ရှိချေပြီ။ မာန်ကတစ်ဆင့် သိရတာကတော့ ကျော်စူးရှဟာ ကိစ္စရှိလို့ မော်ဘီသွားတယ် ဆိုတာကိုပဲဖြစ်သည်။

ကျော်စူးရှကို ခေါင်းထဲက ထုတ်ထားပြီး အလုပ်ကိုပဲ အာရုံစိုက်လုပ်နေခဲ့သည်။ တစ်ခါတစ်ရံမှာ သတိရမိပေမယ့် အဲဒီခံစားချက်ကို မသိကျိုးကျွန်ပြုရင်းက တစ်ချိန်မှာတော့ သတိအရဆုံးအချိန်မှာ သူ့ကို ကိုယ်ထင်ပြလာသလားလို့ ထင်ရလောက်အောင် တိုက်တိုက်ဆိုင်ဆိုင် သူ့ကိုတွေ့လေသည်။

ပိုးလေးက အဲဒီနေ့က ချည့်သည်အချို့နှင့် ညစာအတူစားနေတုန်း သူ့ကို အမှတ်မထင် တွေ့လိုက်တာပဲဖြစ်သည်။ ကျော်စူးရှဟာ ဒီတစ်ခါမှာတော့ ပိုးလေးတို့ မြင်ဖူးတွေ့ဖူးနေကြမဟုတ်သည့် စတိုင်လ်မျိုးနှင့်ဖြစ်သည်။





မိုးပြာရောင်ရှပ်အင်္ကျီကို ကုတ်ထပ်ဝတ်ကာ နက်ခ်တိုင်နှင့် တကယ့်ကို အဆင့်တန်းမြင့် ဒိတ်ဒိတ်ကြဲ ပုဂ္ဂိုလ်တစ်ဦးရဲ့ အသွင်မျိုးဖြစ်သည်။ သူ့ဘေးနားမှာတော့ ပိုးလေးတို့ထက် အသက်ကြီးပုံပေါ်သည့် အမျိုးသမီးတစ်ဦး။

ညစာအတူလာစားတာကို မျက်နှာချင်းဆိုင်မထိုင်ဘဲ ဘေးချမ်းကပ်တိုင်ကာ အညှာဇယားခင်းနေသည့် သူတို့စုံတွဲကိုကြည့်ကာ ပိုးလေးသည် စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားသည်။

ဒီတစ်ခါတွေ့ရတဲ့ မိန်းမဟာ ပိုးလေး ဟိုတစ်ခေါက်ကားပေါ်မှာတွေ့ခဲ့တဲ့ အမျိုးသမီးမဟုတ်။ သူ့ကို လှမ်းဖုန်းဆက်မေးလျှင်လည်း အစ်မပါဆိုပြီး ဖြေဦးမှာလားမသိ။

ဒါပေမဲ့ ဒီပုံစံ၊ ဒီအပြုအမူတွေဟာ သာမန်တော့ မဖြစ်နိုင်ပါ။ ဘာလဲ ... ကျော်စူးရှက ဘယ်လိုလူမျိုးလဲ။ သူ မာန့်ကို ပြောထားတုန်းကတော့ မော်ဘီသွားမယ်တဲ့။ သူ ပြန်ရောက်နေတယ်ဆိုတာ မာန်ကော သိရဲ့လား။

ပိုးလေးသည် ချည့်သည်တွေနှင့် စားပြီး သောက်ပြီး အိမ်ပြန်ရောက်ရောက်ချင်းမှာပဲ အဝတ်အစားတောင် မလဲနိုင်ဘဲ မာန့်အခန်းတံခါးကို သွားခေါက်ရတော့သည်။ မာန်က ဝင်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလျှင် ပိုးလေးသည် တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်ကာ ဝင်လာခဲ့ရင်တော့ မာန်က online သုံးနေတာ ဖြစ်ပါသည်။

"မာန် ... မမ စကားနည်းနည်း ပြောချင်လို့"

"ဟုတ်ကဲ့ ... မမ ခဏလေးနော်"

ပိုးလေးသည် မာန့်ရဲ့အေးနားက ဆိုဖာခုံလေးမှာပဲ ဝင်ထိုင်လိုက်သည်။ မာန်က chatting ထိုင်တာကို ခဏရပ်ကာ ပိုးလေးရဲ့အေးခုံမှာ ဝင်ထိုင်လိုက်ရင်း ...

"ဟုတ် ... ဘာပြောမလို့လဲ မမ"

"မာန် ... ကျော်စူးရှနဲ့ တွေ့ဖြစ်သေးလား"

"ဟင့်အင်း ... မတွေ့ဘူး၊ ဖုန်းတော့ တစ်ပတ်တစ်ခါ လောက်ပဲ ပြောဖြစ်တာ၊ မော်ဘီမှာ ကိစ္စလေးတွေ မပြတ်သေးလို့တဲ့၊ ဒီလကုန် ပြန်လာမယ်လို့တော့ ပြောတာပဲ"

"သူ ပြန်ရောက်နေပြီ မာန်၊ မမ သူ့ကို အခုပဲ တွေ့လိုက်တယ်"

"ဟင် ... ဟုတ်လား"

အဲဒီ ဟုတ်လားဆိုတဲ့ အသံမှာ သိသိသာသာ အသံအား ပျော့နေတာကို တွေ့ရပါသည်။ မာန်ရယ် ... မင်း





လောက် ကျော်စူးရှကို ချစ်တာလည်း မင်းပါပဲ။ ဒါတောင် မင်းရဲ့အချစ်နဲ့ သူ့ကို မချည်နိုင်ဘူးလား။

"ကျော်စူးရှကို ဒီတိုင်း လွှတ်မထားနဲ့ မာန်၊ မမက စေတနာနဲ့ သတိပေးတာပါ၊ သူဟာ အရည်အချင်း ရှိပေမယ့် သူ့ဖြတ်သန်းမှုက light ဖြစ်လွန်းသလိုပဲ၊ မမ လေ့လာမိတာကို ပြောတာနော်"

"ကျေးဇူးတင်ပါတယ် မမရယ်၊ မာန့်ကို အကြံလေး ဘာလေး ပေးပါဦး၊ မာန် ကိုကြီးကို ဘယ်လိုချည်ထားရမလဲ ဟင်၊ သူ့စိတ်တွေက မာန့်ဆီမှာ မရှိဘူး၊ တခြားတစ်ယောက်ဆီ ရောက်နေတယ်၊ မာန်လေ ကိုကြီးကို အရမ်းချစ်တာပါ မမရယ်၊ သူ့ကို လက်တွဲဖော် အဖြစ်လည်း ရည်ရွယ်ထားတယ်"

ခွင့်လွှတ်ပါ မာန်။ မင်းကို ဒီလောက်ထိ ဒုက္ခပေးမိတယ်ဆိုတာ တို့ တကယ် မသိပါဘူး။ မင်း ပြောသလိုဆို သူ့စိတ်တွေဟာ ဘယ်သူ့ဆီကို ရောက်နေနိုင်မလဲ ? ။ တစ်ခုခုကို သိထားတဲ့အတွက် ပိုးလေးသည် နှလုံးသားတစ်ခုလုံး အောင့်မျက်လို့ လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း … ကျော်စူးရှရယ်။ ကျွန်မတို့တွေအတွက် ကန့်သတ်ထားတဲ့ နေရာကနေ မကျော်လွန်တာဟာ အကောင်းဆုံးပါပဲ။

"မာန် ချစ်တယ်ဆိုရင် ချစ်တာနဲ့ပဲ သူ့ကို ချည်ထားလို့ မရဘူး၊ အချစ်ဆိုတဲ့ သဘောထားက လိုက်ရင်ပြေးတတ်တယ်၊ လျှော့လွှန်းရင်လည်း လျှော့လွှန်းတယ်၊ တင်းလွန်းရင်လည်း ပြတ်တတ်တယ် …

ယောက်ျားလေးတစ်ယောက်ရဲ့အချစ်က ဘာနဲ့တူသလဲဆိုရင် လှိုင်းနဲ့တူတယ်၊ လှိုင်းတွေက ကျောက်ဆောင်ကို အားပြင်းပြင်းနဲ့ ရိုက်ပုတ်လိုက်တယ်၊ ပြီးတော့ သူမဟုတ်သလို ရေအဖြစ်နဲ့ ပြန်လျှောချပစ်လိုက်တယ် …

အဲဒီလိုပဲ ယောက်ျားတွေဟာလည်း မရခင်တော့ ကိုယ့်ရင်ကို လာမှန်စေတဲ့ ဗျူဟာမျိုးစုံနဲ့ ချဉ်းကပ်ကြတယ်၊ ရသွားတော့လည်း အေးဆေးပါဆိုတဲ့ အထာကြီးနဲ့ ပြန်လျှောချသွားတယ် …

ဆိုလိုတာက ကိုယ့်ကို လိုက်ခဲ့တုန်းက romantic ဆန်ဆန် ရင်ခုန်သံတွေ တစ်နေ့တစ်မျိုး မရိုးအောင်ပေးခဲ့





ပေမယ့် တကယ်ရသွားတဲ့ အခါမှာတော့ ကိုယ့်ကိုလိုက်စဉ်ကလောက် romantic မဖြစ်တော့ဘူး၊ အဲဒါလေးကို ပြောချင်တာပါ …

မာန့်အတွက် ဒီစကားက မုန်ချင်မှလည်း မှန်မှာပါ၊ ယောက်ျားအားလုံးကို မဆိုလိုပါဘူး၊ တချို့တလေ အများအားဖြင့်ပေါ့ … ဟင်း ဟင်း"

ပိုးလေးရဲ့ အဲဒီစကားကြောင့် မာန်က အားကျသလိုငေးကြည့်နေသည်။ မအံ့သြပါနဲ့ မာန်။ တို့ မင်းကို ကျော်စူးရှနဲ့ ပျော်ပျော်ရွှင်ရွှင် လက်တွဲသွားရမယ့် အခြေအနေထိရောက်အောင် ကူညီမှာပါ။ တို့ရဲ့ပေးဆပ်မှုက နှလုံးသားတစ်ခုတည်းပါ။ မင်း ပျော်ရပါစေမယ် မာန်။

"မာန်လေ မမဲ့ကို အရမ်းသဘောကျတယ်၊ ဒီလိုအကြံဉာဏ်ပေးတဲ့ မမကို ရထားတာ မာန့်အတွက်တော့ တကယ်ကုသိုလ်ထူးတာပဲ …

မမ ပြောတာ သိပ်မှန်တယ် သိလား၊ ကိုကြီးက မာန့်ကို စလိုက်တုန်းကတော့ အရမ်း romantic ဆန်တာ၊ မာန်က သူ့ရဲ့ဝတ်စားပုံ၊ ပြီးတော့ မာန့်ကိုချစ်တတ်ပုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မို့ စွဲလမ်းသွားတာ၊ မာန်နဲ့ရည်းစားတွေဖြစ်ပြီးသွားတော့ ကိုကြီးက အရင်လို romantic လည်း မဖြစ်တော့ဘူး”

“အင်း ... ဒါပေမဲ့ သူက မာန့်ကိုချစ်ပါတယ်၊ ဒါနဲ့ မာန်သူ့အကြောင်းတွေ ဘယ်လောက်သိထားလဲဟင်”

“မသိပါဘူး မမရယ်၊ မာန်က သူ ပြောပြတာလောက်ပဲသိတယ်၊ ကိုကြီးက မိသားစုအကြောင်းမေးရင် မာန့်ကိုအော်တော့တာပဲ”

မိသားစုအကြောင်းမေးရင် မာန့်ကိုအော်တယ်။ အဲဒါဆို ကျော်စူးရှက ပိုးလေးလိုပဲ ထိခိုက်ခံစားခဲ့ရလို့လား။ ပိုးလေးလည်း မာန့်ကိုမေးမှ စဉ်းစားမိတယ်။ ပိုးလေးသည်လည်း ကျော်စူးရှ အကြောင်း ဘာတစ်ခုမှ မသိဘူးဘဲ။

အင်း ... လှို့ဝှက်ပြီး တစ်ခါတစ်ခါမှာ ကြေကွဲနေတတ်တဲ့ ဒီလိုမိုးကျရွှေကိုယ် အမျိုးသားရဲ့အကြောင်းကို ပိုးလေးသိသင့်သည်ဟု ထင်မိပါသည်။ ဒီတစ်ခါကတော့ နှလုံးသားနှင့်အရင်းပြုထားသော မာန့်အတွက် နှလုံးသား ပေးဆပ်ရန် ပိုးကလေးက ဖဲကြိုးချည်ပြီး သူတို့လက်အပ်ဖို့ပဲ ကျန်တော့တာဖြစ်သည်။

❦ ○ ❦





## ၁၂

ကိုယ့်နှလုံးသားကို လျစ်လျူရှုကာ တစ်စက်ကလေးမှ ငုံ့မကြည့်ဘဲ ခက်ထန်မာကျောနေရတဲ့ အဖြစ်ဟာ တော်တော်နာကျင်စရာ ကောင်းလှပါသည်။ ဒီလောက်တောင် ဝတ်မှုတ်ခေါင်းပါးခဲ့ရတဲ့ မေတ္တာအတွက် ကိုယ့်ကိုယ်ကိုယ် သနားမိကာ တစ်ဆိတ်တော့ မျက်ရည်ကျရပါသည်။

ဘဝမှာ ဘယ်လိုဆုတောင်းနဲ့ မွေးလာခဲ့လို့ ပိုးလေးရဲ့ဘဝဟာ မေတ္တာမပြည့်စုံမှန်းကို မသိပါ။ ဖခင်မေတ္တာကို လိုချင်လွန်းခဲ့တဲ့ အချိန်မှာ ချစ်သူဆီက မေတ္တာအရိပ်အယောင် ရခဲ့သည်။ ဖခင်မေတ္တာ ရပြီဆိုတော့ ချစ်သူဆီက ချစ်ခြင်းမေတ္တာကို စွန့်လွှတ်ရတော့မည့် အဖြစ်မျိုးနှင့် ရင်ဆိုင်နေရသည်။

www.burmeseclassic.com



ဒါပေမဲ့လည်း အဲဒီအတွက် နမြောတသခြင်းတော့ မရှိခဲ့ပါ။

အဲဒီအတွက်လည်း နာကျင်မှုကို ဖျောက်ဖျက်၍ စွန့်လွှတ်ဖို့ အရင်းအနှီးတွေ ပေးနေရတာဖြစ်သည်။ ပိုးကလေးသည် အလွှတ်ရနေတဲ့ သူ့ဖုန်းနံပါတ်လေးကိုနှိပ်ကာ ဖုန်းခေါ်လိုက်တော့သည်။ ဖုန်းက လိုင်းချက်ချင်းဝင်သွားသလို ကိုင်တဲ့သူကလည်း ချက်ချင်းပင် ဖုန်းကိုင်ပါသည်။

"ဟယ်လို ... မတွေ့ရတာ ကြာပြီနော်၊ ဘယ်ဆီကို မင်းရောက်နေလဲ ပိုးကလေး"

အဲဒီကြည်ရှရှိုသာတဲ့ စကားသံကြောင့် ပိုးလေးသည် ပို၍ခံစားရပါသည်။ ကျွန်မနဲ့ နောက်ဆို အဲဒီလိုပြောခွင့်မရှိတော့ဘူး ကျော်စူးရှ။

"အင်း ... မတွေ့တာကြာပြီ၊ ရှင့်ကို ဒုက္ခပေးစရာရှိလို့ ဖုန်းဆက်လိုက်တာ"

"ဟာ ... ဒီကလည်း ဒုက္ခခံချင်နေတဲ့သူ ဆိုတော့ အဆင်သင့်တာပေါ့၊ give me your ဒုက္ခ"





ပိုးလေးသည် သူ မကြားအောင် သက်ပြင်းတစ်ချက် ကျိတ်ချလိုက်သည်။ ရှင့်အတွက်တော့ ချိုမြိန်ဒုက္ခဖြစ်ကောင်းဖြစ်နိုင်တယ်။

ကျွန်မအတွက်တော့ ရင်ကွဲခံပြီး ရှင့်အကြောင်းသိအောင် စုံစမ်းရမယ့်ဒုက္ခမျိုးပါ ကျော်စူးရှရယ်။

"ဒီလိုပါ ကျော်စူးရှ၊ ကျွန်မလေ ယတြာချေစရာလေးတစ်ခုရှိလို့ ရှင် ကျွန်မနဲ့ shopping အတူ ထွက်ပေးနိုင်မလားဟင်"

"ဘယ်လို ... သွားတာက ရပါတယ်၊ မင်းပြောတဲ့ ယတြာဆိုတာက ..."

"အဲဒါလေ ... ယတြာက တနင်္လာသားနဲ့အတူ shopping ထွက်လိုက်ပါတဲ့"

"ဟား ... ယတြာက လန်းလှချည်လား၊ အိုခေ ... ကိုယ်ညီမှာပေါ့၊ ဘယ်အချိန်လဲ"

ပိုးလေးသည် ဆင်ထားတဲ့ခွင်ထဲတော့ ဝင်လာပြီဖြစ်သဖြင့် ညစ်ကျယ်ကျယ် တစ်ချက်ပြုံးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်နာရီလောက် ကျွန်မ ရှင့်အိမ်ကို လာခေါ်လိုက်မယ်လေ၊ ဗေဒင်ဆရာက ကိုယ့်ကို ယတြာချေပေးတဲ့သူ့အိမ်ကို သွားခေါ်ပြီးမှ ယတြာစ,ပါလို့ ပြောလို့ပါ ...

ရှင့်အိမ်လိပ်စာ ပြောလေ၊ ကျွန်မ လာခေါ်မယ်"

"ဟင် ... အိမ်လာခေါ်မယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာလို့လဲ"

ပိုးလေးသည် သူ့ကို နည်းနည်းတော့ သံသယဝင်လာမိလေသည်။ အိမ်လာခေါ်မယ်ဆိုတဲ့ စကားဟာ သူလိုယောက်ျားလေးတစ်ယောက်အတွက် ဒီလောက်အထိ တုန်လှုပ်သွားဖို့မလိုအပ်ပါ။

အဲဒါကို ပိုးလေးအား ထပ်ဆင့်အမေး ပြန်ပြုတယ်ဆိုကတည်းက သူ့မှာ အကြံအစည် တစ်ခုခုတော့ ရှိရပေမည်။ အဲဒါ ဘာလဲ ဖော်ထုတ်ရပေမည်။

"သြော် ... ဘာမှမဖြစ်ပါဘူး၊ ပိုးကလေးက သက်သက်လာခေါ်မှာဆိုတော့ အားနာလို့ပါ"

"ရတယ် ... ကျွန်မကိုသာ ကူညီပါ ကျော်စူးရှရယ်၊ ဖြစ်တယ်မှလား"





ပိုးလေးရဲ့စကားကြောင့် သူက စကားပြန်မပြောသေးဘဲ နည်းနည်းတော့ တွေဝေနေပုံရပါသည်။ ဒါဆိုရင်တော့ သူဟာ သိပ်တော့ မဟုတ်သေးပါ။ အတန်ငယ် ကြာတော့မှ ခပ်လေးလေး အသံဖြင့် ...

"အင်း ... ရပါတယ်၊ ကိုယ်က လမ်း(၅၀)မှာ နေတာပါ၊ အိမ်နံပါတ်(--)သုံးလွှာ။ ပိုးကလေး ရောက်ရင်ပြောလေ ကိုယ် ဆင်းလာခဲ့မယ်"

ပိုးလေးသည် ကိုယ်လိုချင်တာကို ရပြီဖြစ်သောကြောင့် ကျေနပ်ပြုံး တစ်ချက်ပြုံးကာ ...

"အိုခေ ... ဒါဆို ခဏနေ ဆုံတာပေါ့နော် ... ဘိုင့်"

ပိုးလေးသည် အရင်ဦးအောင်ဖုန်းချလိုက်ပြီးနောက်မှာတော့ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်တော့သည်။ ဒီကနေ့ အဲဒီစစ်ဆင်ရေးကို လုပ်ချင်လွန်းလို့ကို နေမကောင်းဘူး အကြောင်းပြချက်နဲ့ ကုမ္ပဏီကို ဒီနေ့မသွားတာဖြစ်သည်။

ပိုးလေးသည် ရေမိုးချိုးပြီးနောက်မှာတော့ မျက်နှာကို ထူးထူးထွေထွေ ပြင်ဆင်ခြယ်သခြင်း မရှိပါ။ နှီရည်နှစ်စက်လောက် ပွတ်လိမ်းကာ puff ရိုက်သည်။ ပြီးသည့်နောက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



နဂိုတည်းက လှသည်ဟု နာမည်ကြီးတဲ့ မျက်ဝန်းတွေအတွက် eye shadow တွေ၊ mascara တွေရဲ့ အထောက်အပံ့ကိုပါယူကာ ညို့အားပြင်း မျက်ဝန်းဖြစ်အောင် smokey eye အသွင် ခြယ်သလိုက်သည်။

ကျော်စူးရှဟာ ပိုးလေးနှင့်တွေ့ရင်တော့ များသောအားဖြင့် အလန်းစားတွေ ဝတ်တတ်တာဖြစ်သည်။ မာန်နှင့်တွေ့ရင် သူက ဘာကိစ္စ ပုဆိုးနဲ့ရုပ် လုပ်နေရတာလဲ ? ။ အဲဒါလည်း မသင်္ကာစရာဖြစ်သည်။

သူ့ကိုတစ်ခါတွေ့တိုင်း fashion စတိုင်က တစ်ခုပြောင်းနေတာကတော့ မဟုတ်သေးပါ။ အဲဒါကိုက အထာရှိသည်။ ပိုးလေးသည် အခုမှ တွေးလေလေ ပဟေဠိတွေ များလာလေလေ ဖြစ်တဲ့ ကျော်စူးရှကို တေးတော့ တေးထားလိုက်လေသည်။

ပိုးလေးသည် ဝတ်နေကျ ပေါ့ပေါ့ပါးပါးပုံစံအတိုင်း vest အစိမ်းရောင်စွပ်ကျယ်ကို ဖေဒါရောင်အကွက်ကျဲကျဲပါသည့် အောက်လ်တာရှပ်နှင့် ထပ်ဝတ်ကာ Nobody ဂျင်းတစ်ထည်ဖြင့် အငြိမ်ဒီဇိုင်းဝတ်ဆင်ကာ အားလုံး စိတ်တိုင်းကျသွားရင်တော့ သူ့ဆီကို ထွက်လာခဲ့တော့သည်။





ပိုးလေး ရောက်သောအခါမှာ သူကလည်း အားလုံးပြင်ပြီးဆင်ပြီးကာ လေ့ကားရင်းမှာ စောင့်နေတာဖြစ်သည်။ မမျှော်လင့်ဘဲ သူနှင့်ကိုယ် စတိုင်လ်သွားတူနေတဲ့ အဖြစ်ကတော့ အံ့သြစရာ ကောင်းလှပေသည်။

"အိမ်ပေါ်တက်ဦးလေ ပိုးကလေး"

police ရဲ့ latest design တပ်ထားသော သူဟာ မျက်မှန်တပ်ထားလည်း မိုက်တယ်၊ မတပ်လည်း မိုက်တယ်ဆိုတဲ့ အစားမျိုးထဲကဖြစ်သည်။ ပိုးလေးသည် သူဟာ ကိုယ်နဲ့လားလားမှ မဆိုင်ဟု တွေးလိုက်ကာ ခေါင်းတစ်ချက်ခါလိုက်သည်။ အဲဒီလို ခေါင်းခါတာဟာ သူ့အမေးကို ငြင်းသလို ဖြစ်သွားသည့် အတွက် ပိုးကလေးက ဆက်လိုမ့်ရတော့သည်။

"တော်ပြီ ... ယဉ်ကြာချိန်က နီးနေပြီ၊ ကားပေါ်တက်တော့"

"အိုခေ ... အိုခေ"

သူက ရှေ့ခန်းတံခါးကို ဖျတ်ခနဲဖွင့်ကာ ဇွေ့ခနဲ ဝင်ထိုင်လျှင် ပိုးလေးရဲ့ရင်တွေ နည်းနည်းခုန်သွားရသည်။ အို... သွားစမ်းပါ။ ကျော်စူးရှက နင့်နဲ့မဆိုင်ဘူးနော် ပိုးကလေး။

"Junction centre (Mawtin) ပဲ သွားမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒီ Shopping သွားဖို့ အစီအစဉ်ဟာ သူ့အိမ်လိပ်စာ သိချင်တာကြောင့် ဆွဲခဲ့ရတာဖြစ်သည်။ သူနှင့် ပိုးလေးသည် ဟိုဟိုဒီဒီပတ်ကာ ထွေလီကာလီ ဝယ်ပြီးနောက် ဖုဒ်ကော့တစ်ခုမှာ ဝင်စားကြရင်းနှင့် သူက မျက်မှန်ကို နဖူးပေါ် ပင့်တင်ကာ ...

"မင်း မျက်မှန်မချွတ်တော့ဘူးလား"

သူ့အပြောကြောင့် ပိုးလေးသည် ရှက်ရယ်တစ်ချက် ရယ်ကာ မျက်မှန်ကို ဘီးကုပ်သဖွယ် ပင့်တင်လိုက်ပြီး နောက်မှာတော့ သူ ငေးခနဲ ဖြစ်သွားတာကို သတိထားမိသွားပါသည်။ သူ ငေးကြည့်နေတာဟာ ပိုးလေးရဲ့မျက်ဝန်းတွေကိုပဲဖြစ်သည်။

"မင်းမျက်လုံးတွေက Lustrous ဖြစ်တယ်၊ ပြီးတော့ colour တင်ရင် တင်သလောက် တက်လာတယ်၊ စပါးကြီးမြွေ ဆယ့်နှစ်ကောင်ရဲ့အကြည့်နဲ့ ကြည့်တယ် ဆိုသလိုမျိုးပေါ့ မင်း အရမ်းကို ညှို့အားပြင်းပါတယ် ပိုးကလေး"

"ဟား ဟား ... အရောက်ကို ပို့ပေးနေတာပေါ့"

အဲသလိုမျိုး နောက်ရွှတ်ရွှတ် ပြောလိုက်ပေမယ့် ပိုးလေးရဲ့ ရင်ထဲမှာ ကျေနပ်တာ၊ ဝမ်းနည်းတာ တစ်ပြိုင်တည်း





ဖြစ်ပျက်သွားတယ်ဆိုတာကို သူတော့ သိမယ်မထင်ပါ။ သူက အရမ်းဆွဲဆောင်မှုရှိသော အပြုံးတစ်ခုဖြင့် တစ်ခုခုပြောတော့မည် အပြုမှာ ပိုးလေးရဲ့ဖုန်းက မြည်လာ၍ စကားစပြတ်သွားတော့သည်။

"ခဏလေး ကျွန်မ ဖုန်းကိုင်လိုက်ဦးမယ်"

သူက ခေါင်းတစ်ချက် ဆတ်ပြလျှင် ပိုးလေးသည် ဖုန်းကိုင်လိုက်တော့သည်။

"ဟယ်လို"

"အေး ... ပိုးလေးရေ၊ အစ်မ ကေရီပါ"

ကေရီ။ ဒီအမျိုးသမီးဟာ ပိုးလေးတို့ အရင်နေတဲ့ ခြံဘေးက ခြံနီးချင်းတွေဖြစ်သည်။ အပျိုကြီးဖြစ်ပြီး သုံးမကုန်နိုင်တဲ့ စည်းစိမ်တွေကို ယပ်ခတ်စားနေရတဲ့ ဒေါ်ခင်ကြီးကျယ် ဖြစ်ပါသည်။ သူက ပိုးလေးကို ဘာလို့ ဖုန်းဆက်ရတာပါလိမ့်။ အတော်ရင်းနီးကြပေမယ့် ဖုန်းတွေ ဘာတွေတော့ ဆက်တာမရှိဘူးပါ။

"ဟုတ်ကဲ့ အစ်မ ... ပြောပါ"

"ပြောမှာ ... ပြောမှာ ... အခု ပိုးလေးနဲ့အတူ ထိုင်နေတဲ့ အကောင်က ကျော်စူးရှမှလား"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... အဲဒါ ... အဲဒါကို မကေရီက ဘယ်လိုသိသလဲ။ သူ ပိုးလေးတို့နှင့် အနီးဆုံးမှာ ရှိနေတာပေါ့။

"ဟုတ်တယ် ... ဘာဖြစ်လို့လဲ အစ်မ"

"ဖြစ်တယ် ပိုးလေးရေ၊ ငါ ဒီမှာ ဈေးလာဝယ်ရင်းနဲ့ နှင်တို့အတွဲကို လှမ်းတွေ့လိုက်လို့၊ ပိုးလေး ... နင် ကျော်စူးရှကို ဖြတ်လိုက်တော့၊ ဒီကောင်က လူကောင်းမဟုတ်ဘူး၊ နင့်ဆီက အရေခွံခွာဖို့အတွက် ကပ်နေတာ၊ ငါ ခံရပြီးပြီ"

ဘာလဲ ... ဘာတွေလဲ။ ပိုးလေးသည် အဲဒီစကားတွေကို လိုက်တောင်မမီတော့ချေ။

"အဲဒါ ဘာအဓိပ္ပာယ်လဲ အစ်မ"

"ဟဲ့ ... သူက ပိုင်းလုံးဟဲ့၊ တစ်ခါ ငါ သိန်းရှစ်ဆယ် အဘတ်ခံလိုက်ရတယ်ဆိုတာ သင်း ဝိုက်သွားတာလေ"

ပိုင်းလုံးတဲ့။ ပိုးလေးသည် အဲဒီစကားကြောင့် အသက်ရှူရပ်မတတ်တောင် ခံစားသွားရတော့သည်။ ကျော်စူးရှက ပိုင်းလုံးတဲ့လား။ အဲဒါဆိုရင်တော့ ပြဿနာက အကြီးကြီး ဖြစ်သွားပေပြီ။

"အစ်မ ... ကျွန်မ ဒီနေ့ညနေ အစ်မဆီ လာခဲ့မယ်၊ ရှိမလား၊ အဲဒီမှာ ဆက်ပြောတာပေါ့"





"အေး ... လာခဲ့ ပိုးပိုးရေ ... လာခဲ့၊ ငါက ဒီကောင့်ကို တစ်စက်ကလေးမှ ကျေတာမဟုတ်ဘူး ... ကိုယ့်ဖောင်းလ်မို့ ငြိမ်နေရတာ"

"ဟုတ်ကဲ့ အစ်မ၊ အဲဒါဆို ညနေမှ ဆုံမယ်နော်"

ပိုးလေးရဲ့ အတုန်တုန် အယင်ယင်ဖြင့် ပြောဆိုနေပုံကို သူက အကဲခတ်ကြည့်ကာ ...

"ဘာဖြစ်လို့လဲ ပိုးကလေး ... r u ok"

အဲဒီလို စွဲလမ်းဖွယ်စကားတွေကို ပြောတတ်တဲ့သူဟာ မ,ကျမ်းကျေနေတဲ့ ပိုင်းလုံးတဲ့လား။ ပိုးလေးသည် သူ့ရဲ့ မသတီစရာအပြုံးကို ကြည့်ကာ ကိုယ့်ကို တစ်ချိန်လုံး ဘတ်ထားခဲ့သော သူ့ကို ရွံလာသည်။ ဒါပေမဲ့ ဒီစကားမှန်ဖို့အတွက် အတည်ပြုရနိုင်ရန် အချိန်တစ်ခုတော့ စောင့်ရဦးမည်။ ပိုးလေးသည် ဟန်မပျက် အပြုံးတစ်ခုကို ပြုံးလိုက်ကာ ...

"အိုခေပါတယ်၊ ကဲ ... ပြန်ကြရအောင်လေ၊ ဒီနေ့ ယတြာလည်း အောင်မြင်သွားပြီ၊ ကျော်စူးရှကို ကျေးဇူး အများကြီး တင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကိုယ်က မင်းအတွက်ဆို အမြဲအဆင်သင့်ရှိနေတဲ့သူပါ ပိုးကလေးရယ်"

ဟုတ်လား။ ရှင် အဲဒီစကားမျိုးကို ဒီလိုပဲ ပြောနေကြပဲ မှလား။ ပိုးကလေးသည် အခုမှ မင်းသားခေါင်းဆောင်းထားမှန်း သိခဲ့ရတာဖြစ်သည်။ အဲဒီလိုလူမျိုးဟာ မာန့်ကို ချဉ်းကပ်တာကကော ...။

ရှင်းပါသည်။ မာန်ဟာ ဦးလင်းမာန်ရဲ့ အငယ်ဆုံးသမီးတစ်ယောက် ဖြစ်သည်ဆိုတဲ့ အချက်ကပင် သူ ဘာခြေလှမ်းလှမ်းတယ်ဆိုတာ သေချာခဲ့ပြီ။

အဲဒီလိုယောက်ျားမျိုးကိုမှ ချစ်မိခဲ့တဲ့ နှလုံးသားအတွက် ရက်စက်ခဲ့ရတာဖြစ်သည်။

❦ ○ ❦





"ရှင် ... သေချာပါတယ်နော် အစ်မ"

ပိုးလေးသည် အံ့သြလွန်း၍ သေချာအောင် နောက်တစ်ခါ ထပ်မေးရတာဖြစ်သည်။ ပိုလေး တစ်ချိန်လုံး အထင်ကြီးလာခဲ့တဲ့သူက ဒီလိုမျိုးလား။

မကေရီပြောနေတာတွေက အမှန်ဆိုတာကို ယုံကြည်ပါသည်။ ဘာလို့လဲဆိုတော့ ပိုးလေး ကိုယ်တိုင် ကျော်စွာရှန့် မိန်းမတွေ တွဲသွားတွဲလာကို မြင်ဖူးခဲ့တာကြောင့်ဖြစ်သည်။

"သေချာပါတယ် ပိုးလေးရယ်၊ ကျော်စွာရှက ဖျဟ့်၊ သိပ်လည်တာ၊ မိန်းမတစ်ယောက် သူ့ကို ပြိုဆင်းသွားအောင် အကွက်ရွှေ့နိုင်တယ်၊ ငါ့တုန်းကလည်း သူ့ကို အလဲအကွဲကို ကြွေတာပေါ့ဟယ်၊ တကယ်လည်း ယုံလောက်အောင် ကောင်းပြခဲ့တာကိုး ...



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းတာတောင်မှ နူးနူးညံ့ညံ့ စကားလေးတွေနဲ့ သူ ငါ့အကြောင်း စဉ်းစားရင်း ကား accident ဖြစ်သွားလို့ လျော်ရတော့မယ်၊ မ,လုံးဝ ဒီကိစ္စကို ခေါင်းထဲမထည့်ပါနဲ့တွေ ဘာတွေနဲ့ ငါ သေလောက်အောင်ကို ခြွေချတော့ ငါ အမ်းလိုက်တာပေါ့၊ နောက်မှ ဒီကောင်က ဖြတ်စာပေးမှ အခြူဇယား ပိုင်းလုံးမှန်း သိတော့တာ"

ပိုးလေးသည် မဇကာရီပြတဲ့ (သူပေးထားသော)ဖြစ်စာကို ဖတ်ကြည့်လိုက်လျှင်ဖြင့် အားလုံးဟာ ရှင်းလင်းလို့သွားပေပြီ။ ကိုယ့်နှလုံးဟာ မိတ္တူတွေတစ်ပုံကြီး ဆွဲထားပြီးသားပါတဲ့။ အရမ်းကို ပြောင်မြောက်တဲ့ စကားတစ်ခုပါပဲ။

"ဒါနဲ့ ပိုးလေးနဲ့ သူ သိတာကြာပြီလား၊ ရည်းစားတွေကော ဖြစ်သွားပြီလား"

"ကျွန်မတို့ ဘာမှမဖြစ်သေးပါဘူး အစ်မ"

"တော်သေးတာပေါ့ ပိုးလေးရယ်၊ သူ့အကြောင်းတွေ သိပြီဆိုတော့ ကိုယ် နောက်ဆုတ်လို့ ရတာပေါ့ ...

အစ်မက ပိုးလေးကို မဖြစ်သင့်တာ မဖြစ်စေချင်လို့ပါ"





"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အစ်မ"

အဲဒီလို ပြောလိုက်ပေမယ့် ပိုးလေးဟာ မဇကာရီ တားမြစ်ထားသလို နောက်ဆုတ်လိုက်မှာတော့ မဟုတ်ပါ။ အချိန်တစ်ခုအထိ ယုံကြည်အောင် လှည့်စားနေခဲ့တဲ့ သူ့ရဲ့ဇာတိရုပ် အမှန်က သိပ်မကြာခင်မှာ ပေါ်လာတော့မှာပါ။

သူ့အတွက် ခံစားခဲ့ရတဲ့ ရင်ခုန်သံတွေ အချစ်တွေဟာ သူ ဘာလဲဆိုတာ သိခဲ့ရတဲ့ အခါမှာတော့ ဘယ်လိုမှ ခံစားပေးနိုင်စွမ်း မရှိတော့။ ခါးသီးနာကျင်စရာတွေ များလွန်းခဲ့တဲ့ ကိုယ့်ဘဝမှာ နောက်ထပ် နာကျင်စရာတွေ ထပ်ပေးခဲ့သည့် ဒီလူ့အတွက် ဘယ်လိုစီရင်ရမလဲ။

သေချာတာကတော့ ပိုးလေး သူ့ကို မုန်းလို့ရနေတဲ့ အခြေအနေမျိုး ဖြစ်ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ကျော်သည် ကိုယ့်အပေါ်မှာ ပလိန်းကြီး အစိမ်းဖြတ်ကာ ကန်စွန်းရွက်ချည်းကျွေးနေသော ပိုးကလေး တစ်ယောက်ဟာ သူ့ကို ဘာဖြစ်လို့ ဒီလိုဖြစ်သွားတာလဲ ဆိုတာ မစဉ်းစားတတ်ပါ။

နှလုံးသားထဲမှာ သူမတစ်ယောက်ဟာ နက်နက်ရှိုင်းရှိုင်း ရှိနေပြီဆိုတာကို သူမနဲ့ဝေးသလို ရှိနေချိန်မှာမှ အတိအကျ သိလိုက်ရတာဖြစ်သည်။ ပိုးကလေး အခုလို ရုတ်တရက်ကြီး သူ့ကို စိမ်းသွားတဲ့အခါမှာ သူဟာ တကယ်ပဲ နေမထိထိုင်မသာ ဖြစ်ခဲ့ရသည်။





ဒီနေ့တော့ သူမက ချိန်းထားတာကြောင့် ကျော်သည် အင်းလျားက ခုံတန်းလျားလေးမှာ လာစောင့်နေတာဖြစ်သည်။ ခဏအကြာမှာတော့ သူမက မျက်နှာတစ်ဝက်လောက်ဖုံးထားသော ဗစ်တိုးရီးယားမျက်မှန်တပ်ကာ ထီမထင်ဒီဇိုင်းနှင့် လျှောက်လာသော သူမရဲ့ခြေလှမ်းတွေဟာ သူ့နှလုံးသားဆီကို တစ်လှမ်းခြင်း လျှောက်နင်း ဝင်ရောက်လာသလိုပင်။

မင်းကို ချစ်တယ်လို့ ဖွင့်မပြောထွက်လောက်အောင်ကို ချစ်နေပါတယ် ပိုးကလေးရယ်။

မင်းဟာ ငါ မမုန်းခဲ့တဲ့ တစ်ဦးတည်းသော မိန်းကလေးပါ ချစ်သူ။

"ရောက်နေတာ ကြာပြီလား ကျော်စူးရှ၊ ကျွန်မ ရှင့်ကို ဒီနေ့ ပြောစရာရှိလို့ ချိန်းလိုက်တာပါ"

အေးစက်ပြတ်သားစွာ ပြောနေသော ပိုးကလေးရဲ့ စကားသံတွေထဲမှာ ဘာလို့ တုန်ခါမှုတစ်ခု ရှိနေရတာလဲ။

မင်းလည်း ဘာတွေခံစားနေရလဲ ပိုးကလေးရယ်။

"ဘာပြောမလို့လဲ ပိုးကလေး"



www.burmeseclassic.com

www.burmeseclassic.com



"မာန်နဲ့ အဆက်အသွယ်ဖြတ်ပါ၊ မာန့်ကို လုံးဝမပတ်သက်ပါနဲ့ ကျော်စူးရှ"

ဟား ... အဆန်းပါလား။ ကျော်သည် မာန်နဲ့ပတ်သက်တဲ့ကိစ္စကို ပိုးကလေး ပြောတဲ့အတွက် နည်းနည်းတော့ ထူးဆန်းပါသည်။

မာန်နဲ့သူဟာ လုံးဝအပြတ်ကြီး မဟုတ်သေးပေမယ့် ပြတ်သလိုတော့ ရှိသွားပြီ ဖြစ်သည်။ ဒါကလည်း သူ့ဘက်က လုံးဝအဆက်အသွယ် ဖြတ်ထားလိုက်လို့ဖြစ်သည်။

"ကိုယ်နဲ့ မာန်က ပြတ်သွားကြပါပြီ ပိုးကလေးရယ်"

"ရှင် ဘယ်တော့မှ သူနဲ့ထပ်မဆက်ဖို့ အရေးအကြီးဆုံးပါပဲ၊ သူ့ကို လွှတ်ပေးလိုက်ပါ ကျော်စူးရှ"

"ဘယ်လို ... လွှတ်ပေးလိုက်ပါ၊ ဟုတ်လား"

အဲဒီစကားက ဘာလဲ။ ဘာအဓိပ္ပာယ်ကို ရည်ရွယ်ပြောတာလဲ။ ပိုးကလေးရဲ့မျက်နှာဟာ အပြုံးအရယ် ကင်းမဲ့စွာ တင်းထန်ပြတ်သားနေတာကို သူ သတိထားမိသည်။ ပိုးကလေး ဘာကို သိနေလို့လဲ။ ပိုးကလေးက သူ့ ... သူ့ရဲ့ ...။





သူ သဘောပေါက်နေပြီဖြစ်သည်။ ပိုးကလေး ဘာကိုသိလာတယ်ဆိုတာ သူက ရိပ်မိသလို ရှိလာသောအခါမှာတော့ သူဟာ ပိုးကလေးရဲ့ပခုံးကို ခပ်ကြမ်းကြမ်း လှုပ်ကိုင်ကာ ...

"မင်း ဘာတွေ သိနေလဲ ပိုးကလေး"

သူ့ရဲ့လက်တွေကို ဖြုတ်ချလိုက်ပြီး မဲ့ပြုံးတစ်ချက်ပြုံးကာ ...

"မသိပါဘူး၊ ရှင် အဲဒီလောက် မတုန်လှုပ်သွားပါနဲ့ ကျော်စူးရှရဲ့"

သွားစမ်း ...။ ကိုယ့်ကို အဲဒီအပြုံးတွေနှင့် မခနဲ့ပါနဲ့။ မင်း ကိုယ့်ကို အဲဒီလိုမျိုး မထင်ပါနဲ့။

ကျော်သည် ဆုံးဖြတ်ချက်တစ်ခုကို အမြန်ဆုံး ချလိုက်ကာ သူမရဲ့လက်ကောက်ဝတ်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ...

"မင်းတို့ ထင်နေတဲ့ အကြောင်းအရာတစ်ခု ဘာကြောင့်လဲဆိုတာကို ကိုယ် မင်းကို ပြောပြမယ် ပိုးကလေး၊ တစ်နေ့ကျရင် မင်းကို ပြောပြမယ်လို့ ကိုယ် ပြောခဲ့ဖူးတယ်နော်၊ အခု ပြောဖို့အချိန်တန်နေပြီ ...

လာ ... လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ပိုးကလေးရဲ့လက်ကိုဆွဲကာ လှည့်အထွက်မှာတော့ ပိုးကလေးက သူ့လက်တွေကို ဆောင့်ရုန်းကာ ...

"ဘာလုပ်တာလဲ၊ ဘယ်သွားမလို့လဲ"

"ကိုယ် ဘာလို့အဲဒီလို ဖြစ်ရတယ်ဆိုတဲ့ အကြောင်းတရားတွေရှိတဲ့ နေရာကို မင်းကို ခေါ်သွားမလို့၊ မင်းလိုက်ခဲ့မှ ဖြစ်မယ် ပိုးကလေး"

ကျော်က တောင်းပန်တိုးလျှိုစွာ ပြောလိုက်လျှင်တော့ ပိုးကလေးက သူခေါ်ရာနောက်ကို လိုက်လာခဲ့ပါသည်။ သူက ကားတံခါးဖွင့်ကာနီးမှာတော့ တစ်စုံတစ်ရာကို သတိရသွားပြီး ...

"မင်း ကားပါလား ပိုးကလေး"

"မနက်ကတည်းက ပျက်နေလို့ ဝပ်ရှော့ပို့ထားတယ်၊ Taxi နဲ့လာတယ်"

အဲဒါကိုက သူ့အတွက် ကောင်းသည့်ကံကြမ္မာဖြစ်သည်။ ကျော်သည် ခေါင်းတစ်ချက် ဆတ်ပြကာ ပိုးကလေးကို ရှေ့ခန်းမှာ ဝင်ထိုင်စေပြီး သူက ကားမောင်းတဲ့ဘက်မှာ ဝင်ထိုင်လိုက်ပြီး ကားကို မောင်းထွက်လာခဲ့သည်။ အတန်ကြာ ငြိမ်သက်တွေဝေနေတဲ့ ပိုးကလေးဟာ သူ့ကို တစ်ချက်ကြည့်လျက် ...





"ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ ကျော်ရူးရ"

"ကိုယ် ခဏခဏပြောနေတဲ့ မှော်ဘီကခြံကို သွားနေတာ အဲဒီမှာပဲ ကိုယ် မင်းကို စကားပြောလို့ရမယ် ...

မင်း စိတ်ချပါ၊ ကိုယ်ဟာ မင်းကို မှဲ့တစ်ပေါက်မှ မစွန်းစေရဘဲ အိမ်ပြန်ပို့ပေးပါမယ်၊ ကိုယ့်ကို ယုံပါ"

သူ့ရဲ့ပြတ်သားတည်ငြိမ်သော ကတိစကားကြောင့် ပိုကလေးက ယုံကြည်သွားသလိုဖြင့် ဘာမှဆက်မပြောတော့ချေ။ သူကလည်း ရင်ဘတ်တစ်ခုလုံး ဆူညံပေါက်ကွဲစွာဖြင့် စကားမဆိုမိဘဲ ကားကို ဂရုတစိုက် မောင်းလာမိသည်။

သူ့ဘဝရဲ့ဇာက်ဖဲတစ်ချပ်ကို သူကိုယ်တိုင် ဖွင့်ပြသင့်ပြီ။ မင်းတစ်ယောက်ကြောင့် ကိုယ့်အယူအဆတွေ တိမ်းစောင်းသွားခဲ့ရတယ် ပိုးကလေး။

ကျော်သည် လမ်းတစ်လျှောက်လုံး ဘာစကားမှမပြောဘဲ ကားကိုသာ အာရုံစိုက် မောင်းနေမိသည်။ မှော်ဘီက သူ့ခြံရှေ့သို့ ရောက်လျှင် တံခါးဖွင့်ပေးဖို့ ဟွန်းပေးလိုက်လျှင် ပိုကလေးက သူ့ဘက်ကို တစ်ချက်ကြည့်ကာ ...

"ဒီခြံကြီးထဲမှာ ရှင်နဲ့ ကျွန်မပဲ ရှိမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အိမ်သားတွေ ရှိပါတယ် ပိုးကလေး၊ ကိုယ့်မိသားစုတွေနဲ့ မင်းကို မိတ်ဆက်ပေးပါ့မယ်"

ခြံစောင့်က တံခါးလာဖွင့်ပေးလျှင် သူသည် ကားကို တန်းမတ်စွာ ပေါ်တီကိုအောက်သို့ မောင်းလာခဲ့သည်။ သူက ကားပေါ်က ဆင်းလိုက်သည်။ သူက ဖျတ်ခနဲ ပိုးလေးရဲ့လက်ကို ဆွဲကာ အိမ်ထဲသို့ ဝင်လာလေသည်။ ဘာလို့ မရှန်းမိမှန်းလဲ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိတော့ပါ။

အိမ်ထဲသို့ ဝင်လျှင်ဝင်ချင်းမှာပဲ တိတ်ဆိတ်သည့် ခံစားချက်တစ်ခုက တိုးဝင်လို့ လာလေသည်။ ဒီလောက်ခမ်းနားတဲ့ အိမ်ကြီးထဲမှာ ဘာလို့ ခြောက်သွေ့နေရတာလဲ။

"သားငယ် ... ဒီနေ့ လာတယ်"

အဲဒီအသံကြောင့် ပိုးလေးသည် ဘယ်သူလဲ ကြည့်လိုက်ရင်တော့ အစိမ်းရောင်ရင်ဖုံးကို ပါတိတ်အကောင်းစားဖြင့် အထက်တန်းကျကျ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။ ကျော်သည် ပိုးလေးကိုပါခေါ်လာ၍ ထိုအမျိုးသမီးရှိရာသို့ လျှောက်လာကာ ကျွန်းသားကနုတ်ပန်းများဖြင့် အလှပုံဖော်ထားသည့် ဆိုဖာမှာ ထိုင်လိုက်ပြီး ...





"မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုယ့်ရဲ့ကြီးတော်ကြီး ဒေါ်မိုးမိုးအေးပါ၊ ကြီးမိုး ... သူက ပိုးကလေးတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် သမီး"

"ဟုတ်ကဲ့"

ပိုးလေးသည် ခေါင်းတစ်ချက်သာ အသိအမှတ်ပြုသလို ဆတ်ပြလိုက်သည်။ အခုချိန်ထိ ဒီကိုရောက်နေတာဟာ ဘာအတွက် ဆိုတာကို ရေရေရာရာ မသိသေးပါ။

"ကြီးမိုး ... ဖေဖေကော"

"သူ့အခန်းထဲမှာ ရှိတယ်"

"ကျွန်တော် သွားကြည့်လိုက်ဦးမယ်၊ ကျွန်တော်တို့ နေ့လယ်စာ မစားရသေးဘူး၊ ခြံထဲမှာပဲ စီစဉ်ပေးပါ ကြီးမိုး"

"ကောင်းပါပြီကွယ်"

ကြီးမိုးဆိုသော အမျိုးသမီးက ထကာ အနောက်ဘက်သို့ ဝင်သွားလေတော့သည်။ ကောင်မလေးတစ်ယောက်က အအေးခွက်တွေ လာချပေးလျှင် ကျော်သည် ပိုးလေးကို တစ်ချက်ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သောက်လိုက်ပါဦး ပိုးကလေး၊ ကိုယ့်ဖေဖေနဲ့ မိတ်ဆက်ပေးပါဦးမယ်"

အနည်းငယ် ထူးခြားနေသော ဒီအိမ်ကြီးထဲမှာ ကျော်စူးရှရဲ့ လျှို့ဝှက်ချက်တွေ ရှိနေတယ် ဆိုတာကို ပိုးလေး ယုံကြည်မိပါသည်။ ဧည့်သည်တွေရဲ့ထုံးစံအတိုင်း ပိုးလေးက မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်လျှင် ဘွဲ့ဓာတ်ပုံနှစ်ပုံကို တွေ့ရလေသည်။

တစ်ပုံက ကျော်စူးရှရဲ့ပုံဖြစ်ပြီး နောက်တစ်ပုံကတော့ အမျိုးသားတစ်ဦးရဲ့ပုံဖြစ်သည်။ ပိုးလေးရဲ့အကြည့်က အဲဒီဓာတ်ပုံကို ရောက်နေတယ်ဆိုတာ သူက သတိထားမိသောအခါ ...

"အဲဒါ အစ်ကိုကြီး ဇော်စူးရှတဲ့၊ သူက ဒီမှာပဲ ခြံလုပ်ငန်းလုပ်တယ်၊ ညနေကျမှ အိမ်ပြန်လာတာလေ၊ ကဲ ... လာ ကိုယ့်ဖေဖေနဲ့ မိတ်ဆက်ပေးမယ်"

ပိုးလေးဟာ အခုချိန်ထိ ဘာမှ ရေရေရာရာနားမလည်သေးဘဲ သူဆွဲခေါ်ရာ အိမ်အပေါ်ထပ်သို့ ယောင်ချာချာဖြင့် ပါလာရတော့သည်။ အပေါ်ထပ်သို့ရောက်လျှင် အခန်းတစ်ခုကို ဖွင့်လိုက်လျှင် သူနာပြုကောင်လေးတစ်ယောက်ကို တွေ့ရလေသည်။





ပြတင်းပေါက်မှန်ချပ်တွေကတစ်ဆင့် အပြင်ကိုငေးကြည့်နေသော ဝှီးချဲလ်တစ်လုံးပေါ်က အမျိုးသားကြီးတစ်ဦးရဲ့ ငိုင်တိုင်တိုင် ပုံစံဟာ ရင်ထဲမှာ ဆို့နင့်သွားတော့သည်။

ကျော်သည် ခါတိုင်းမြင်နေကြလို ရဲရင့်ပြတ်သားထက်ရှနေသည့် မျက်ဝန်းတွေပျောက်ကွယ်ကာ နူးညံ့ကာ ကြေကွဲနေသည့် မျက်ဝန်းတွေနှင့် ငေးကြည့်၍ တစ်လှမ်းစီ လျှောက်သွား၍ ဝှီးချဲလ်ကို ပိုးလေးနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် လှည့်ပြီးနောက် ကျော်သည် အဲဒီအမျိုးသားကြီးရဲ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်လေသည်။

ဘုရားရေ ... ကျော်စူးရှ ငိုနေတာလား။ သူ့ပါးပြင်ပေါ်မှာ နှင်းရည်တို့လို စိုစိုလေး ဖြစ်နေပါလား။

ရှင့် ဘာကြောင့် ဒီလောက် ကြေကွဲခံစားနေတာလဲ။

ဝှီးချဲလ်ပေါ်က အမျိုးသားကြီးသည် ခေါင်းငိုက်စိုက်ချကာ တစ်နေရာကို ကြောင်ပြီးကြည့်နေသည်။ ရှင်လျက်နှင့်သေနေသော ပုံစံမျိုးဖြစ်သည်။ အဲဒါ ကျော်စူးရှရဲ့ဖေဖေ ဆိုတာလား။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုယ့်ဖေဖေ ဦးကျော်ဇောပဲ၊ ဖေဖေက စိတ်ဝေဒနာ ခံစားနေရတာပါ"

"အို"

ကျော်စူးရှကလည်း ဖခင်နှင့် ပတ်သက်ပြီး ခံစားချက်တွေ ရှိနေတာလား။ အဲဒီခံစားချက်ကြောင့် ကျော်စူးရှက ဒီလိုဖြစ်ရတာလား။

"ဖေဖေ နေရတာ သက်သာရဲ့လားဟင်၊ အခုခေါ်လာတာ သားအတွက် အရမ်းလိုအပ်နေတဲ့သူပါ၊ ပိုးကလေးလို့ ခေါ်ပါတယ် ဖေဖေ"

အို ... ကျော်စူးရှအတွက် ပိုးလေးက အရမ်းလိုအပ်နေတဲ့သူ။ ဟင့်အင်း ... အဲဒီလို ဖြစ်လို့မရဘူး ကျော်စူးရှရဲ့။ ရှင်ဟာ မာန့်အတွက်ပဲ။ ဒါပေမဲ့ အခုအခြေအနေက မာန်နှင့်လည်း မထိုက်တန်ဘူး။

ကျော်စူးရှက သူ့ဖခင်ကို နှုတ်ဆက်ပြီးနောက်မှာတော့ ပိုးလေးဆီကို လျှောက်လာကာ ကြေကွဲနွမ်းလျတဲ့ မျက်ဝန်းတွေဖြင့်ကြည့်ကာ ...





"ကိုယ်တို့ နေ့လယ်စာ စားရအောင်၊ ပြီးရင် ကိုယ့်ဘဝအကြောင်းကို အားလုံး ပြောပြပါ့မယ် ပိုးကလေး ...

မင်းကို အိမ်သားအားလုံးက အထူးအဆန်းလို ကြည့်နေရတာကို စိတ်ထဲမထားပါနဲ့၊ ကိုယ့်ဘဝကို မင်းသိသွားရင် နားလည်သွားမှာပါ"

ပိုးလေးက ပြုံးရုံသာ ပြုံးနေလိုက်ပါသည်။ လှို့ဝှက်စွာ ရပ်တည်နေတဲ့ ဒီအမျိုးသားဟာ သူနေထိုင်တဲ့အိမ်၊ သူ့အဆင့်အတန်းတွေနှင့် သူဟာ ဘာလို့ မိန်းကလေးတွေနှင့် တွဲသွားတွဲလာလုပ်ပြီး ခြူစားနေရတာလဲ။

သူနှင့်အတူ ခြံထဲမှာ နေ့လယ်စာ စားပြီးနောက်မှာတော့ သူက ရေကူးကန်နားက ခုံတန်းလေးကို ခေါ်သွားကာ ထိုင်စေပြီးမှ ဘောင်းဘီအိတ်နှစ်ဖက်ထဲသို့ လက်လျှိုထည့်၍ ငေးရီရီ ရေကူးကန်ကို ကြည့်နေခဲ့သည်။

"ဒီရေကူးကန်လေးမှာ ကိုယ်ရယ်၊ ကိုယ့်အစ်ကိုရယ်၊ အဖေနဲ့ အမေရယ် ပျော်ပျော်ပါးပါး အပန်းဖြေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကိုယ်တို့မိသားစုတွေ ဒီခြံလေးကို ဝယ်ခဲ့ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဝင်သွားသည့် သူ့အသံရဲ့နောက်ကွယ်မှာ လှိုက်ခတ်တုန်ခါနေပါသည်။ ပိုးလေးသည် ကျော့်စူးရှရဲ့ဘေးတိုက်မြင်နေရတဲ့ မျက်နှာလေးကို ငေးကြည့်ရင်းနှင့် ရင်ထဲမှာ တလှိုက်လှိုက်တက်လာခဲ့သည်။ သူက ရေကူးကန်လေးကို ငေးကြည့်ကာ စကားဆက်ပြောပါသည်။

"ကိုယ့်ဘဝမှာ မိခင်မေတ္တာကို ဘယ်တုန်းကမှ မခံစားရခဲ့ဖူးဘူး၊ ကိုယ် အမုန်းဆုံးလူဟာ ကိုယ့်အမေပါဆိုရင် လူတွေက ကိုယ့်ကို အံ့သြကြတယ်၊ နှာခေါင်းရှုံ့ကြတယ် ...

ဒါပေမဲ့ ကိုယ် ဘာလို့မုန်းတာလဲလို့ သူတို့ ဘယ်တုန်းကမှ မမေးခဲ့ကြသလို ကိုယ်ကလည်း ဘယ်တော့မှ မဖြေချင်ခဲ့ဘူး၊ ကိုယ် ရှစ်တန်းလောက်မှာ ကိုယ့်အမေဟာ အိမ်ထောင်ရေးဖောက်ပြန်မှုကို ကျူးလွန်ခဲ့တယ် ...

ကိုယ်တို့ စိတ်ဆင်းရဲမှာစိုးတဲ့ ဖေဖေဟာ အမေရဲ့ ဖောက်ပြန်မှုကို သိနေပေမယ့်လည်း လက်ကြိတ်ထိုးရင်းခဲ့တယ်၊ အမေ့ကို ဖျောင်းဖျခဲ့တယ် ...

ဒါပေမဲ့ မွှန်နေတဲ့ အမေဟာ ဘာကိုမှ မထောက်ထားတော့ဘဲ အတွင်းပစ္စည်းတွေနှင့် ပိုက်ဆံတော်တော်





များများကိုယူပြီး ကိုယ်တို့သားအဖကို ရက်ရက်စက်စက် စွန့်ပစ်သွားခဲ့တယ် ...

မင်း စဉ်းစားကြည့်စမ်း ပိုးကလေး၊ ရှစ်တန်းကျောင်းသားတစ်ယောက်ရဲ့ ရင်ထဲက နာကျင်ကြေကွဲနေတဲ့ ခံစားချက်တွေကို ပိုနာသထက်နာအောင် တွန်းအားပေးခဲ့တာဟာ ကိုယ်တို့ပတ်ဝန်းကျင်က အတင်းပြောတဲ့ မိန်းမတွေပဲ ...

ကိုယ့်ဖေဖေဟာ အဲဒီရှက်စိတ်နဲ့ပဲ အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့ရတယ်၊ ကိုယ့်အစ်ကိုက အဲဒီအချိန်တုန်းက ဆေးကျောင်းသား ပထမနှစ်၊ မျှော်လင့်ချက်တွေနဲ့ တစ်နေ့ ငါ ဆရာဝန်ဖြစ်ရမယ်ဆိုတဲ့ အညွန့်တလူလူ စိတ်ဓာတ်တွေဟာ အမေ့ကြောင့် အညွန့်ကျိုးသွားခဲ့တယ် ...

ရေနစ်သူကို ဝါးကူထိုးနေကြတဲ့ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုတွေကြောင့် အစ်ကိုက စိတ်ဓာတ်တွေကျပြီး အဝေးသင် ပြောင်းလိုက်တယ် ...

ဘယ်လိုမှ နေလို့မရတော့တဲ့ အဆုံးမှာတော့ ကိုယ်တို့တွေ ဒီမှာလာပြီး ဓာတ်မြှုပ်နေကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာစကားမှ ဆက်မပြောနိုင်သေးဘဲ မျက်ရည်တွေ ရစ်သိုင်းတက်လာပါသည်။ မျက်ရည်တွေကျတော့မယ့် စိတ်ဒဏ်ရာ ရထားတဲ့ ကျော့်စူးရှကို သူမ ဘယ်လိုနှစ်သိမ့်ပေးရပါ့။ ရှင်ဟာ ကျွန်မထက်တောင် ခက်ခဲ့တဲ့ဘဝကို ဖြတ်သန်းလာခဲ့ရတာပါလား။

"ကိုယ့်အဖေကတော့ depression ဝင်ပြီး နောက်ဆုံးမှာ စိတ်ဝေဒနာခံစားခဲ့ရတယ်၊ အဖေ့ရဲ့ခံစားချက်တွေကို နားလည်နိုင်တဲ့ ကိုယ်တို့ ညီအစ်ကိုနှစ်ယောက်မှာ ကိုယ်က အငြိုးတေးကြီးကြီးနဲ့ တစ်ချိန်ချိန်မှာ အဖေ့အတွက် လက်တုံ့ပြန်နိုင်ဖို့ ကိုယ် အမြဲတမ်း တွေးနေခဲ့တယ် ...

အမေ့ကိုတောင် ခါးခါးသီးသီး မုန်းနေတဲ့ ကိုယ်လိုလူဟာ မိန်းမတွေအားလုံးကိုလည်း မုန်းတယ်။ အဲဒီလို မုန်းလွန်းလို့ ကိုယ်ဟာ ပိုင်းလုံးကောင်ဆိုတဲ့ ဂုဏ်ပုဒ်ကို ယူပြီး သူတို့တွေကို လက်စားချေခဲ့တယ် ...

အမေ့ကြောင့် ဝေဒနာခံစားနေရတဲ့ အဖေ့ရဲ့ဆေးဖိုးဝါးခကို ကိုယ်ဟာ အဖေကော ကိုယ်ကော သိပ်မုန်းတဲ့ မိန်းမတွေဆီက ရအောင်ပိုင်းပြီး ကုန်စေတယ်၊ အဲဒါဟာ ကိုယ့်ရဲ့စိတ်ထွက်ပေါက်ပေါ့"





"ဒါပေမဲ့ ရှင် အဲဒီလိုလုပ်တာကို ရှင့်အဖေသိရင်ကော ကျေနပ်နိုင်ပါ့မလား ကျော့်စူးရှရယ်"

ပိုးလေးရဲ့စကားကြောင့် သူဟာ ပိုးလေးဘက် ကို လှည့်လာကာ စူးစူးရဲရဲ စိုက်ကြည့်၍ ...

"အမေ့ကြောင့် မျက်ရည်ကျခဲ့တဲ့ အဖေ့ရဲ့ရောဂါဝေဒနာကို ပြန်ပေးဆပ်ဖို့အတွက် မိန်းမတွေဟာလည်း မျက်ရည်ကျရမယ်၊ သူတို့ကို အချိုသပ်ပြီး သူတို့ရဲ့ပိုက်ဆံတွေကို ရအောင်ခြုံရတာလောက် စိတ်ကျေနပ်ဖို့ကောင်းတဲ့ကိစ္စမရှိဘူး၊ အဖေ ကျေနပ်မှာပါ ပိုးကလေး"

သွားပြီ ... တစ်ဖက်စွန်း ရောက်နေတဲ့ သူ့အတွေးတွေ သူ့ခေါင်းထဲမှာ မရှိတော့ရင် သိပ်ကောင်းမှာပဲ။ ရှင့်ရဲ့ခံစားချက်တွေကို နားလည်ပေးနိုင်ပေမယ့် အဲဒီပိုင်းလုံးဆိုတာ ရှင့်ဘဝကို အသေသတ်မယ့် ဂုဏ်ပုဒ်ဆိုတာ ရှင့်ကို သိစေချင်တယ်။

ကျွန်မရဲ့ ရှင့်ကို အရည်အချင်းရှိတဲ့ယောကျ်ားကောင်း ဖြစ်စေချင်တာပါ ကျော့်စူးရှရယ်။

"မေလင်းမာန်ကို ပတ်သက်ခဲ့တာကလည်း အဲဒီရည်ရွယ်ချက်နဲ့ပဲ ဒါပေမဲ့ သူ့ရဲ့ဖြူစင်မှုကြောင့် သူ့ကို အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်တော့ဘူး၊ သူ့ဆီက ငွေမလိုချင်တော့ဘဲ စိတ်ဆင်းရဲမှုတွေ မျက်ရည်တွေကိုပဲ ကိုယ် ရအောင်ချူခဲ့တယ်၊ ကိုယ်က မျက်ရည်လိုချင်တဲ့ ပိုင်းလုံးတစ်ယောက်အဖြစ်နဲ့ မေလင်းမာန်ကို ပိုင်းခဲ့တယ်"

ဒါပေမဲ့ မင်း တစ်ယောက်ကိုတော့ ကိုယ် ဘယ်လိုမှ မမုန်းနိုင်ခဲ့ဘူး၊ မင်းကို မုန်းဖို့ကြိုးစားရင်းနဲ့ ကိုယ် မင်းနဲ့ နီးသထက် နီးလာတယ်၊ မင်းကို ကိုယ် သေလောက်အောင် ချစ်သွားတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် အရမ်းမုန်းမိတယ်"

ကြည့်စမ်း ... သူ ပိုးလေးကို ချစ်ခဲ့တာပေါ့။ အဲဒီလိုပဲ ပိုးလေးကလည်း သူ့ကို ရူးသွပ်စွာ မိုက်မဲစွာ။ ဟင့်အင်း... မဖြစ်သင့်ဘူး။ သူဟာ မာန်နှင့် မဆိုင်တော့လည်း ပိုးလေးနှင့် မဆိုင်ဘူး။

"ဘဝမှာ ဘယ်တော့မှ ဖြစ်မလာတော့ဘူးလို့ ထင်ထားခဲ့တဲ့ မိန်းမတစ်ယောက်အတွက် ချစ်ခြင်းမေတ္တာတွေ ကိုယ့်နှလုံးသားထဲကို ဘယ်အချိန်က ရောက်လို့ရောက်နေမှန်းတောင် မသိခဲ့ဘူး ...





ကိုယ် သိလိုက်ရတဲ့ အချိန်မှာ ကိုယ်ဟာ နာကျင်လွန်းလို့ ရှိုက်ကြီးတငင်ငိုခဲ့ဖူးတယ်၊ ဘယ်တုန်းကမှ ကိုယ် နောင်တမရခဲ့ဖူးတဲ့ ပိုင်းလုံးအလုပ်အတွက် ကိုယ် နောင်တရခဲ့တယ် ...

ကိုယ့် image ကြောင့် မင်း ကိုယ့်ကို မုန်းလာမယ့်နေ့ကို ကိုယ်က ရင်ကွဲခံပြီး စောင့်နေခဲ့မိတယ် ...

ကိုယ် မင်းကို သိပ်ချစ်လွန်းလို့ ...

ဘယ်တော့မှ မပြောတော့ဘူးလို့ ဆုံးဖြတ်ခဲ့ပေမယ့် ကိုယ် ပြောမိသွားပြီ၊ ကိုယ့်ကို မင်း မုန်းနိုင်ပါပြီ ပိုးကလေး၊ မင်း ရေကုန်ရေခန်းကို မုန်းပါ၊ ကိုယ့်လို ပိုင်လုံးတစ်ယောက်ရဲ့ ချစ်ခြင်းကို ခံရတဲ့အတွက် မင်း အော်ဂလီဆန်ပါ ... ခါးသီးပါ"

"တော်ပါတော့၊ ဆက်မပြောပါနဲ့တော့ ကျော်"

ပိုးကလေးသည်လည်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ သူ့ရှေ့သို့ လျှောက်သွားသည်။ မျက်ရည်စတွေနဲ့ ရင်ကွဲနေရှာမယ့် သူ့ကို ပိုးလေးက မုန်းနိုင်းတိုင်း မုန်းလို့ရမတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း ရှင့်ကို ရူးလောက်အောင်ကို ချစ်တာပါ ကျော်စူးရှရယ်။ ဘယ်တော့မှ ဖွင့်ဟဝန်မခံတော့မယ့် ကမ္ဘာမြေမှာ မကြေညာတော့မယ့် ကိုယ့်ရဲ့ချစ်ခြင်းအတွက် ရှင့်ကို မနာကျင်စေပါဘူး။

ဘယ်တော့မှ ဖွင့်မပြောချင်တဲ့ ရှင်နဲ့ ဘယ်တော့မှ ဝန်မခံချင်တဲ့ ပိုးလေးတို့အတွက် အသံတိတ်ဝန်ခံချက်ဟာ မျက်လုံးတွေမှာ ဖော်ပြနေခဲ့သည်။ စူးရှလင်းလက်နေတဲ့ မျက်ဝန်းတွေရဲ့ အတွင်းဆုံးပိုင်းမှာ လင်းလဲ့နေတဲ့ ချစ်ခြင်းတွေအတွက် ပိုးလေးတို့ ဘာလုပ်ရမှာလဲ။

ကျောခိုင်းရပ်သင့်နေတဲ့ လူသားနှစ်ဦးကမှ မျက်နှာချင်းဆိုင် တည့်တည့်လာဆုံစေခဲ့တဲ့ ကံကြမ္မာဟာ ကောင်းတာလား။ ဆိုးတာလား။

ချစ်သူကို ချစ်တယ်လို့ မပြောချင်ခဲ့သလို ချစ်တယ်လို့လည်း ဝန်မခံချင်တဲ့ သူတို့အတွက် ရင်ခုန်သံတွေသာ ကြားစေခဲ့ပါသည်။

သူ့ကိုနှောင်တွယ်ထားတဲ့ လက်တွေက နွယ်ကြိုးတွေလို ရစ်ပတ်နေခဲ့သည်။ ချစ်တယ် ... ချစ်တယ်။ အဲဒီအတွက်





ပိုးလေး ဘာကိုမှ မမြင်နိုင်ခဲ့တော့ပါ။ မြူနှင်းတောထဲမှာ စမ်းတဝါးဝါး လမ်းလျှောက်နေရင်း သူ့ရင်ခွင်သည်သာ ခိုလှုံစရာအဖြစ် သတ်မှတ်ခဲ့ပါသည်။

အချစ်ဆိုတာ ... ..."

အမုန်းဆိုတာ ... ..."

အချစ်ဆိုတာ ... ..."

အမုန်းဆိုတာ ... ..."

ဟင့်အင်း ... အချစ်ကိုပဲ မမုန်းနိုင်ကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

သူနှင့် ကိုယ်ဟာ တစ်ချိန်မှာ ချစ်သူတွေဖြစ်သွားကြဖို့ကိစ္စဟာ ဘယ်လိုမှ မျှော်လင့်မထားခဲ့တာ ဖြစ်ပါသည်။ အဲဒီနေ့က သူ့ကို ဒီလောက်ထိ သတိလက်လွတ် ချစ်မိသွားတာကိုက ပိုးလေးအတွက် အံ့သြစရာဖြစ်သည်။

နှလုံးသားဖွင့်ပြခန်းအတွက် ရလဒ်အနေဖြင့် သူနှင့် ပိုးလေးဟာ တရားဝင်ချစ်သူတွေ ဖြစ်သွားခဲ့သည့်အတွက် ပိုးလေးဟာ မာန့်ကို ရင်တောင်မဆိုင်ရဲပါပေ။ သူကတော့ မာန်နှင့်တွေ့ကာ အပြီးလမ်းခွဲလိုက်ပါပြီ ပြောသော်လည်း တစ်ခုခုကိုတော့ အမြဲစိုးရွံ့နေရပါသည်။

"ပိုး ... မင်း ကိုယ့်ကို ခွဲမသွားပါနဲ့နော်"





အဲဒီစကားကို ကြားရတိုင်း ပိုးလေးဟာ ခွေခံနဲ ပစ်လဲကျသွားအောင်ကို ဝမ်းနည်းသွားရပါသည်။ မိန်းမတွေကို အမေကာစလို့ မှန်းနေခဲ့တဲ့ သူ့အတွက် တစ်ခုတည်းသော အချစ်အိမ်လေးကို ပိုးလေးကလည်း တကယ်ကို မဖြိုဖျက်ရက်ပါ။ ဖြိုဖျက်ရဲလောက်တဲ့ သတ္တိလည်း မရှိပါ။ သူ မှန်းသွားမှာကို မလိုလွန်း၍ ဖြစ်ပါသည်။

တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် ဒူးထောက်ထားပြီးသားအတွက် ပုံအောစရာဆိုလို့ ဆတက်တံပိုးအချစ်တွေပဲ ဖြစ်ပါသည်။

"ကျွန်မ ကျော့်ကို သိပ်ချစ်ပါတယ်"

သူ့ရင်ခွင်ထဲကို တိုးဝင်ရင်း ပြောခဲ့တဲ့ စကားအတွက် ကိုယ့်ကိုယ်ကိုယ်တော့ မကျေနပ်နိုင်ပါ။ "ခွဲမသွားရက်ပါဘူး" ဆိုတဲ့ စကားကိုပြောဖို့ ဒီလောက်တောင် ဆွံ့အနေရသလား။

တစ်သက်လုံး အမုန်းတွေကြားမှာ ကြီးပြင်းရှင်သန်လာခဲ့ရတဲ့ သူ့အတွက် တစ်ဦးတည်းသော ချစ်စရာအဖြစ် သတ်မှတ်ထားရှာသော ပါးစပ်က "ပိုးကို သိပ်ချစ်တာပဲကွာ"ဆိုတဲ့ စကားတစ်ခွန်းကြားတိုင်း မာန့်ရဲ့မျက်နှာကို ပြေးပြေးမြင်ကာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကျခဲ့ရပေါင်းလည်း မနည်းတော့ပါ။ မာန့်ဆီက ပိုးလေး လုယူထားတာတွ အရမ်းများနေခဲ့ချေပြီ။

သူက ပိုးလေး ဘာကို ထိတ်လန့်စိုးရွံ့နေတယ် ဆိုတာကို ရိပ်မိသိရှိစွာဖြင့် ပိုးလေးရဲ့လက်ဖဝါးတစ်ဖက်ကို နူးညံ့စွာကိုင်မ၍ သူ့ရဲ့ပါးပြင်တစ်ဖက်နှင့် ထိထားစေပြီး ...

"ပိုးရယ် ... ကိုယ့်ကို အချစ်တစ်ခုပဲပေးပါ၊ ကိုယ် အရာအားလုံးကို ရဲရဲကြီးရင်ဆိုင်ရဲတယ်၊ ကိုယ့်အတွက် ပိုးသာ မရှိရင် ကိုယ် ဘယ်လိုမှ နေနိုင်မှာမဟုတ်ဘူး၊ ဒါပေမဲ့လေ တစ်ခါတလေ ကိုယ်တွေးမိတယ်၊ ကိုယ့်လို ပိုင်း ..."

ပိုးလေးက သူ ဘာပြောမယ်ဆိုတာ ကြိုသိနေကာ မကြားရဲတော့သဖြင့် သူ့နှုတ်ခမ်းကို လက်ဖြင့်ပိတ်လိုက်ပြီး ခေါင်းအသာယမ်းပြကာ သူ့မျက်လုံးတွေကို ငေးကြည့်လိုက်သည်။ သူ ပိုးလေးကို အရမ်းချစ်တယ် ဆိုတာကို မြင်နေရပါသည်။

ရှင့်စိတ်ထဲမှာ ရှင့်ရဲ့အတိတ်က ကိစ္စတွေကြောင့် ပိုးလေးက အထင်သေးသွားမှာကို စိတ်ပူစိုးရိမ်နေတာလား ကျော်။ ကျွန်မ အထင်မသေးပါဘူး ကျော်ရယ်။ ရှင်က လွတ်လွတ်လပ်လပ် စိုးရိမ်ခွင့်ရှိဗေမယ့် ကျွန်မကတော့ ...။





ပိုးလေးနဲ့ မာန့်ကြားက ပတ်သက်မှုတစ်ခုကို သူ့ကို မသိစေချင်ပါ။ သူ နာကျင်သွားမှာ၊ ဝမ်းနည်းသွားမှာကို စိုးလှပါသည်။

ကျော်ရယ် ... ကျွန်မတို့ မချစ်ခဲ့ကြရင် သိပ်ကောင်းမှာပဲ။ အခုတော့ ..."

"ကျွန်မကို ချစ်တယ်ဆိုရင် အဲဒီလိုမျိုး မပြောပါနဲ့နော်"

"ပိုးရယ် ... ကိုယ် သိပ်ချစ်တာပဲကွာ"

သူက ထားတိုက်ထိုင်လျက် အနေအထားမှ ပိုးရဲ့ ခါးကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ပွေ့ဖက်ထားကာ ပိုးလေးရဲ့ပါးပြင်ကို ခပ်ဖွဖွ နမ်းမွှေးသည်။ ပိုးလေးကို ချစ်တာထက် ပိုမြတ်နိုး တန်ဖိုးထားတဲ့ ဒီအမျိုးသားလေးရဲ့ ရင်ခွင်ထဲကနေ ဖြစ်နိုင်ရင် ဘယ်ကိုမှ မသွားချင်တော့ပါ။

သူ့ကိုချစ်လွန်းအားကြီးလို့လည်း အားလုံးကို မေ့ပစ်၍ ရူးရူးမိုက်မိုက်ကို ချစ်ခဲ့သည်။ သူ့အနမ်းတွေထဲမှာ ကြည်မွေ့နစ်မြောနေရတဲ့ ကောင်းကင်အိပ်မက်မှလည်း ဘယ်တော့မှ နိုးမထလာချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနမ်းတွေနဲ့ ဒီနေရာမှာတင် အရာအားလုံး အပြီးသတ်သွားပါစေတော့။

ကမ္ဘာကြီးရဲ့ တစ်နေရာမှာ သူနဲ့ ပိုး နှစ်ယောက်တည်း ကမ္ဘာတည်ထောင်ကာ အားလုံးကို မေ့ပစ်ချင်လှပြီ။

ချစ်သူသာရှိနေရင် မိုးကောင်းကင်ကိုတောင် စိန် ခေါ်ရဲသည့် သတ္တိခွန်အားတွေ ရှိနေပါသည်။ အဲဒါကို မိုက်တယ် လို့ ပြောရင်လည်း ပိုးကလေးဆိုသော မိန်းမဟာ အချစ်အတွက်နဲ့ မိုက်ရူးရဲဆန်ခဲ့ပါသည်။

❦ ○ ❦





သူဟာ ပိုးလေးအတွက် လိုတရနတ်သားလေးလို့ ဆိုရင် အကဲပိုလိုက်တာဟု ပြောကြပါဦးမည်။ သူဟာ တကယ်ပဲ ပိုးလေးအတွက် လိုတရစေခဲ့သော အစွမ်းသတ္တိ ရှိပါသည်။

ဆိုပါစို့ ... ပိုးလေးနဲ့သူဟာ ကော်ဖီဆိုင်သွားထိုင် တယ်ဆိုရင် နို့၊ သကြား အားလုံးကို အချိုးကျ ရောစပ်ဖျော်ပြီး နွေးနွေးလေး ဖြစ်သွားအောင် မှုတ်ပေးပြီးမှ ပိုးလေးကို ကော်ဖီ သောက်စေတာမျိုးဖြစ်သည်။

သူနှင့်အတူ game ဆော့ရင်းက ဇက်ကြောတွေ ညောင်းလာ၍ ပိုးလေးက ခေါင်းကို ဟိုဒီယမ်းကာ ချိုးလိုက်တာ နင့်ကို "ဟင် ... ပိုး ညောင်းနေပြီ၊ ကိုယ်နှိပ်ပေးမယ်"ဆိုပြီး ပိုးလေးရဲ့ ဇက်ကြောတွေ ပခုံးကြောတွေကို နှိပ်နယ်ပေးရုံသာ မက စေတနာတွေ ရေစီးကမ်းပြိုလိုက်ကာ နားထင်ကြောတွေ နဖူးကြောလေးတွေကိုပါ နှိပ်နယ်ပေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ရင်ခုန်စရာ အပြုအမူလေးတွေ၊ ကြင်နာခွေး ထွေးမှု ဂရုစိုက်ပုံလေးတွေ၊ သည်းသည်းလှုပ် ချစ်တတ်ပုံလေး တွေကြောင့် ပိုးလေးတစ်ယောက်ဟာ သူ့ရဲ့အချစ်နွံထဲမှာ လှုပ်လေ မြုပ်လေ ဖြစ်လာတော့သည်။

ပိုးလေးရဲ့ပခုံးပေါ် ခေါင်းမှီတင်ကာ မျက်လုံးလေး တွေ မှေးမှိတ်ထားပြီး အနားယူနေတဲ့ သူ့ရဲ့ပြုံးစစ မျက်နှာလေး ကို ပိုးလေးက တကယ်ပဲ အတိုင်းအဆမရှိ ချစ်မြတ်နိုးရပါသည်။

"ကိုယ့်ကို လက်ထပ်ကြရအောင်လား ပိုးလေးရယ်၊ ပိုးကို ကိုယ် ဘယ်လိုမှ မခွဲနိုင်တော့ဘူး၊ လက်ထပ်ရအောင် ... နော် ... နော်"

သူက ခပ်ချွဲချွဲလေသံဖြင့် ပိုးလေးရဲ့ခါးကို အနောက် ကနေ သိုင်းဖက်ကာ ပါးချင်းထိကပ်၍ တိုးတိုးလေး ဂျီကျသလို တောင်းဆိုလျှင် ပိုးလေးသည် ချွေးတွေပင်စို့လာကာ မျက်လုံးတွေ တောင် ပြာဝေလာရသည်။ ဒါပေမဲ့ သူ ကျေနပ်အောင်တော့ ပိုးလေးက အသာပြုံးပြ၍ သူ ယှက်သန်းထားတဲ့ လက်တွေကို ဆုပ်ကိုင်ကာ ...





"စောပါသေးတယ် ကော့်ရယ်၊ ကျွန်မ အိမ်ထောင်မပြုချင် သေးဘူး၊ ကျွန်မ ကော့်ကို ချစ်သူအနေနဲ့ပဲ လက်တွဲချင် သေးတယ်"

"ဟာ ... မရဘူးကွာ၊ ကိုယ် လက်ထပ်မယ် ပြောတိုင်း ပိုး အဲလိုပဲ ေလျှာ်လိုက်တယ်၊ အဲလိုကြီး မရက်စက်နဲ့ကွာ၊ နင် ငါ့ကို တကယ်ချစ်ရင် ဒီလိုထပ်ပြီး လုပ်ပါနဲ့၊ ဒါပေမဲ့ ချစ်ချင်တယ် ... အိမ်ထောင်ရှင်ကြီး ... ဖြစ်ချင်တယ်၊ ဒီ relationship ကိုပဲ ငါလေပြန်ပြီး အပြစ်တင်မယ် ... နော့ ... လက်ထပ်ပါဆို"

သူက ပိုးကလေးကို သူနှင့်မျက်နှာချင်းဆိုင် အနေ အထားလှည့်လိုက်ပြီး စိုင်းစိုင်းရဲ့သီချင်းတစ်ပိုင်းတစ်စကို ဆိုညည်း ပြပြီးနောက်မှာ သူ့နှုတ်ခမ်းနှင့် ပိုးလေးရဲ့နဖူးကို ထိတိုက်လေသည်။

အဲဒီနွံထဲက ကျွန်မ မရုန်းထွက်နိုင်ပါဘူး ကော့်ရယ်။

"ကျွန်မလည်း ကော့်ကို ချစ်တာပါပဲ၊ ဒါပေမဲ့ လက်ထပ် ဖို့ကိုတော့ အချိန်တစ်ခု စောင့်ပါဦးနော်၊ ကျွန်မက ချစ် တယ်ဆိုရင် ကျေနပ်ပါ ကော့်ရယ် ... နော်"

"အေးလေ ... ဒါပေမဲ့ အကြာကြီးတော့ မရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ပိုးလေးက ခေါင်းတစ်ချက် ညိတ်ပြလိုက်လျှင် သူက ကျေနပ်သွားစွာ ပိုးလေးကို ရင်ခွင်ထဲမှာ ထည့်သိမ်းထားလိုက်သည်။

ကျော့်ကို ကျွန်မရဲ့အချစ်တွေနဲ့ ငြိမ်းချမ်းစေချင်ပါတယ် ကျော့်ရယ်။

ဒါပေမဲ့ ...။

ပိုးလေးသည် သူ့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေး နေနေရင်းက မာန့်ရဲ့မျက်နှာကို မြင်ယောင်လာကာ ဆို့နင့်သွားရသည်။ အခုချိန်ထက်ထိ ကျော့်နှင့် ပတ်သက်လျှင် ရှုံးနေတုန်းဖြစ်သည့် မာန့်ကို "မေ့လိုက်ပါ ... မတွဲနဲ့တော့"တွေ အကြံပေးနေတဲ့ ပိုးလေး ကိုယ်တိုင်ကျတော့ ဒီယောကျ်ားရဲ့အချစ်ကမ္ဘာထဲကနေ ရုန်းမထွက်နိုင်သေးပါ။

ကိုယ့်အပေါ်မှာ အစ်မရင်းတစ်ယောက်လို သဘောထားကာ အားကိုးရှာသည့် မာန့်ရဲ့မျက်နှာကိုတစ်လှည့်၊ ကိုယ့်ကို မျက်စိအောက်က အပျောက်မခံဘဲ ယုယကြင်နာစွာ သည်းသည်းလှုပ် ချစ်နေရှာသည့် ကျော့်ရဲ့မျက်နှာကို တစ်လှည့် မြင်ယောင်ကာ ရိုက်ကြီးတငင် မငိုမိအောင် အထူးကြိုးစားနေရသည်။





တစ်သက်လုံး ချစ်ခြင်းမေတ္တာ ငတ်မွတ်ခဲ့ရတဲ့ ပိုးလေးအဖို့ ဒီတစ်ခါရတဲ့ ချစ်ခြင်းမေတ္တာဟာ တစ်သက်စာ ဖူလုံသွားနိုင်လောက်သည့်အထိ အစွမ်းရှိပါသည်။

ပြတ်သားရပါလိမ့်မည်။

ကျော့်အတွက် ...။

မာန့်အတွက် ...။

ပြတ်သားစွာ ဆုံးဖြတ်ဖို့ အချိန်ရောက်လာချေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ပိုးလေးသည် မာန့်ရဲ့အခန်းတံခါးကို ဖွင့်ဝင်လိုက်လျှင်တော့ နွမ်းလျစွာ ထိုင်နေသည့် မာန့်ရဲ့မျက်နှာလေးကို တွေ့ရလေသည်။

မာန် အဲဒီလို ခံစားနေတာကို စိတ်မကောင်းပါ။ မာန့်ရဲ့အဆွေးဖီလင်တွကို အပြတ်ဖြတ်ပေးဖို့ အချိန်တန်လေပြီ။

"မာန် ... မမ စကားပြောချင်လို့"

"ဟုတ် ... မမ ပြောပါ"

ပိုးလေးသည် အချစ်ကြီးတဲ့သူတစ်ယောက် ကျွမ်းရှစွာ မုန်းသွားဖို့အတွက် နောက်ဆုံးနည်းလမ်းကို ထုတ်သုံးခဲ့ရတာ





ဖြစ်ပါသည်။ ပိုးလေးသည် မာန့်ရဲ့လက်ထဲသို့ ခာတ်ပုံတွေနှင့် စာတစ်စောင်ကို ပေးလိုက်ပြီး ...

"ကြည့်လိုက်ပါ မာန်၊ ကျော်စူးရှ ဆိုတာ အဲဒီလိုကောင်စားမျိုးပါ"

မာန်က မကေရီနှင့် ကျော်စူးရှတို့ တွဲခုတ်ထားတဲ့ ခာတ်ပုံနှင့် ဖြတ်စာကို ဖတ်ပြီးသွားလျှင် အံ့အားသင့်စိတ်ကြောင့် မျက်ရည်တွေ ရစ်သိုင်းလာကာ ...

"မမ ... ဒါ ... ဒါတွေက ..."

"ကျော်စူးရှက ဘယ်လိုလူစားမျိုးဆိုတာ မာန် ဒီပုံတွေနဲ့ ဒီစာကိုကြည့်ရင် ခန့်မှန်းလို့ ရမှာပါ၊ သူက ပိုင်းလုံးပါ မာန်၊ မာန် ဘယ်သူလဲ ဆိုတာကို သူ သိနေလို့ မာန့်ဆီကို အကွက်ကျကျ ချဉ်းကပ်ခဲ့တာ၊ မာန့်ကို သူ အဆက်အသွယ် ဖြတ်တယ်ဆိုတာကလည်း လောလောဆယ် မာန့်ထက်ကြီးတဲ့ ခွင်တစ်ခုကို သူ တွေ့ထားလို့ မာန့်ကို ခဏ ဖြတ်ထားတာ ...

သူ ဘယ်တုန်းကမှ မာန့်ကို မချစ်ခဲ့ဖူးဘူး"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မာန်က မျက်ရည်တွေ ရစ်သိုင်းလာခဲ့သည်။ စိတ်နာပါ၊ မုန်းပါ မာန်။ အဲဒါ မင်း ကောင်းစေချင်တဲ့ဆန္ဒနဲ့ တို့ လုပ်ကြံဖန်တီးခဲ့ရတာပါ။ မကေရီကို အကူအညီတောင်းပြီ ဒီ ဓာတ်ပုံတွေနဲ့ စာကိုယူကာ မာန့်ကို ပြခဲ့တာဖြစ်သည်။

ပိုးလေးက ကျော်စူးရှက်ကိုလည်း ဖုန်းဆက်ထားပြီးသား။ မာန်ရဲ့ထင်မြင်ချက်ကို အတည်ပြုပေးလိုက်ပါ။ ဘာလို့လဲ ဆိုတာကို အဲဒီနေ့ကျရင် ပြောပြပါ့မယ်လို့ ကြိုကာထားတာဖြစ်သည်။ ပိုးလေးရဲ့ဆန္ဒကို ဖြည့်ဆည်းပေးတဲ့သူက ဘာမှမသိရှာဘဲ လက်ခံခဲ့သည်။

ခွင့်လွှတ်ပါ ကျော်။ ကျွန်မ ရှင့်ကို အရမ်းချစ်ခဲ့တာပါ။

"မာန် သူ့ဆီက အတည်ပြု ဝန်ခံစကားတော့ လိုချင်တယ်၊ ဒီအချက်တွေကို စုံစမ်းပေးတဲ့ မမကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မာန် သူ့ပါးစပ်က ပြောတာကို ကြားချင်သေးတယ်"

"မမ ဖြစ်အောင် စီစဉ်ပေးပါ့မယ် မာန်၊ ဒါပေမဲ့ သူ ဝန်ခံသွားပြီ ဆိုရင်တော့ မာန် အခုလိုမျိုး မှိုင်တွေမနေရတော့ဘူး၊ ဟိုးအရင်က မာန့်ရဲ့ပုံစံအတိုင်း တက်ကြွစွာ နေမယ် ဆိုမှ မမ စီစဉ်ပေးမယ်"





မာန်က ဓာတ်ပုံတွေကို တစ်ချက်ကြည့်ကာ စီးဆင်းနေတဲ့ မျက်ရည်တွေကို ခပ်ကြမ်းကြမ်း ပွတ်သုတ်၍ ...

"စိတ်ချပါ မမ၊ သူ မာန့်ကို တကယ်ပဲ ပိုင်းဖို့အတွက် ချဉ်းကပ်ခဲ့တာ ဆိုရင်တော့ မာန် သူ့ကို တစ်ဘဝလုံးစာ ခါးခါးသီးသီး မုန်းနေမှာပါ၊ မာန့်ရဲ့အရင်ပုံစံလည်း ပြန်ဖြစ်စေရပါ့မယ်"

"အဲဒါဆို မနက်ဖြန် ချိန်းလိုက်မယ်နော်"

မာန်က ခေါင်းညိတ်ပြလိုက်သည်။ ပိုးလေးသည် မာန့်ရဲ့ နာကြည်းချက်လွှမ်း မျက်ဝန်းတွေကို ငေးစိုက်ကြည့်ကာ ကိုယ့်နှလုံးသား တစ်ခုလုံးလည်း နွမ်းလျကြေကွဲလို့ သွားရပါသည်။

မနက်ဖြန် ... မနက်ဖြန်။

မနက်ဖြန်မှာ ပိုးလေးရဲ့နှလုံးသားကို ကိုယ်ကိုယ်တိုင် ဓားနဲ့ရက်ရက်စက်စက် ထိုးသတ်ခဲ့ရတော့မှာ ဖြစ်သည်။

အမုန်းကမ်းရိုးတန်းတစ်လျှောက်မှာ ကိုယ်ရပ်နေပေမယ့် ရင်ခုန်သံတွေကတော့ လှိုင်းကြီးနေဆဲပါ ချစ်သူ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



မာန်နှင့် ကျော့်ကို ကန်တော်ကြီးမှာချိန်းကာ စကားဆိုစေခဲ့ပြီး ပိုးလေးကတော့ သူတို့နှင့် မလှမ်းမကမ်းနေရာမှာ ပုန်းကာ အဲဒီမြင်ကွင်းကို ငေးကြည့်နေတာဖြစ်သည်။ စိတ်လှုပ်ရှားမှုတွေ များနေသည့် မာန့်ကို Taxi နှင့် လာခိုင်းတာဖြစ်ပြီး ပိုးလေးဟာ သူမအနီးမှာရှိနေတယ် ဆိုတာကိုတော့ မသိစေရပါ။

ကျော့်ကိုတော့ စကားလုအောင်သုံးကာ ပိုးလေးနှင့် ကျော် ချစ်သူတွေ ဖြစ်နေတယ်ဆိုတဲ့ အကြောင်းကိုတော့ လုံးဝ ဖွင့်မပြောခဲ့ပါ။

ချစ်ရတဲ့ ကျော့်ဟာ ပိုးလေးရဲ့သဘောဆန္ဒအတိုင်း ဟန်ဆောင်ကောင်းပြခဲ့တာ ဖြစ်ပါသည်။





"မာန် ... မင်း ကိုယ့်ကို ဘာကိစ္စ တွေ့ချင်တယ်ဆိုတာ ကိုယ် ပိုးကလေး ပြောထားလို့ သိပြီးပြီ၊ မင်းလိုချင်တဲ့ အတည်ပြုချက်ကို ကိုယ် ပြောပြလိုက်ပါ့မယ် ...

ဟုတ်တယ် ... မေလင်းမာန်၊ မင်းကို ကိုယ် ဘယ်တုန်းကမှ မချစ်ခဲ့ဖူးဘူး၊ မင်းနဲ့ ရည်းစားဖြစ်သွားတဲ့အထိ အားလုံးကို ကိုယ်သေချာအကွက်ချပြီး စီစဉ်ခဲ့တာ၊ မင်းက ဦးလင်းမာန်ရဲ့သမီးဖြစ်တဲ့အချက်က ကိုယ့်အတွက် စိတ်အဝင်စားဆုံး အချက်ပါ ...

ဒါပေမဲ့ မင်းထက်လန်းတဲ့ ခွင်တစ်ခုကြောင့် မင်းကို ကိုယ် ခဏဖြတ်ထားတုန်း ကိုယ့်အကြောင်းတွေ မင်းသိသွားတာ မင်း ကံကောင်းပါတယ်"

အဲဒီစကားတွေ ကြားတဲ့အခါမှာ မာန်ခဲ့ တုန်လှုပ်ချောက်ချားစွာဖြင့် သူ့ကို နာကြည်းစွာကြည့်ကာ ...

"ရှင့်ကို သိပ်မုန်းတယ် ကျော်စူးရှ၊ ကျွန်မရဲ့အချစ်တွေနဲ့ မတိုက်တန်တဲ့လူ"

တကယ်လည်း မင်းနဲ့ မထိုက်တန်တဲ့သူမို့ တို့ ဒီလိုလုပ်ရတာပါ မာန်။ မင်း တစ်နေ့ နားလည်လာမှာပါ။ မာန်က သူ့ကို ခါးသီးမုန်းတီးစွာကြည့်ကာ ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတစ်ခုကတော့ ပြီးပြတ်သွားချေပြီ။

မာန့်စိတ်တွေ အရင်လို ပြန်ဖြစ်လာပုံက သိပ်မခက်တော့ပါ။ ကဲ ... ပိုးလေးရဲ့အလှည့်ပဲ ကျန်တော့သည်။ ပိုးလေးသည် သူ့ရှိတာကို လျှောက်လှမ်းလာကာ သူ့နာမည်ကို ခပ်တိုးတိုး ခေါ်မိလေသည်။

“ကျော် ... ကျွန်မ ရောက်ပြီ”

ကျော်က သူမကိုမြင်လျှင် ကြည်နူးချမ်းမြေ့သွားသည့် မျက်ဝန်းတို့ဖြင့်ကြည့်ကာ သူမပခုံးကို ခပ်ဖွဖွ ဆုပ်ကိုင်၍ ...

“ဟူး ... ဇယားတစ်ခုတော့ ပြီးပြတ်သွားပြီ ...

ဒါနဲ့ နေပါဦး၊ မေလင်းမာန်နဲ့ ပိုးက ဘယ်လိုများ ပတ်သက်နေကြတာလဲဟင်”

အဲဒီအဖြေကို ဖြေချင်လွန်းလို့ ကျွန်မ ဒီကိုလာခဲ့တာကျော်။ ကျွန်မကို မကြင်နာချင်တော့မယ့် စကားတွေပြောဖို့ ဒီနေ့ တွေ့ရတာပါ ချစ်သူ။

ပိုးလေးသည် မျက်နှာအနေအထားကို အမာကျောဆုံး ပြင်ဆင်လိုက်ကာ ...





“သူနဲ့ ကျွန်မနဲ့ ပတ်သက်မှုကို မပြောခင် ကျွန်မမိဘတွေ နာမည်ကို ကျော် အရင်နားထောင်ကြည့်လိုက်ပါ ...

ကျွန်မ မေမေက ဟိုတစ်ခါ မိတ်ဆက်ပေးပြီးသားပါ ဒေါ်ပိုးရွှေဝါလေ၊ ကျွန်မ ဖေဖေက ဦးလင်းမာန်၊ တိတိကျကျ ပြောရရင်တော့ မာန်ထရိတ်ဒင်းရဲ့ CEO ဦးလင်းမာန်ပါ”

သူ့ရဲ့မျက်နှာဟာ တစ်မျိုးဖြစ်သွားကာ ပိုးလေးကို အံ့ဩစိတ်နဲ့ ကြည့်နေပြီး ...

“ဒါဆိုရင် မာန်နဲ့ ပိုးက ...”

“ဟုတ်တယ်၊ ကျွန်မတို့က ညီအစ်မတွေပါ၊ အဖေတူ အမေကွဲ၊ ဒါပေမဲ့ အခုတော့ တစ်အိမ်တည်း တူတူနေတယ်”

သူက ပိုးလေးရဲ့မျက်ဝန်းတွေကို ဟုတ်ရဲ့လားဆိုပြီ မေးခွန်းထုတ်သည့်အနေဖြင့် ငဲ့ကြည့်ပါသည်။ ဟုတ်တယ် ကျော်။ အခြေအနေတစ်ခု ပြောင်းလဲပြီး ထိုးစစ်ဆင်လိုက်ရတဲ့ ကျွန်မကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့။

ကျွန်မ ရှင့်ကို လက်တွဲဖို့ သတ္တိမရှိဘူး။

“ကဲပါ ... အဲဒါတွေက အရေးကြီးတာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



သူက စကားလွှဲချင်လို့ ပြောင်းပြောလိုက်တယ်ဆိုတာ ပိုးလေး ရိပ်မိပါသည်။ ဒီနေ့ပဲ ပြီးကြပါစို့လား ကျော်ရယ်။ ကျွန်မ ဒီ့ထက်ပိုပြီး မခံစားနိုင်တော့ဘူး။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကျွန်မတို့အတွက် ပန်းတိုင်ဆိုတာ မရှိဘူး။

"ကျွန်မတို့လည်း နောက်ထပ်တွေ့စရာ အကြောင်းမရှိတော့ဘူး"

သူဟာ ထပ်ဆင့် အံ့ဩသွားကာ ခက်ထန်မာကျောသွားပြီး ...

"ဘာ ... ဘာပြောတယ်၊ အဲဒါ ကိုယ်တို့ လမ်းခွဲစို့ဆိုတဲ့ အဓိပ္ပာယ်လား ပိုး"

"ဟုတ်တယ်၊ မာန့်ကိစ္စ ပြီးပြတ်သွားပြီလေ၊ ကျွန်မတို့ တွဲဖို့မလိုတော့ပါဘူး"

သူ့မျက်နှာဟာ အဲဒီစကားကြောင့် အရမ်းကို တုန်လှုပ်ချောက်ချားသွားကာ ပိုးရဲ့ပခုံးတွေကို ခပ်ကြမ်းကြမ်း လှုပ်ခါရင်း အထစ်ထစ် အငေါ့ငေါ့ လေသံဖြင့် ...

"ပိုး ... ကိုယ့်ကို အဲဒီလို လာမလုပ်နဲ့၊ မင်း ကိုယ့်ကို သိပ်ချစ်ပါတယ်၊ ကိုယ်တို့ ချစ်ခဲ့တာတွေ ပြန်စဉ်းစားပါဦး၊



BURMESE CLASSIC .com



ကိုယ်တို့ ... ကိုယ်တို့ လက်ထပ်ဖို့ထိကို ချစ်ခဲ့တာလေကွာ"

အဲဒီလို ချစ်ခဲ့လို့လည်း အခုလို နာကျင်နေရတာပေါ့ ကျော်ရယ်။ ဒါပေမဲ့ ကျော့်ဆီကရခဲ့တဲ့ အချစ်တွေနဲ့ တစ်ဘဝလုံးစာ ဖူလုံသွားခဲ့ပါပြီ။ ကျွန်မကို မုန်းပါ။ ကျွန်မလည်း ရှင့်ကို ချစ်သလောက် မုန်းနေတယ်။

ရှင် တစ်သက်လုံး နာကြည်းနိုင်ဖို့ ကျွန်မ စကားတစ်ခွန်း ပြောခဲ့ပေးပါ့မယ်။ အဲဒါ အမုန်တရားဆိုတာ ရှင် သိပါစေ။

"ချစ်ခဲ့ပါတယ်၊ ဒါပေမဲ့ လက်ထပ်ဖို့တော့ မဟုတ်ဘူး၊ ဘဝမှာ ချစ်ခြင်းနဲ့ လက်ထပ်ခြင်း တစ်ထပ်တည်း မကျနိုင်ဘူး၊ ကျွန်မဘဝထဲကို ကျော့်ကို ခေါ်ဖို့ဆိုတာ ဘယ့်လိုမှ မဖြစ်နိုင်ဘူး ...

ရှင့်လို ပိုင်းလုံးတစ်ယောက်ကို လက်ထပ်ပြီး ကျွန်မ အသိုင်းအဝန်းကြားထဲမှာ မျက်နှာပြောင်တိုက်နေရဲတဲ့သတ္တိ ကျွန်မမှာ မရှိဘူး ...

ရှင့်လိုယောက်ျားကို ကျွန်မ ဘယ်တော့မှ လက်မထပ်ဘူး၊ ကျွန်မအတွက် ဂုဏ်သိက္ခာက အရေးကြီးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်မနဲ့ မာန်ကြားမှာ ရှင်လိုလူတစ်ယောက်အတွက်နဲ့ ပဋိပက္ခ အဖြစ်မခံနိုင်ဘူး၊ ကျွန်မ ကျော့်ကိုတော့ တကယ်ချစ်တာပါ”

အဲဒီစကားအဆုံးမှာ သူဟာ မျက်ရည်တွေ ရစ်သိုင်းခိုလာကာ ကြေကွဲနေသည့် မျက်ဝန်းတွေဖြင့် ပိုးလေးကို ကြည့်ကာ...

“ကိုယ် နားလည်လိုက်ပြီ ပိုး၊ မင်း မှန်ပါတယ်၊ မိန်းမတစ်ယောက်အတွက် လက်ထပ်ခြင်းဆိုတာ အရေးကြီးဆုံးပါပဲ၊ သူ့ခင်ပွန်းသည်က ကြီးကျယ်မြင့်မြတ်နေမှ ဖြစ်မှာပေါ့၊ ကိုယ်လိုလူဟာ မင်းအတွက် ဘာမှမဟုတ်ဘူး”

ဟင့်အင်း ... ကျော်ရယ်။ ကျွန်မ မျှော်လင့်တာက ကျွန်မရဲ့ဆုံးဖြတ်ချက်အတွက် ရှင် ပေါက်ကွဲနာကြည်းပစ်ရမှာ။ အဲဒီလိုမျိုး နားလည်မပေးပါနဲ့။

ကျွန်မ တစ်သက်လုံး နာကျင်ရအောင် မရက်စက်ပါနဲ့။

ကျော် အရမ်းခံစားနေရတယ်ဆိုတာ သူမ သိပါသည်။ ပိုးလေးဟာ ဒီဆုံးဖြတ်ချက်ကို အကြိမ်ကြိမ် စဉ်းစားပြီးမှ ချခဲ့တာဖြစ်သည်။





အတ္တကြီးတယ်ပဲပြောပြော မာနကြီးတယ်ပဲဆိုဆို ပိုးလေး သူ့ကို ဘယ်တော့မှ လက်ထပ်မှာမဟုတ်။ ဒီလိုယောကျ်ားမျိုးကို မိုက်မိုက်ကန်းကန်း ချစ်ရဲပေမယ့် လက်မထပ်ရဲပါ။

ကျွန်မလည်း သေမတတ် ခံစားနေရပါတယ် ကျော်။

“မင်း သွားတော့ ပိုး၊ ကိုယ့်ကို ကျောခိုင်းသွားပါ၊ ကိုယ်လည်း တစ်သက်မှာ တစ်ခါပဲ ချစ်ခဲ့ဖူးတဲ့ မင်းကို ချစ်တာနဲ့ထပ်တူ မုန်းနေဦးမယ် ...

မင်းကိုချစ်နေသရွေ့ ရင်ခုန်နေမယ်၊ ဒါပေမဲ့ ခါးခါးသီးသီးကို မုန်းနေမယ်”

ပိုးလေးသည် မျက်ရည်မကျအောင် အံကြိတ်တင်းခံကာ နောက်ဆုံးအနေဖြင့် သူ့မျက်နှာလေးကို ငေးကြည့်ကာ လှည့်ထွက်သွားလျှင် သူက ပိုးလေးရဲ့လက်ကို လှမ်းဆွဲလိုက်၍ လှည့်ပြန်ကြည့်လိုက်လျှင် မျက်ရည်တွေ ရစ်သိုင်းနေသည့် သူ့မျက်နှာသည် ပိုးလေးရဲ့မျက်နှာအနီးသို့ တိုးကပ်လာကာ ပိုးလေးရဲ့နဖူးကို ဖိနမ်းလိုက်ပြီးနောက် သူ ကိုင်ထားတဲ့ လက်ကိုပါ လွှတ်ပေးလိုက်ကာ ...

“မင်းကို ကိုယ် ချစ်သလောက် မုန်းနေပါ့မယ်၊ သွားတော့ ပိုး”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ချစ်တာနဲ့ထပ်တူ မုန်းနေဦးမှာပါ"

ပိုးလေးက ကျောခိုင်း လှည့်ထွက်သွားရင်တော့ သူ့မျက်ရည်တွေ ကျလာခဲ့ပါသည်။ မင်း မုန်တယ် ပိုးရယ်။ ကိုယ်က မင်းနဲ့ မထိုက်တန်တဲ့လူပါ။

ကိုယ့်ရဲ့အမုန်းကမ်းရိုးတန်းတစ်လျှောက်မှာ ရင်ခုန်သံတွေ လှိုင်းကြီးနေပေမယ့်လည်း ...။

ဘယ်အချိန်ပဲဖြစ်ဖြစ် သူတို့နှစ်ယောက်ဟာ ချစ်နေကြမှာပဲဖြစ်သည်။

သူက ပိုပြီး အချစ်ကြီးတယ်ဆိုတဲ့ အကြောင်းကို သူမ သိအောင် ပြောပြချင်ပါသေးသည်။

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

4:30 A.M

22nd August 2010 (Wed)

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) မေ့မစ်န္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com